ကြေးမုံ
The Mirror Daily
၁၉၅၇ ဇူလိုင် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလ ရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွနေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)

၁၃၇၉ ခုနှစ် တပေါင်းလပြည့်ကျော် ၅ ရက်၊ အင်္ဂါနေ့။ Tuesday 6 March 2018 ၉၂၂၀

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဥရောပသမဂ္ဂ၏ လူ့အခွင့်အရေးဆိုင်ရာ အထူးကိုယ်စားလှယ်တို့ မြန်မာ-ဥရောပသမဂ္ဂ လူ့အခွင့်အရေး ကာကွယ်မြှင့်တင်ရေးနှင့် ရခိုင်ပြည်နယ်အရေးကိစ္စများ ဆွေးနွေး

**နေပြည်တော် မတ် ၅**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် စတုတ္ထအကြိမ်မြောက် မြန်မာ-အီးယူ လူ့အခွင့်အရေး ဆွေးနွေးပွဲသို့ တက်ရောက်ရန် ရောက်ရှိနေသည့် ဥရောပသမဂ္ဂ၏ လူ့အခွင့်အရေးဆိုင်ရာ အထူးကိုယ်စားလှယ် Mr. Stavros Lambrinidis ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၉ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ဥရောပသမဂ္ဂအကြား လူ့အခွင့်အရေးဆိုင်ရာ ကာကွယ်မြှင့်တင်ရေး ကဏ္ဍတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်ရေးနှင့် ရခိုင်ပြည်နယ်အရေးကိစ္စများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# သီလဝါအထူးစီးပွားရေးဇုန် ဇုန် (B) ၌ ရင်းနှီးမြှုပ်နှံမှုများ စတင်

## ဇုန်တစ်ခုလုံး လုပ်ငန်းတိုးချဲ့ဆောင်ရွက်ပါက အလုပ်အကိုင်ပေါင်း ၅၀၀၀၀ နီးပါး ပေးအပ်နိုင်မည်




**ရန်ကုန် မတ် ၅**

မြန်မာနိုင်ငံတွင် အကောင်အထည်ဖော်နေသည့် အထူးစီးပွားရေးဇုန်တစ်ခုဖြစ်သည့် သီလဝါအထူးစီးပွားရေးဇုန်စီမံကိန်း ဇုန်(B) ၏ ဒုတိယအဆင့်ကို စတင်အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှု အလားအလာကောင်းများရှိနေကြောင်း သိရသည်။

Myanmar-Japan Thilawa Development Ltd(MJTD)အနေဖြင့် သီလဝါစီးပွားရေး ဇုန်(B) အကောင်အထည်ဖော်ဆောင်ရွက်မှု ဒုတိယအဆင့်ကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာလကပင် ဆောက်လုပ်ရေးလုပ်ငန်းများ စတင်နေပြီဖြစ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်မည့် ဧရိယာမှာ ၆၆ ဒသမ ၄၄ ဟက်တာဖြစ်ကာ ယင်းအဆင့်ကို ၂၀၁၉ ခုနှစ် မေလတွင် ဆောက်လုပ်ပြီးစီးရန် လျာထားကြောင်း သိရသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့**

KBZ BANK
STRENGTH OF MYANMAR
'BEST BANK IN MYANMAR'
Awarded by FinanceAsia 2017

ကြေးမုံ

# သဘာဝဘေးကို အစဉ်အမြဲသတိပြု

ယခုနှစ်နွေရာသီကာလတွင် ဖြစ်ပေါ်နေကြ မီးလောင်မှုများမှာ နိုင်ငံတစ်ဝန်းတွင် ခပ်စိပ်စိပ်ဖြစ်ပွားလာသည်ကို တွေ့ရသည်။ ယမန်နေ့က စစ်ကိုင်းမြို့နယ်၊ မိုးကောင်းမြို့နယ်၊ ကျောက်ဖြူမြို့နယ်၊ မိုင်းတုံမြို့နယ်၊ နတ္တလင်းမြို့နယ်၊ တာချီလိတ်မြို့နယ်နှင့် ရေစကြိုမြို့နယ်တို့တွင် မီးလောင်မှုဖြစ်ပွားခဲ့ပြီး မီးလောင်ခြင်း အကြောင်းရင်းမှာ လျှပ်စစ်မီး၊ မီးဖို၊ မီးကွင်းမီးကျန်နှင့် ပေါ့ဆမှုတို့ကြောင့် ဖြစ်ပွားခဲ့သည်ကို တွေ့ရသည်။

ထိုနေ့မီးလောင်မှုများတွင် မီးလောင်မှုအများစုကို အချိန်မီငြိမ်းသတ်နိုင်ခဲ့သော်လည်း ရေစကြိုမြို့နယ် သစ်ကြီးတောကျေးရွာတွင် မီးဖို မီးကွင်းမီးကျန်မှတစ်ဆင့် မီးလောင်ကျွမ်းမှုကိုမူ အချိန်မီငြိမ်းသတ်ခြင်းမပြုနိုင်သဖြင့် ရွာလုံးကျွတ်နီးပါး မီးလောင်ကျွမ်းခဲ့သည်ကို စိတ်မချမ်းမြေ့ဖွယ်ကြားသိရသည်။ အဆိုပါရွာရှိ နေအိမ်တစ်အိမ်ရှိ မီးဖိုမီးကွင်းမီးကျန်မှ စတင်လောင်ကျွမ်းခြင်းဖြစ်ပြီး မီးစတင်လောင်စဉ် လေတိုက်နှုန်းမြင့်မားခြင်း၊ လူနေအိမ်များ စိပ်ခြင်း၊ မီးငြိမ်းသတ်ပေးမည့် ရေစကြိုမြို့ မီးသတ်စခန်းနှင့် မိုင် ၂၀ ခန့်ကွာဝေးခြင်းတို့ကြောင့် မီးကို အချိန်မီ ထိန်းသိမ်းနိုင်ခြင်းမရှိဘဲ နေအိမ်အမြောက်အမြား မီးလောင်ကျွမ်းသွားခြင်းဖြစ်သည်။

လက်ရှိအချိန် နွေရာသီကာလမှာ ပူပြင်းခြောက်သွေ့လျက်ရှိပြီး လေတိုက်နှုန်းမှာလည်း မြင့်မားသော အချိန်ကာလဖြစ်၍ လူနေအိမ်စိပ်သည့် ကျေးလက်တောရွာများတွင် မီးလောင်မှုဖြစ်ပွားသောအခါ မီးကိုအချိန်မီ ထိန်းသိမ်းနိုင်စွမ်းမရှိချေ။ မျက်မှောက်အချိန်ကာလတွင် စိုက်ရေးပျိုးရေးပြီးဆုံးပြီးနောက် ကောက်ပဲသီးနှံများကို ရိတ်သိမ်းပြီး မိမိတို့ကျေးရွာများတွင် သိမ်းဆည်းထားသော ကာလဖြစ်သည်။ ထို့အပြင် ကျောင်းသားလူငယ်များ စာမေးပွဲဖြေဆိုမည့် ကာလလည်းဖြစ်၍ မီးလောင်မှု မဖြစ်ပွားစေရေး အထူးဂရုစိုက်ရမည့် အချိန်ဖြစ်သည်။ ကျေးလက်တွင်သာမက မြို့ပြဒေသများတွင်လည်း မီးလောင်မှုမဖြစ်အောင် အထူးဂရုစိုက်ရမည့် ကာလဖြစ်သည်။

မီးလောင်မှုမဖြစ်ပွားအောင် လျှပ်စစ်မီးမှ အပူလွန်ကဲမှု၊ မနိုင်ဝန်ဖြစ်မှု၊ မလိုအပ်ဘဲသုံးစွဲမှု စသည်တို့မရှိစေရေး၊ ထင်းမီး၊ လောင်စာမီးကို အသုံးပြုသည့် မီးဖိုတို့မှ မီးကွင်းမီးကျန်မရှိရေး၊ မီးလောင်စေတတ်သော လောင်စာဆီများ၊ လုပ်ငန်းသုံး၊ လူသုံးပစ္စည်းများအား အန္တရာယ်ကင်းအောင် စနစ်တကျထားရှိရေး၊ ကျေးလက်တောရွာများတွင် ဆေးလိပ်မီးနှင့် နေအပူရှိန်ပြင်းထန်မှုကြောင့် မီးလောင်စေတတ်သော ကောက်ရိုးခြောက်များ၊ မြက်ခြောက်၊ သစ်ရွက်ခြောက်များ မရှိစေရေး စသည်တို့ကို သတိပြု၍ကြိုတင်ရှင်းလင်းထားရမည်ဖြစ်သည်။

မီးလောင်မှုဖြစ်ပွားလျှင် အလွယ်တကူ မီးငြိမ်းသတ်နိုင်ရန်အတွက် မီးသတ်စခန်းမှ မီးသတ်ယာဉ်များ အလွယ်တကူ ဝင်ထွက်သွားလာနိုင်အောင် လမ်းများပိတ်ဆို့မှုမရှိစေရေး၊ ယာဉ်များအလွယ်တကူ ဝင်ထွက်သွားလာနိုင်ရေး၊ မြို့ပြများတွင် ယာဉ်များပိတ်ဆို့မှုရှိနေပါက မီးသတ်ယာဉ်များ အလွယ်တကူမောင်းနှင်နိုင်ရေး၊ မီးသတ်ယာဉ်များ ရောက်ရှိနိုင်ရန် မလွယ်ကူလျှင်ဖြစ်စေ၊ အလှမ်းဝေးကွာလျှင်ဖြစ်စေ ကြိုတင်မီးငြိမ်းသတ်နိုင်ရေးအတွက် ရပ်ရွာများနှင့် လုပ်ငန်းဌာနများမှ အရန်မီးသတ်အဖွဲ့များ စုဖွဲ့ထားရေး၊ မီးသတ်ရေလှောင်ကန်များ၊ မီးသတ်ဆေးဘူးများ၊ မီးချိတ်၊ မီးကပ်၊ သဲအိတ်များကို အသင့်ပြင်ဆင်ထားရှိရေး စသည်ဖြင့် အဘက်ဘက်က ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားသင့်သည်။

ယခုအချိန် နွေရာသီကာလ၌ သဘာဝဘေးဖြစ်သည့် မီးဘေးအန္တရာယ်ကိုသာမက ရေဘေး၊ လေဘေး၊ ငလျင်ဘေးတို့ကိုပါ ကြိုတင်သတိထားရမည့် အချိန်အခါဖြစ်ပါသည်။ ယမန်နေ့က ဖားကန့်မြို့နယ်တွင် အချိန်အခါမဟုတ် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခြင်း၊ မိုးသီးကြွေခြင်းတို့ကြောင့် လူနေအိမ်များ ပျက်စီးသွားသည်ကို တွေ့ရပါသည်။ ယခုအခါ အထက်မြန်မာပြည်တွင် မိုးရွာသွန်းနိုင်ကြောင်းနှင့် လေပြင်းများတိုက်ခိုက်နိုင်ကြောင်း မိုးလေဝသဌာနမှ ကြိုတင်အသိပေးထားသဖြင့် မဖြစ်မီက သဘာဝဘေးအတွက် ကြိုတင်ပြင်ဆင်ထားရမည် ဖြစ်သည်။

သို့ဖြစ်ရာ နွေရာသီကာလတွင် ဖြစ်ပေါ်တတ်သော သဘာဝဘေးများအား ရှောင်ရှားနိုင်ရန်အတွက် ပြုဖွယ်ကိစ္စများကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားဖို့ လိုအပ်ပါသည်။ အထူးသဖြင့် မီးဘေးအန္တရာယ်မှာ နွေဦးကာလတွင်ပင် ထူးကဲစွာဖြစ်ပေါ်လာသဖြင့် ပြည်သူများ စည်းစိမ်ဥစ္စာများ မဆုံးရှုံးစေရေးအတွက် ကြိုတင်သတိမူ ပြုမူလုပ်ကိုင်ကြရန် တိုက်တွန်းအပ်ပါသည်။ ။

## ရေးမြို့၌ မြန်မာ့ရိုးရာမုန့်စားပွဲတော် ကျင်းပ

**ရေး မတ် ၅**

မွန်ပြည်နယ် ရေးမြို့ ပြည်သူ့ရင်ပြင်၌ မတ် ၄ ရက် ညနေ ၃ နာရီက ဓမ္မစကူးလ်သင်တန်းဆင်းပွဲနှင့် မြန်မာ့ရိုးရာမုန့်စားပွဲတော်ကို ကျင်းပခဲ့ကြောင်း သိရသည်။



ယခုလို ကျင်းပခြင်းသည် တတိယအကြိမ်ဖြစ်ပြီး ပြည်သူအများနှင့် ဘာသာရေး၊ လူမှုရေးအသင်းအဖွဲ့ဝင်များက မြန်မာ့ရိုးရာမုန့်အမျိုးအမည် ၁၀၀ ခန့်ကို ဓမ္မစကူးလ် သင်တန်းဆင်းကျောင်းသား ကျောင်းသူများသာမက လာရောက်ကြသည့် ပရိသတ်များကိုပါ စတုဒိသာအဖြစ် ကျွေးမွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

သင်တန်းဆင်းပွဲတွင် သင်တန်းဆင်းလက်မှတ်နဲ့ ဆရာ ဆရာမများ ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခြင်း ကဗျာ၊ ပုံပြင် ကျပန်းစကားပြောပြိုင်ပွဲ ဆုပေးခြင်းစသဖြင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူတို့ကလည်း မြန်မာ့ရိုးရာ ယဉ်ကျေးမှုအကပဒေသာ ယိမ်းအကများဖြင့် ကပြဖျော်ဖြေခဲ့ရာ မိဘပြည်သူ ၁၅၀၀၀ နီးပါးခန့် လာရောက် အားပေးခဲ့ကြကြောင်း သိရသည်။

**ထွန်းထွန်း (ရေး)**

## နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယအကြိမ် စုပေါင်းရှင်ပြု

**ဟိုပင် မတ် ၅**

ကချင်ပြည်နယ် ဟိုပင်မြို့ရှိ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးတိုးတက်ရေး သင်တန်းကျောင်း (ဟိုပင်)ရှိ ကျောင်းသား ၈၀ အား စုပေါင်းရှင်ပြုပွဲကို မတ် ၄ ရက် နံနက် ၉ နာရီက အဆိုပါကျောင်းရှိ ခန်းမ၌ ဒုတိယအကြိမ် ပြုလုပ်သည်။

စုပေါင်းရှင်ပြုပွဲကို ပင့်ဖိတ်ထားသော ဆရာတော်ကြီးများက နမောတဿ သုံးကြိမ်ရွတ်ဆိုကာ ကျောင်းအုပ်ဆရာကြီး ဦးဆိုင်းရားထိန်းနှင့် ဆရာ ဆရာမများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များက ဖွင့်လှစ်ခဲ့သည်။

နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းကို နယ်စပ်ရေးရာဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် ၁-၆-၂၀၁၆တွင် စတင်ဖွင့်လှစ်ခဲ့သည်။ ကျောင်းသား ကျောင်းသူ အားလုံးကို နိုင်ငံတော်စရိတ်ဖြင့် အခမဲ့သင်ပေးသော ကျောင်းဖြစ်သည်။ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် ပဌမတန်းမှ စတင်ကာ ကျောင်းသား ၈၀ လက်ခံပြီး ပညာသင်ပေးကာ ဗုဒ္ဓဘာသာဝင်တို့အတိုင်း ရှင်ပြုအလှူပေးခဲ့သည်။

"၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ကျောင်းသားအပြင် ကျောင်းသူ ၈၀ ပါ တိုးချဲ့လက်ခံကာ စုစုပေါင်း ၁၆၀ ကို ပညာသင်ပေးရင်း ဒုတိယအကြိမ် ရှင်ပြုပွဲလုပ်ဖြစ်တာပါ၊ ကျောင်းသား ၈၀ က ကိုရင်ဝတ်ပြီး ကျောင်းသူ ၈၀ က ယောဂီဝတ်ကြတယ်၊ အားလုံးကို ဆယ်ရက်အကြာ ခွင့်ပြုပေးထားတယ်၊ ဒီဆယ်ရက်ပြည့်ရင် အားလုံးကို လေ့လာရေးခရီးအဖြစ် အင်းတော်ကြီးဒေသကို လိုက်ပို့ဖို့စီစဉ်ထားပါတယ်" ဟု ကျောင်းအုပ်ဆရာကြီး ဦးဆိုင်းရားထိန်းက ပြောပြသည်။

ပညာရေးနှင့် လေ့ကျင့်ရေး သင်တန်းကျောင်းတွင် ကျောင်းတက်၍ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးပါက စစ်ကိုင်းနှင့် ရန်ကုန်မြို့ကြီးများရှိ ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်ကို လေးနှစ် ဆက်တက်ခွင့်ရသလို အမှတ်ကောင်းလျှင် မဟာတန်း ဆက်လက်သင်ယူခွင့်ရှိကြောင်း သိရသည်။

**EPN**

## မီးဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေများ ပေးအပ်လျက်ရှိ

**ပခုက္ကူ မတ် ၅**

ရေစကြိုမြို့နယ် သစ်ကြီးတောကျေးရွာရှိ မီးဘေးသင့်ခဲ့သော ပြည်သူများအား မတ် ၄ ရက် ညနေ ၆ နာရီက ထောက်ပံ့ငွေများပေးအပ်ပွဲကို သစ်ကြီးတောကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ကျင်းပသည်။

ရှေးဦးစွာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ကိုကိုနိုင်က မီးဘေးသင့်ပြည်သူများအား အားပေးစကားပြောကြားပြီး အိမ်ဆောက်ပစ္စည်းဖိုး ငွေကျပ် ၁၈၉ သိန်း၊ မီးဘေးသင့်ပြည်သူ ၉၀၀ အတွက် နှစ်ပတ်စာ ရိက္ခာဖိုးငွေ ၃၇၈၀၀၀၀ ကျပ်နှင့် ပစ္စည်း ကိုးမျိုးပါ သေတ္တာများကို မီးဘေးသင့်အိမ်ထောင်စုများထံ ပေးအပ်သည်။

အလားတူ ပခုက္ကူမြို့ ဟိုတယ်ရိုးမပိုင်ရှင် ဦးနန်းလှိုင်၊ ဒေါ်ဝါဝါကျော်မိသားစုနှင့် ပခုက္ကူရိုးမဖောင်ဒေးရှင်းတို့က ငွေကျပ် သိန်း ၆၀၊ မြိုင်မြို့နယ် လက်ယက်မကျေးရွာနေ ဦးကျော်ဝင်း၊ ဒေါ်မိုးမိုးခိုင်မိသားစုက ငွေကျပ် ၁၇ သိန်းအား ပေးအပ်လှူဒါန်းကြရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များဖြစ်သည့် ဦးတင်သောင်းနှင့် ဦးမင်းဟန်တို့က လက်ခံရယူကြသည်။ ဆက်လက်၍ ပခုက္ကူရိုးမဖောင်ဒေးရှင်းနှင့် မိတ်ဆွေသူငယ်ချင်းများ၊ ပခုက္ကူလူငယ်ကွန်ရက်တို့က မီးဘေးသင့်ရာတွင်ပါဝင်သော တက္ကသိုလ်ဝင်တန်းဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအတွက် စာရေးကိရိယာများ၊ အခြားအထောက်အကူပြုပစ္စည်းများနှင့် သစ်ကြီးတော အထက(ခွဲ)ကျောင်းတွင် တက္ကသိုလ်ဝင်တန်းတက်ရောက်လျက်ရှိသည့် ကျောင်းသား ကျောင်းသူ ၃၇ ဦးအတွက် တစ်ဦးလျှင် ငွေကျပ် နှစ်သောင်းနှုန်း ထောက်ပံ့ပေးအပ်ခဲ့သည်။

မီးဘေးသင့်ပြည်သူများအား ဒေသအသီးသီးမှ စေတနာရှင်၊ အလှူရှင်များက လာရောက်လှူဒါန်းလျက်ရှိပြီး အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဖုန်းမြတ်နှင့် နယ်မြေခံတပ်မှ တာဝန်ရှိသူတို့က ဆန် ၁၆၀ အိတ်၊ ကြက်ဥ ၂၁၀၀၊ ရေသန့် ကတ် ၄၀၀နှင့် ခေါက်ဆွဲခြောက် ခြောက်ဖာတို့ကို လာရောက်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**ကိုဇော်(ခာတု)**

## ASEAN-Korea Centre (AKC) က ကြီးမှူးကျင်းပမည့် Seoul International Seafood Show 2018 တွင် ပါဝင်နိုင်

**နေပြည်တော် မတ် ၅**

အာဆီယံ-ကိုရီးယားစင်တာ (AKC)က ကြီးမှူး၍ ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ COEX Hall အဆောက်အအုံ၌ မေ ၉ ရက်မှ ၁၁ ရက်အထိ Seoul International Seafood Show 2018 ကို ကျင်းပမည် ဖြစ်သည်။ အဆိုပါပြပွဲတွင် အာဆီယံနိုင်ငံများမှ ကုမ္ပဏီ ၅၀ ခန့်နှင့် ကိုရီးယားနိုင်ငံမှ စားသောက်ကုန်လုပ်ငန်းများအပြင် စားသောက်ကုန်ထုတ်လုပ်သည့် စက်ပစ္စည်းများလည်း ခင်းကျင်းပြသမည်ဖြစ်သည်။ ပြပွဲတွင် Finfish: live/refrigerated/ forzen fish, etc., Shellfish: live/ refrigerated/ frozen shellfish, etc., Processed Seafood: sliced/ seasoned/ salted/ dried/ grilled/ smoked seafood, fish cake, surimi, seaweed, seafood snack, canned seafood, sauce, food additives, etc. တို့ ပါဝင်ပြသနိုင်မည်ဖြစ်သည်။

ပြပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ အာဆီယံနိုင်ငံများမှ ရေထွက်ပစ္စည်းများအား ကိုရီးယားဈေးကွက်သို့ ဝင်ရောက်နိုင်စေရန်၊ နှစ်နိုင်ငံကုန်သွယ်မှု တိုးတက်စေရန်နှင့် ကိုရီးယားနိုင်ငံ၏ အစားအသောက် ဈေးကွက်ပုံစံ၊ လုပ်ထုံးလုပ်နည်း၊ စံချိန်စံညွှန်းများကို သိရှိစေရန်ဖြစ်သည်။

သို့ပါ၍ အဆိုပါပြပွဲသို့ ပါဝင်ပြသရန် စိတ်ပါဝင်စားမှုရှိပါက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ မြန်မာကုန်သွယ်မှုဗဟိုဌာန အမှတ်(၂၂၈/၂၄၀) ဒုတိယထပ် ကမ်းနားလမ်းနှင့် ရွှေဘုံသာလမ်းထောင့် ဖုန်း ၀၁-၂၅၄၀၂၄၊ Email-itpic.moc@gmail.com သို့ ဆက်သွယ်၍ စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း

**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း

**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ဇွန် ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# စတုတ္ထအကြိမ်မြောက် မြန်မာ-အီးယူ လူ့အခွင့်အရေးဆိုင်ရာ ဆွေးနွေးပွဲကျင်းပ




**နေပြည်တော် မတ် ၅**

စတုတ္ထအကြိမ်မြောက် မြန်မာ-အီးယူ လူ့အခွင့်အရေးဆိုင်ရာဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ ကျင်းပသည်။**(ယာပုံ)**

ဆွေးနွေးပွဲတွင် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် ဥရောပသမဂ္ဂ၏ လူ့အခွင့်အရေးဆိုင်ရာ အထူးကိုယ်စားလှယ် Mr. Stavros Lambrinidis တို့က ပူးတွဲသဘာပတိများအဖြစ် ဆောင်ရွက်ကြသည်။

ဆွေးနွေးပွဲသို့ မြန်မာဘက်မှ သက်ဆိုင်ရာဝန်ကြီးဌာနများမှ အဆင့်မြင့်အရာရှိကြီးများ၊ အီးယူဘက်မှ မြန်မာနိုင်ငံဆိုင်ရာ အီးယူသံအမတ်ကြီး Mr. Kristian Schmidt အပါအဝင် အဆင့်မြင့်အရာရှိကြီးများနှင့် ရန်ကုန်မြို့ရှိ အီးယူအဖွဲ့ဝင်နိုင်ငံ သံရုံးအချို့တို့မှ သံတမန်များ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များဖြစ်သော အလုပ်သမားအခွင့်အရေး၊ ရခိုင်ပြည်နယ်အရေးကိစ္စ၊ လွတ်လပ်စွာထုတ်ဖော်ပြောကြားခွင့်၊ အခြေခံလူမှုရေးဆိုင်ရာ အခွင့်အလမ်းများရရှိရေး၊ ကျား၊ မ ခွဲခြားမှုကိစ္စရပ်များ၊ လူကုန်ကူးမှုနှင့် ဆက်စပ်အသုံးချခံရမှုကိစ္စရပ်များ၊ အီးယူအဖွဲ့ဝင်နိုင်ငံများရှိ လူနည်းစုများ၏ အခွင့်အရေးများ၊ ဘာသာရေးဆိုင်ရာသည်းမခံမှုများနှင့် အမုန်းတရားလှုံ့ဆော်မှုများ ကာကွယ်တားဆီးခြင်းဆိုင်ရာ ကိစ္စရပ်များ၊ ကုလသမဂ္ဂမျက်နှာစာတွင် လူ့အခွင့်အရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ အပါအဝင် မြန်မာနိုင်ငံမှ လူ့အခွင့်အရေးဆိုင်ရာ စာချုပ်များသို့ ဝင်ရောက်မှုနှင့် စာချုပ်များအား အကောင်အထည်ဖော်မှု အခြေအနေ၊ အီးယူနိုင်ငံများရှိ ဒုက္ခသည်များ၊ ရွှေ့ပြောင်းသူများနှင့် တိုင်းရင်းသားလူနည်းစုတို့၏ အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ကျင့်ဝတ်နှင့်ညီသော စာနယ်ဇင်းသမားများ ပေါ်ထွန်းလာစေရေး ကျွမ်းကျင်မှုသင်တန်းများ ပို့ချပေးရေးကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် မတ် ၅**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းသည် Internews Network မှ Country Director မိုက်ကယ်ပန်နှင့် ယနေ့ မွန်းလွဲ ၂ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် Internews Network တို့အကြား ရေးထိုးထားသည့် အပြန်အလှန် နားလည်မှုစာချွန်လွှာ(MoU)နှင့်ပတ်သက်၍ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ Internews Network အနေဖြင့် ယူနက်စကိုနှင့် ပူးပေါင်း၍ တောင်သူလယ်သမားများနှင့် ကျေးလက်ပြည်သူများအတွက် လိုအပ်သည့် သိသင့်သိထိုက်သော အချက်အလက်များအား ပညာပေးနေမှု အခြေအနေ၊ ရုပ်သံလွှင့်မီဒီယာဥပဒေကို ပြင်ဆင်ရေးဆွဲဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ Peace Journalism နှင့်ပတ်သက်၍ ဆောင်ရွက်ရန်ရှိသည်များ၊ တိုင်းရင်းသားမီဒီယာဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ကျင့်ဝတ်နှင့်ညီသော Professional စာနယ်ဇင်းသမားများ ပေါ်ထွန်းလာစေရေးအတွက် ကျွမ်းကျင်မှုသင်တန်းများ ပို့ချပေးရေးကိစ္စရပ်များနှင့် ရှေ့ဆက်ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

**○ ရှေ့ဖုံးမှ**

သီလဝါ အထူးစီးပွားရေးဇုန်(A)နှင့် ဇုန်(B) Phase 1 အပါအဝင်တွင် ကုမ္ပဏီပေါင်း ၉၀ ခန့် လာရောက်ရင်းနှီးမြှုပ်နှံ လုပ်ကိုင်လျက်ရှိပြီး လာရောက်လုပ်ကိုင်လိုသော ကုမ္ပဏီများ၊ စက်ရုံများအား ဖိတ်ခေါ်ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ၏ အလုပ်အကိုင်အခွင့်အလမ်းကို ဖန်တီးပေးပြီး ပတ်ဝန်းကျင်ကို မထိခိုက်စေသည့်လုပ်ငန်းမျိုးကို ဦးစားပေးဖိတ်ခေါ်ကာ ခွင့်ပြုပေးလျက်ရှိကြောင်း Myanmar-Japan Thilawa Development Ltd(MJTD) မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

သီလဝါ အထူးစီးပွားရေးဇုန်၏ ဇုန်(A) ဆောင်ရွက်မှုအပြီး ဇုန်(B) ဆက်လက်ဆောင်ရွက်မှုကို ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလက စတင်ခဲ့ပြီး ပထမအဆင့်စီမံကိန်း ဧရိယာ ဟက်တာ ၁၀၀ ခန့်တွင် အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်ပြီး အခြေခံအဆောက်အအုံပိုင်းဆိုင်ရာ ဆောင်ရွက်မှုမှာ ၂၀၁၈ ခုနှစ် ဩဂုတ်လတွင် ပြီးစီးမည်ဟု သိရသည်။ လက်ရှိ အဆိုပါ ဇုန်(B)၏ ပထမအဆင့် အကောင်အထည်ဖော်မှု ဧရိယာတွင် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှု ကုမ္ပဏီများအား မြေငှားရမ်းမှု ထက်ဝက်ခန့် ဆောင်ရွက်ပြီးဖြစ်ကြောင်း Myanmar-Japan Thilawa Development Ltd(MJTD)မှ သိရသည်။

ပြီးခဲ့သည့် မတ် ၁ ရက်က အဆိုပါ သီလဝါ အထူးစီးပွားရေးဇုန် ဇုန်(B)တွင် ပထမဆုံး ရင်းနှီးမြှုပ်နှံမည့် JFE MERANTI Myanmar ကုမ္ပဏီလီမိတက်၏ JFE Steel Corporation စက်ရုံ မြေသန့် ပန္နက်တင်ဆောင်ရွက်ခဲ့ပြီး ယခုနှစ်အတွင်းတွင် ယင်းစက်ရုံကို စတင်တည်ဆောက်သွားမည်ဖြစ်သည်။ ၂၀၂၀ ပြည့်နှစ်တွင် ယင်းစက်ရုံ စီမံကိန်းပြီးစီးမည်ဖြစ်ပြီး မြန်မာနိုင်ငံသား ပညာရှင်များနှင့် အလုပ်သမား ၃၀၀ ခန့် အလုပ်အကိုင်အခွင့်အလမ်း ရရှိမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါကုမ္ပဏီသည် ဂျပန်နိုင်ငံရှိ စတီးလ်နှင့်ပတ်သက်သော ကုမ္ပဏီများအနက် ဒုတိယအကြီးဆုံး ကုမ္ပဏီတစ်ခုဖြစ်ပြီး လက်ရှိ သီလဝါအထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံထားသော ကုမ္ပဏီများအနက် ရင်းနှီးမြှုပ်နှံမှုပမာဏ အများဆုံး ကုမ္ပဏီတစ်ခုဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် သီလဝါ အထူးစီးပွားရေးဇုန် အနေဖြင့် အိမ်နီးချင်းနိုင်ငံများရှိ စီးပွားရေးဇုန်များနှင့် နှိုင်းယှဉ်ပါက အောင်မြင်မှုရရှိသည်ဟု ဆိုနိုင်သော အထူးစီးပွားရေးဇုန်တစ်ခုတွင်ပါဝင်နေပြီး ဇုန်(B)ကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နေကာ အခြေခံအဆောက်အအုံလုပ်ငန်းပိုင်းဆိုင်ရာ ဆောင်ရွက်မှုများမှာ ၂၀၁၈ ခုနှစ်အတွင်းတွင်လည်းကောင်း၊ ဒုတိယအဆင့်မှာ ၂၀၁၉ ခုနှစ်အတွင်းတွင်လည်းကောင်း ပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိအနေအထားအရ သီလဝါ အထူးစီးပွားရေးဇုန် တစ်ခုလုံးတွင် ဝန်ထမ်းအင်အား ၄၀၀၀ မှ ၅၀၀၀ နီးပါး အလုပ်လုပ်ကိုင်နေပြီး အမှန်တကယ် လုပ်ငန်းတိုးချဲ့မှုများ ထပ်မံဆောင်ရွက်မည်ဆိုပါက အလုပ်အကိုင်ပေါင်း ၃၀၀၀၀ မှ ၅၀၀၀၀ အထိ ပေးအပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

သီလဝါ အထူးစီးပွားရေးဇုန်၏ ဇုန်(A)ကို ၂၀၁၄ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ပြီး သီလဝါအထူးစီးပွားရေးဇုန် ရင်းနှီးမြှုပ်နှံမှုပါမစ်ကို စတင်ထုတ်ပေးခဲ့သည်။ ၂၀၁၅ ခုနှစ် စက်တင်ဘာလတွင် ဇုန်(A)၌ လုပ်ငန်းလည်ပတ်မှုများ စတင်ဆောင်ရွက်ခဲ့ပြီး ဇုန်(A)သည် ဟက်တာ ၄၀၀ ခန့် ကုမ္ပဏီပေါင်း ၇၉ ခုခန့် လည်ပတ်လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။ ဆက်လက်၍ ယခုနှစ်အတွင်း ဇုန်(B) ၏ အခြေခံအဆောက်အအုံပိုင်းဆိုင်ရာ လုပ်ငန်းများကို စတင်ဆောင်ရွက်လျက်ရှိပြီး ဇုန်(A) နှင့် ဇုန်(B) နှစ်ခုပေါင်းတွင် ကုမ္ပဏီပေါင်း ၈၄ ခုခန့် လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။ သီလဝါ အထူးစီးပွားရေးဇုန်ကို မြန်မာအစိုးရဘက်မှ ၅၁ ရာခိုင်နှုန်း၊ ဂျပန်အစိုးရဘက်မှ ၄၉ ရာခိုင်နှုန်း၊ မြန်မာအစိုးရဘက်တွင် အများပိုင်ကုမ္ပဏီနှင့် အများပြည်သူတစ်ဦးချင်းတို့၏ ထည့်ဝင်မှုများလည်းပါဝင်ပြီး ဂျပန်အစိုးရဘက်တွင် ဂျပန်အစိုးရကိုယ်စား ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA)၊ ဂျပန်ကုမ္ပဏီများ ပါဝင်ကြကြောင်း သိရသည်။ အဆိုပါ သီလဝါ အထူးစီးပွားရေးဇုန်၏ အခြေခံအဆောက်အအုံပိုင်းဆိုင်ရာဖြစ်သော လျှပ်စစ်၊ လမ်း၊ ရေပေးဝေမှု၊ ရေစွန့်ပစ်မှု စသည်တို့ကို Myanmar-Japan Thilawa Development Ltd(MJTD) က ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**ဝဝ၁**

# ကျန်းမာရေးဆိုင်ရာ စံပြုအချက်အလက်များကို တိုင်းရင်းသားဘာသာများသို့ ပြန်ဆိုနိုင်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် မတ် ၅**

ကျန်းမာရေးဆိုင်ရာ စံပြုအချက်အလက်များကို တိုင်းရင်းသားဘာသာများသို့ ပြန်ဆိုနိုင်ရေး တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များနှင့် အလုပ်ရုံဆွေးနွေးပွဲကို ယနေ့တွင် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနတို့ ပူးပေါင်းကျင်းပသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် တိုင်းဒေသကြီး၊ ပြည်နယ်ရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ဝင်များကို တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနနှင့် ချိတ်ဆက်၍ ဘာသာပြန်ဆိုနိုင်ရန်၊ ကျန်းမာရေးအသိပညာမြှင့်တင်ရေးဆိုင်ရာ ရှေ့လုပ်ငန်းစဉ်များအတွက် အကြံပြုချက်များရယူနိုင်ရန် စသည့်ရည်ရွယ်ချက်များနှင့် အလုပ်ရုံဆွေးနွေးပွဲကို လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲကို မတ် ၅ ရက်နှင့် ၆ ရက်တို့တွင် နှစ်ရက်တာကျင်းပသွားမည်ဖြစ်ပြီး တစ်နိုင်ငံလုံးတစ်ပြေးညီ စံထားအသုံးပြုနိုင်ရေးအတွက် ကျန်းမာရေးဆိုင်ရာ စံပြုအချက်အလက်များစာအုပ်(Standardized Health Message Book)ကို ၂၀၁၇ ခုနှစ် စက်တင်ဘာလတွင် ပြုစုခဲ့ပြီး ဗဟိုအဆင့် Standardized Health Message Book မိတ်ဆက်ခြင်းအခမ်းအနားကို ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၂၃ ရက်တွင် နေပြည်တော်ရှိ MICC-2 ၌ ကျင်းပခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

**စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် မိုးထစ်ချုန်း ရွာနိုင်သည်။**

ကြေးမုံ



# အီတလီအထွေထွေရွေးကောက်ပွဲတွင် လက်ယာယိမ်းညွန့်ပေါင်းအဖွဲ့ ဦးဆောင်နေ




**ရောမ မတ် ၅**

အီတလီနိုင်ငံ၏ မီဒီယာလုပ်ငန်းရှင် သူဌေးကြီးလည်းဖြစ်၊ နိုင်ငံရေးသမားတစ်ဦးလည်းဖြစ်သူ ဆီဗီယိုဘာလူစကွန်နီ၏ လက်ယာယိမ်းညွန့်ပေါင်းအဖွဲ့သည် အထွေထွေရွေးကောက်ပွဲ၌ အောင်ပွဲခံရန် တာစူလျက်ရှိကြောင်း၊ သို့ရာတွင် ညွန့်ပေါင်းအဖွဲ့သည် ပါလီမန်၌ အမတ်နေရာ အများစုကိုမူ ရနိုင်ဖွယ်မရှိကြောင်း၊ ရွေးကောက်ပွဲတွင် မဲပေးသူများအပေါ် အခြေခံသော စစ်တမ်းများအရ သိရှိရသည်။

မတ် ၄ ရက်တွင် ကျင်းပသည့် ရွေးကောက်ပွဲတွင် လက်ယာစွန်းရောက်နှင့် သာမန်ပြည်သူများ၏ အကျိုးစီးပွားများကို အလေးပေးသော ပါတီများ ရေပန်းစားလျက်ရှိသည်။

ဝန်ကြီးချုပ်ရာထူးတာဝန်တွင် သုံးကြိမ်တိုင်တိုင် တာဝန်ထမ်းဆောင်ခဲ့သူ ဘာလူစကွန်နီသည် အခွန်ဆိုင်ရာ မသမာမှုပြုလုပ်ခြင်းအတွက် ပြစ်ဒဏ်စီရင်ချက် ချမှတ်ခံထားရသဖြင့် ရွေးချယ်တင်မြှောက်ခံ ရာထူးကို ရယူနိုင်မည်မဟုတ်ပေ။

ရွေးကောက်ပွဲ၌ ဘာလူစကွန်နီ၏ လေးပါတီ ညွန့်ပေါင်းအဖွဲ့က မဲအရေအတွက်၏ ၃၁ ရာခိုင်နှုန်းမှ ၄၁ ရာခိုင်နှုန်းအကြား ရရှိမည်ဟု မျှော်လင့်ရသည်။ ရွေးကောက်ပွဲတွင် ကြယ်ငါးပွင့်လှုပ်ရှားမှုအဖွဲ့ အမည်ရှိ နိုင်ငံရေးပါတီက မဲအရေအတွက်၏ ၂၉ ရာခိုင်နှုန်းမှ ၃၂ ရာခိုင်နှုန်းအထိ ရရှိနိုင်ဖွယ်ရှိကြောင်း ပြည်သူပိုင်ရုပ်မြင်သံကြား၌ာနက ပြုလုပ်သော စစ်တမ်းတစ်ရပ်တွင် ဖော်ပြထားသည်။

ယခုကျင်းပသော ရွေးကောက်ပွဲတွင် သာမန်ပြည်သူ အကျိုးစီးပွားကို ဦးထိပ်ပန်ဆင်သော နိုင်ငံရေးသမားများ၊ ဥရောပသမဂ္ဂ(အီးယူ) ဆန့်ကျင်ရေး နိုင်ငံရေးအင်အားစုများ ရေပန်းစားလာနေကြောင်း စစ်တမ်းတွင် ဖော်ပြသည်။ **ပီတီအိုင်။**

## ဗီယက်နမ်စစ်ပွဲ ပြီးဆုံးပြီးနောက် ပထမဆုံးအကြိမ်အဖြစ် အမေရိကန်လေယာဉ်တင်သင်္ဘောတစ်စင်း ဗီယက်နမ်သို့ ရောက်ရှိ

**ဒါနန်း မတ် ၅**

ပိုင်နက်နယ်မြေဆိုင်ရာ အငြင်းပွားမှုများရှိနေသည့် တောင်တရုတ်ပင်လယ်ဒေသအတွင်း၌ တရုတ်နိုင်ငံ၏ အင်အားတည်ဆောက်မှုနှင့် ရင်ဆိုင်နေရသည့် ရန်သူဟောင်း ဗီယက်နမ်နိုင်ငံနှင့် စစ်ရေးအရ ပူးပေါင်းဆောင်ရွက်မှုကို အထောက်အပံ့ပြုစေရန် အမေရိကန်ရေတပ်မှ လေယာဉ်တင်သင်္ဘောတစ်စင်းသည် ဗီယက်နမ်စစ်ပွဲပြီးဆုံးပြီးကတည်းက ပထမဆုံးအကြိမ်အဖြစ် ဒါနန်းမြို့သို့ မတ် ၅ ရက်တွင် ရောက်ရှိလာကြောင်း ပီတီအိုင်သတင်းတွင် ဖော်ပြသည်။

အမေရိကန်ရေတပ်မှ လေယာဉ်တင်သင်္ဘောကြီး ယူအက်စ်အက်စ် ကားလ်ဗင်ဆင်သည် ဗီယက်နမ်နိုင်ငံအလယ်ပိုင်း ဒါနန်းမြို့ ဆိပ်ကမ်းတွင် လေးရက်ကြာခရီးတစ်ထောက်နားဆိုက်ကပ်ခြင်း ထူးကဲသော အထိမ်းအမှတ်ခရီးလည်းဖြစ်သည်။

တရုတ်နိုင်ငံအနေဖြင့် စစ်ဘက်ဆိုင်ရာ စခန်းများတည်ဆောက်တပ်ဆင်နိုင်သည့် လူလုပ်ကျွန်းများ တည်ဆောက်မှုကို စဉ်ဆက်မပြတ် လုပ်ဆောင်နေမှုများကြောင့် ဗီယက်နမ်နှင့် အခြားသော ပိုင်နက်နယ်မြေပိုင်ဆိုင်ခွင့် တောင်းဆိုသူများအနေဖြင့် စိတ်ရှုပ်ထွေးမှုရှိနေပြီး တင်းမာမှုများ ဆက်လက်ဖြစ်ပေါ်နေသည့် တောင်တရုတ်ပင်လယ်ဒေသတွင်း၌ အမေရိကန်ရေတပ်လေယာဉ်တင်သင်္ဘောကြီး၏ ဗီယက်နမ်ခရီးစဉ် ရုတ်တရက်ထွက်ပေါ်လာခြင်းဖြစ်သည်။



အမေရိကန်ပြည်ထောင်စုသည် သဘာဝသယံဇာတကြွယ်ဝသည့် အဆိုပါရေပြင်ဒေသတွင်း၌ ပိုင်နက်နယ်မြေတောင်းဆိုခြင်းမရှိဘဲ ၎င်းအနေဖြင့် ပင်လယ်ရေကြောင်းသွားလာပိုင်ခွင့်ကိုသာ ကာလရှည်စွာတောင်းဆိုနေပြီး ၎င်းရေပြင်ဒေသတွင်း၌ တရုတ်နိုင်ငံ၏ ဩဇာဖြန့်ကြက်မှု မြင့်မားလာခြင်းအပေါ် တန်ပြန်နိုင်ရေးကို လုပ်ဆောင်နေခြင်းဖြစ်သည်။

အမေရိကန်လေယာဉ်တင်သင်္ဘောကြီး ဗီယက်နမ်တွင် ခရီးတစ်ထောက် ရပ်နားခြင်းသည် လွန်ခဲ့သည့်လအတွင်းက ဖိလစ်ပိုင်သို့ အမေရိကန်လေယာဉ်တင်သင်္ဘောသွားရောက်ပြီးနောက် ဖြစ်ပေါ်လာခြင်းဖြစ်ပြီး ယင်းမှာ အာရှဒေသအတွင်း၌ အမေရိကန်၏ စစ်ရေးအင်အား ပြသမှုရရှိရေးအတွက် အခွင့်အရေးတစ်ရပ်ဖြစ်ကြောင်း ခွဲခြမ်းစိတ်ဖြာလေ့လာသူများက ပြောကြားသည်။ **ပီတီအိုင်။**

## သံမဏိသွင်းကုန်အပေါ် ကြီးလေးစွာ အခွန်ကောက်မှု အီးယူက လက်တုံ့ပြန်ရန် ဂျာမနီ တိုက်တွန်း

**ဝါရှင်တန် မတ် ၅**

သံမဏိနှင့် အလူမီနီယံသွင်းကုန်များအပေါ် ကုန်သွယ်ခွန် အမြောက်အမြား ကောက်ယူမည်ဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ဆုံးဖြတ်လိုက်ခြင်းနှင့် ပတ်သက်၍ ဥရောပသမဂ္ဂ (အီးယူ)က ပြတ်ပြတ်သားသား တုံ့ပြန်သွားရန် ဂျာမနီနိုင်ငံခြားရေးဝန်ကြီး ဆစ်ဂမာ ဂါဘရီယယ်က တိုက်တွန်းလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မတ် ၅ ရက်တွင် သတင်းထုတ်ပြန်သည်။

သံမဏိသွင်းကုန်အပေါ် ၂၅ ရာခိုင်နှုန်း၊ အလူမီနီယံသွင်းကုန်အပေါ် ၁၀ ရာခိုင်နှုန်း အခွန်ကောက်ယူမည်ဆိုသော သမ္မတထရန့်၏ ဆုံးဖြတ်ချက်ကို ယခုရက်သတ္တပတ်အတွင်း လက်မှတ်ရေးထိုးထုတ်ပြန်မည်ဖြစ်သည်။

အဆိုပါ အခွန်ကောက်ယူမှုသည် အချိန်ကာလကြာရှည်စွာ တည်နေမည်ဟုလည်း သမ္မတထရန့်က ပြောကြားသည်။

အမေရိကန်ပြည်ထောင်စုက တရုတ်နိုင်ငံကို ပစ်မှတ်ထားကာ သံမဏိနှင့် အလူမီနီယံ သွင်းကုန်များအပေါ် ကြီးလေးစွာ အခွန်ကောက်ယူမှုဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။ **ကျိုဒို။**

## တရုတ်နိုင်ငံ၏ ကာကွယ်ရေးအသုံးစရိတ် ၈ ဒသမ ၁ ရာခိုင်နှုန်း တိုးမြှင့်မည်

**ပေကျင်း မတ် ၅**

တရုတ်နိုင်ငံ၏ ကာကွယ်ရေးဘတ်ဂျက်သည် ယခင်နှစ်က ခုနစ်ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၁၈ ခုနှစ်တွင် ၈ ဒသမ ၁ ရာခိုင်နှုန်းသို့ တိုးမြှင့်မည်ဖြစ်ကြောင်း အမျိုးသား ပြည်သူ့ကွန်ဂရက်သို့ မတ် ၅ ရက်တွင် တင်သွင်းသည့် ဘဏ္ဍာရေးအစီရင်ခံစာ၌ ဖော်ပြထားသည်။

၂၀၁၈ ခုနှစ် ကာကွယ်ရေးဘတ်ဂျက်သည် ယွမ် ၁ ဒသမ ၁၁ ထရီလီယံ (အမေရိကန်ဒေါ်လာ ၁၇၅ ဘီလီယံ) ရှိမည်ဖြစ်ကြောင်း မတ် ၅ ရက် နံနက်ပိုင်းက စတင်သော (၁၃)ကြိမ်မြောက် အမျိုးသားပြည်သူ့ကွန်ဂရက် ပထမအကြိမ် အစည်းအဝေး မကျင်းပမီ မီဒီယာများရရှိခဲ့သည့် အစီရင်ခံစာအရ သိရသည်။

တရုတ်နိုင်ငံ၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှု (ဂျီဒီပီ)နှင့် အမျိုးသားဘဏ္ဍာရေးအသုံးစရိတ်တို့နှင့် နှိုင်းယှဉ်ပါက ကာကွယ်ရေးဘတ်ဂျက်သည် အခြားနိုင်ငံကြီးများမှာထက် ပမာဏနည်းပါးကြောင်း (၁၃)ကြိမ်မြောက် အမျိုးသားပြည်သူ့ကွန်ဂရက် နှစ်ပတ်လည် အစည်းအဝေးပြောခွင့်ရပုဂ္ဂိုလ် ကျန်းရဲဆွေ့က မတ် ၄ ရက်က ပြောကြားသည်။

မိမိတို့နိုင်ငံ၏ စစ်ဘက်ဆိုင်ရာ အသုံးစရိတ်သည် အခြားနိုင်ငံကြီးများနှင့် နှိုင်းယှဉ်လျှင်ပိုမိုလျော့နည်းကြောင်း ကျန်းက ပြောကြားသည်။

ကာကွယ်ရေးဘတ်ဂျက်သည် လွန်ခဲ့သည့် နှစ်နှစ်တာကာလနှင့် နှိုင်းယှဉ်လျှင် အနည်းငယ်မျှ ပိုမိုမြင့်တက်လာသော်လည်း ဘတ်ဂျက်အသုံးစရိတ် တိုးတက်မှုနှုန်းမှာ ၂၀၁၃ ခုနှစ်နောက်ပိုင်း တတိယအကြိမ် ကျဆင်းလျက်ရှိကြောင်း၊ ၂၀၁၆ခုနှစ်တွင် ၇ဒသမ၆ရာခိုင်နှုန်း၊ ၂၀၁၇ခုနှစ်တွင် ရာခိုင်နှုန်း အသီးသီးရှိခဲ့ကြောင်း ပြောခွင့်ရပုဂ္ဂိုလ် ကျန်းက မတ် ၄ ရက်တွင် ပြုလုပ်သော သတင်းစာ ရှင်းလင်းပွဲတွင် ပြောကြားသည်။ **ဆင်ဟွာ။**



# နန့်အယားချောင်း ရာသီမရွေးသွားလာနိုင်ရန် နှစ်လမ်းသွားသံကူကွန်ကရစ်တံတား တည်ဆောက်ရန်လျာထား

**နေပြည်တော် မတ် ၅**
ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင်ကျင်းပရာ မေးခွန်း(၆)ခု မေးမြန်းဖြေကြားခြင်းနှင့် အဆို(၁)ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် လမ်း၊ တံတားဆိုင်ရာမေးခွန်း ၆ ခုနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ဖြေကြားသည်။

ငပုတောမဲဆန္ဒနယ်မှ ဦးသန်းအောင်၏ **ငပုတောမြို့နယ်ရှိ ပုသိမ်-သလပ်ခွာ မော်တင်စွန်းလမ်းသို့ ဆက်သွယ်ထားသော ငရုတ်ကောင်း-ငရုတ်ကောင်း(တောင်)လမ်းအား ကွန်ကရစ်လမ်း သို့မဟုတ် ကတ္တရာလမ်းအဖြစ် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် အဆင့်တိုးမြှင့်ဖောက်လုပ်ပေးရန်** မေးခွန်းနှင့်စပ်လျဉ်း၍ ငရုတ်ကောင်း(တောင်)- ငရုတ်ကောင်းလမ်း(၁၇)မိုင် (၆)ဖာလုံသည် ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနပိုင် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့က စီမံခန့်ခွဲသောလမ်းဖြစ်ပါကြောင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဧရာဝတီတိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ငရုတ်ကောင်းမြို့တွင်းအပိုင်း (၁)မိုင်အား (၁၈)ပေအကျယ် ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းမှာ ၇၀ ရာခိုင်နှုန်းပြီးစီးနေပြီး (၁၂)မိုင် (၆)ဖာလုံအား ချောင်းကျောက်(၃)လက်မ ထုခင်းခြင်းလုပ်ငန်းမှာ ၉၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးဖြစ်ပါကြောင်း။

ဧရာဝတီတိုင်းဒေသကြီးအစိုးရ၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပထမ(၆)လ ရန်ပုံငွေတွင် Box Culvert (၁)စင်းတည်ဆောက်ခြင်း၊ ရေပြွန်(၈)စင်း၏ ပြိုကျနေသော မြေကာနံရံများပြုပြင်ခြင်း၊ ကျောက်စီရေမြောင်း ပြုလုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ထည့်သွင်းလျာထားပြီးဖြစ်ပါကြောင်း၊ ထို့ပြင် ၄ မိုင် ၂ ဖာလုံအား (၁၈)ပေအကျယ် ကွန်ကရစ်လမ်း အဆင့်တိုးမြှင့်ခြင်းနှင့် အန္တရာယ်ရှိ ကုန်းဆင်းအကွေ့များအား ရှောင်ကွင်း၍ လမ်းအူကြောင်း အသစ်ဖောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်ရန်ပုံငွေတွင် ထည့်သွင်းလျာထားပါကြောင်းနှင့် ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းငေါင်းဆိုင်ဟိန်း၏ **မောက်မယ်မြို့နယ် ဟိုနမ့်ကျေးရွာအုပ်စု ကတ္တရာလမ်းမကြီးနှင့် ဆက်သွယ်ထားသော ဟိုနမ့်-ထီဟန်းခွီး ရွာချင်းဆက်လမ်း၊ ဟိုနမ့်-ပြင်သာယာ- ပုန်းအောင်- ထီပျဉ်ရွာချင်းဆက်လမ်း၊ စဥ့်ဝင်ကျေးရွာအုပ်စုရှိ ရွာသစ်-နောင်ခမ်း ရွာချင်းဆက်လမ်းတို့ကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် မည်သည့်လမ်းအဆင့်ထိ တိုးမြှင့်ဆောင်ရွက်ပေးမည်ကိုသိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ် မောက်မယ်မြို့နယ်အတွင်းရှိ ဟိုနမ့်-ထီဟန်းခွီး (ပွန်ချောင်း-ပင်ငို-ထီဟန်းခွီး)လမ်းနှင့် ဟိုနမ့်-ပြင်သာယာ- ပုန်းအောင်- ထီပျဉ်လမ်းတို့ကို ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ရန်ပုံငွေတွင်လည်းကောင်း၊ ရွာသစ်-နောင်ခမ်းလမ်းကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေတွင် လည်းကောင်း ထည့်သွင်းလျာထားမည်ဖြစ်ပြီး ဘဏ္ဍာငွေခွဲဝေရရှိမှုပေါ် မူတည်ပြီး လမ်းလုပ်ငန်းများကို အဆင့်မြှင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။


ဒုတိယဝန်ကြီး ဦးကျော်လင်း


တမူးမဲဆန္ဒနယ်မှ ဦးနိုင်နိုင်ဝင်း

မတူပီမဲဆန္ဒနယ်မှ ဦးပါထန်း၏ **မတူပီမြို့နယ် အမ်ဆွေး-မားဒူ- ဝေးလူမှ ကန်ပက်လက်မြို့နယ် မကြားအိမ်နူးကျေးရွာကိုဖြတ်၍ မတူပီမြို့နှင့် ကန်ပက်လက်မြို့ မြို့နယ်ချင်းဆက်လမ်း ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ၂၀၂၀-၂၀၂၁ ခုနှစ်မတိုင်မီ အဆိုပါလမ်းများအားလုံး မြေသားလမ်းပေါက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ဖြူးမဲဆန္ဒနယ်မှ ဦးသန်းညွန့်၏ **ဖြူးမြို့နှင့် စစ်တောင်းမြစ်ကမ်းပါးရှိ ဘန်းလောင်ရွာသို့ ဆက်သွယ်ထားသည့်လမ်းမကြီး ကတ္တရာခင်းခြင်းလုပ်ငန်းအား ဆက်လက်ခင်းပေးရန် အစီအစဉ် ရှိ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နှင့် စစ်တောင်းမြစ်ကမ်းပါးရှိ ဘန်းလောင်ရွာသို့ ဆက်သွယ်သောလမ်းအား ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှစတင်၍ ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ကတ္တရာလမ်းအဖြစ် နှစ်အလိုက် အပိုင်းအလိုက် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

တမူးမဲဆန္ဒနယ်မှ ဦးနိုင်နိုင်ဝင်း၏ **တမူးမြို့နှင့်ဟုမ္မလင်းမြို့သို့ ဆက်သွယ်ဖောက်လုပ်ထားသော ပြည်ထောင်စုလမ်းမကြီးအား ရာသီမရွေးသွားလာနိုင်ရန် နန့်အယား ချောင်းကူးတံတားအား မည်သို့ စီမံဆောင်ရွက်ပေးနိုင်မည်ကို သိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ နန့်အယားချောင်းသည် မိုးတွင်းကာလ တောင်ကျရေစီးဆင်းမှုများရှိသည့်အတွက် ယာဉ်များသည် တောင်ကျရေအခြေအနေကိုစောင့်ဆိုင်း၍ သွားလာရပါကြောင်း၊ နွေ၊ မိုး၊ ဆောင်း ရေအမြဲစီးဆင်းနေသော ချောင်းဖြစ်သဖြင့် ရာသီမရွေးသွားလာနိုင်ရေးအတွက် ၁၅၂ မီတာအရှည် နှစ်လမ်းသွား သံကူကွန်ကရစ်တံတား တည်ဆောက်ရန် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်ရန်ပုံငွေတွင် ထည့်သွင်းလျာထားပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ညောင်တုန်းမဲဆန္ဒနယ်မှ ဦးအုန်းလွင်၏ **ညောင်တုန်းမြို့နယ်အပါအဝင် ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာန၏ လမ်းနယ်နိမိတ်များကို မူလလမ်းနှင့် သတ်မှတ်ချက် ပေ ၃၀၀ မှ ပေ ၁၅၀ လျှော့ချခြင်းကြောင့် ဖြစ်ပေါ်လာသော မြေလွတ်မြေလပ်များအား မည်သို့စီမံဆောင်ရွက်ထားသည်ကို သိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ လမ်းနယ်နိမိတ် ပြင်ဆင်သတ်မှတ်မှုများကြောင့် ဖြစ်ပေါ်လာသောမြေယာကိစ္စများနှင့်စပ်လျဉ်းပြီး ယခင်သိမ်းယူခဲ့စဉ်ကာလက မြေယာလျော်ကြေးပေးချေခဲ့ခြင်း ရှိ၊ မရှိ ကို ပြန်လည်စိစစ်လျက်ရှိပါကြောင်း၊ လျော်ကြေးပေးချေ၍ သိမ်းဆည်းခဲ့ခြင်းဖြစ်ပါက နိုင်ငံတော်သို့ပြန်လည်အပ်နှံနိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပြီး လျော်ကြေးပေးချေခဲ့ခြင်းမရှိပါက မူလပိုင်ရှင်များထံသို့ ပြန်လည်ပေးအပ်နိုင်ရေးအတွက် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဆက်သွယ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

ယင်းနောက် မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့်က **"၂၀၁၇ ခုနှစ် ဇူလိုင်လ (၂) ရက်နေ့ထုတ်သတင်းစာတွင် ဖော်ပြခဲ့သော နိုင်ငံတော်အတိုင်ပင်ခံရုံး၊ သတင်းထုတ်ပြန်ရေးကော်မတီ၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်၏ ရခိုင်ပြည်နယ်မြောက်ပိုင်း လုံခြုံရေးအခြေအနေ ထုတ်ပြန်ချက်ပါအချက်နှင့်ပတ်သက်၍ ရန်ကုန်သို့ ပြောင်းရွှေ့နေထိုင်ခွင့်ပြုခဲ့သည်ဆိုသည့် ကျောက်ဖြူ၊ ပေါက်တောနှင့် ရမ်းဗြဲမြို့နယ်များရှိ ဒုက္ခသည်စခန်း (၃)ခုမှ အိမ်ထောင်စု(၅၅)စုကို ရန်ကုန်သို့ ပြောင်းရွှေ့ခွင့်ပြုခဲ့ခြင်းကို ပြန်လည်သုံးသပ်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို တင်သွင်းသည်။

ယင်းအဆိုကို လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူကြောင်း ဆုံးဖြတ်ပြီး အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက အမည်စာရင်းတင်သွင်းကြရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အသိပေးကြေညာထားသည်။

**ကျော်သူထက်(သတင်းစဉ်)**

# ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း လွှတ်တော်တွင် ဆွေးနွေး

**နေပြည်တော် မတ် ၅**
ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၂၄ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ ဥပဒေကြမ်းတစ်ခု ဆွေးနွေးခြင်း၊ ဥပဒေကြမ်းတစ်ခုအား ပြင်ဆင်ချက်ဖြင့် တင်သွင်းခြင်းနှင့် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာတစ်ခု ဖတ်ကြားတင်ပြခြင်းတို့ကို ဆောင်ရွက်ကြသည်။

ယနေ့အစည်းအဝေးတွင် ကြယ်ပွင့်ပြမေးခွန်း ၂ ခု၏ အဖြေများကို ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ရှင်းလင်းဖြေကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၉)မှ ဦးမောင်မောင်လတ်၏ **စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့ စန္ဒကူး အမှတ်(၂) ရပ်ကွက်အတွင်းရှိ အခြေခံပညာ အထက်တန်းကျောင်း (ခွဲ)ကို အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ပညာရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နယ်အတွက် အခြေခံပညာအထက်တန်းကျောင်း ၃ ကျောင်း၊ အခြေခံပညာ အလယ်တန်းကျောင်း ၇ ကျောင်း၊ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ) ၃ ကျောင်း၊ အခြေခံပညာမူလတန်းလွန်ကျောင်း ၇ ကျောင်း၊ အခြေခံပညာ မူလတန်းကျောင်း ၃ ကျောင်း စုစုပေါင်း ကျောင်းပေါင်း ၂၃ ကျောင်းကို အဆင့်တိုးမြှင့်ပေးရန် လျာထားစိစစ်ဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ တမူးမြို့ စန္ဒကူးအမှတ်(၂)ရပ်ကွက် အခြေခံပညာအထက်တန်းကျောင်း (ခွဲ)၌ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် စုစုပေါင်း အထက်တန်းအဆင့်သင် ကျောင်းသား ကျောင်းသူ ၁၅၆ ဦးသာ ရှိပါကြောင်း၊ ပင်မကျောင်းဖြစ်သည့် တမူးမြို့ အခြေခံပညာအထက်တန်းကျောင်းနှင့် ၁ မိုင်ခန့်သာ ကွာဝေးနေသည်ကို စိစစ်တွေ့ရှိရပါကြောင်း၊ ယင်းကျောင်းတွင် ပညာသင်ကြားနေသည့် ကျောင်းသား ကျောင်းသူများအားလုံး အခြေခံပညာအထက်တန်းကျောင်းခွဲအဖြစ် အထက်တန်းအဆင့် ပညာရပ်များကို သင်ယူခွင့်ရရှိနေပါကြောင်းနှင့် လာမည့်နှစ်တွင် တိုးမြှင့်ဆောင်ရွက်ပေးမည့် ၂၃ ကျောင်း လျာထားချက်တွင် ဦးစားပေးအစီအစဉ်အဖြစ် ဆောင်ရွက်နိုင်ခြင်း မရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။


ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ် (၃)မှ ဦးခင်မောင်လတ်


တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးစိုးသိန်း(ခ)ဦးမောင်စိုး

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၂)မှ ဦးမျိုးထပ်(ခ)ဆလိုင်းမျိုးထိုက်၏ **ချင်းပြည်နယ် ပလက်ဝမြို့ ရိက္ခာတိုးချဲ့(မြို့သစ်)အခြေခံပညာ အလယ်တန်းကျောင်းကို အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်ရှိ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ချင်းပြည်နယ် ပလက်ဝမြို့ ရိက္ခာတိုးချဲ့ ရပ်ကွက်ရှိ ကျောင်းအမည်မှန်ဖြစ်သော မြို့သစ် အခြေခံပညာအလယ်တန်းကျောင်း၌ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် စုစုပေါင်း အထက်တန်းအဆင့်သင် ကျောင်းသား ကျောင်းသူ ၁၃၅ ဦးရှိသည်ကို တွေ့ရှိရပါကြောင်း၊ သတ်မှတ်ချက်ရှိသော်လည်း ပင်မကျောင်းနှင့် ၂ မိုင်ကျော်ကွာဝေးပြီး သွားရေးလာရေး ခက်ခဲသည်ကိုလည်း တွေ့ရှိရပါကြောင်း၊ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် အခြေခံပညာကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့်ပေးနိုင်ရေး ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုး တင်သွင်းသည့် ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်လတ်က ပုဒ်မ (၁၈)တွင် မည်သူမဆို နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးတို့ကို ပျက်ပြားစေရန် အကြံဖြင့်ဖြစ်စေ ဆိုသည့် စကားရပ်များသည် ပုဒ်မ (၄)တွင်လည်း ဖော်ပြပြီးဖြစ်သည့်အတွက် ၂ ကြိမ် ထပ်နေပါကြောင်း၊ ယင်းအချက်များကို ချိုးဖောက်လျှင် အရေးယူရန် ရာဇသတ်ကြီးတွင် ပုဒ်မများရှိပြီးဖြစ်သောကြောင့် ထည့်သွင်းရန် မလိုအပ်ဟု ယူဆပါကြောင်း၊ ထို့နောက် သူတစ်ဦးဦးအား ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်း လှည့်လည်ခြင်းပြုအောင် လှုံ့ဆော်ခြင်း၊ သွေးဆောင်ခြင်း၊ ဖြားယောင်းခြင်း(သို့မဟုတ်) တိုက်တွန်းခြင်းကိုပြုကြောင်းဆိုသည့် စကားရပ်နှင့် ပြုသူကိုထောင်ဒဏ်၊ ငွေဒဏ်ချမှတ်နိုင်သည်ဆိုသည့် စကားများသည် ဝိရောဓိဖြစ်ပြီး ယုတ္တိမကိုက်ဖြစ်နေသောကြောင့် ပယ်ဖျက်သင့်ပါကြောင်း၊ ငြိမ်းချမ်းစွာဟုပါသော်လည်း ငြိမ်းချမ်းစွာလုပ်သည့်သူကို ပြစ်ဒဏ်ပေးသကဲ့သို့ ဖြစ်နေပါကြောင်း။

ပုဒ်မ(၁၈)သည် ပုဒ်မ (၄)ကဲ့သို့ ဖွဲ့စည်းပုံအခြေခံဥပဒေ(၃၅၄)ပါ ပြည်သူ့အခွင့်အရေးကို ပိတ်ပင်ထားပြီး The Universal Declaration of Human Rights Article 19 တွင် ပါရှိသည့် Freedom of Experssion တွင် အနှောင့်အယှက်မရှိဘဲ မိမိ၏အမြင်ကို တင်ပြခွင့်နှင့် ဆက်သွယ်လုပ်ဆောင်ခွင့်များကို ဟန့်တားနေသည့်အတွက် ဖြုတ်သင့်ပါကြောင်း ထည့်သွင်းဆွေးနွေးသည်။

တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုးသိန်း(ခ)ဦးမောင်စိုးက ပုဒ်မ (၁၈)တွင် ပျက်ပြားစေရန် အကြံဖြင့်ဖြစ်စေ၊ ထိုသို့ပျက်ပြားတန်ရာသော အခြေအနေဖြစ်နိုင်ကြောင်း သိလျက်နှင့်ဖြစ်စေ အစား ပျက်ပြားတန်ရာသည်ကို သိလျက်နှင့် ဖြစ်စေ ဟု လည်းကောင်း၊ ငွေဆိုသည့်နေရာတွင်လည်း ငွေကြေးဟုလည်းကောင်း ပြင်ဆင်လိုပါကြောင်း၊ ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်အစား နှစ်နှစ်အထိ ထောင်ဒဏ်တစ်မျိုးမျိုးဟု ပြင်ဆင်လိုပါကြောင်း၊ ပုဒ်မ (၄)တွင် မိမိသဘောဆန္ဒကို ဆိုသည့်အစား မိမိ၏ ယုံကြည်ချက်၊ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆို ဟု လည်းကောင်း၊ ပုဒ်မ(၄)(ဃ)တွင် ကုန်ကျစရိတ်ဆိုသည့်အစား ယင်းစရိတ်ကိုဟု လည်းကောင်း ပြင်ဆင်လိုပါကြောင်း၊ ပုဒ်မ ၂၂ ကို ပယ်ဖျက်လိုပါကြောင်း ထည့်သွင်းဆွေးနွေးသည်။

ဆက်လက်၍ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ နော်လှလှစိုး၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကျော်ကျော်ဝင်းနှင့် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဌေးဦးတို့က ဆွေးနွေးကြသည်။

ယင်းနောက် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် အတွင်းရေးမှူး ဦးစန်းဝင်းက အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းအား အဆိုတင်သွင်းသည်။

ထို့နောက် ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီဝင် ဦးသန်းလွင်က ဖတ်ကြားတင်ပြသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၂၅ ရက်မြောက်နေ့ကို မတ် ၇ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **အေးအေးသန့်(သတင်းစဉ်)**

# (၁၉)ကြိမ်မြောက် အာဆီယံပြန်ကြားရေး ဆပ်ကော်မတီ အစည်းအဝေး

## ဇေယျာ(မြန်မာ့အသံ)

(၁၉)ကြိမ်မြောက် အာဆီယံပြန်ကြားရေး ဆပ်ကော်မတီအစည်းအဝေးကို ရန်ကုန်မြို့ Sky Star Hotel တွင် မတ် ၅ ရက်မှ ၈ ရက်အထိ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေပြီဖြစ်သည်။

**မဏ္ဍိုင်သုံးရပ်နှင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်**

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ဒေသတွင်းနိုင်ငံများ၏ အဖွဲ့အစည်းဖြစ်သည့် အာဆီယံအသိုက်အဝန်း တည်ထောင်ရာတွင် အဓိကမဏ္ဍိုင်ကြီးသုံးရပ်ဖြစ်သော အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးဆိုင်ရာ အသိုက်အဝန်း (ASEAN Political-Security Community-APSC)၊ အာဆီယံစီးပွားရေးအသိုက်အဝန်း (ASEAN Economic Community-AEC) နှင့် အာဆီယံလူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အသိုက်အဝန်း (ASEAN Socio-Cultural Community-ASCC) တို့၏ လုပ်ငန်းဆောင်ရွက်မှုများကို သတင်းထုတ်ပြန် ပေးခြင်း ပြည်သူများသို့ အသိပညာဖြန့်ဝေပေးခြင်းလုပ်ငန်းများကို တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

အလားတူ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့် အာဆီယံ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာအသိုက်အဝန်း (ASCC)ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးဆိုင်ရာကော်မတီ (ASEAN Committee on Culture and Information-COCI) တွင် မြန်မာနိုင်ငံဆိုင်ရာ အာဆီယံပြန်ကြားရေး ဆပ်ကော်မတီ (Sub-Committee on Information-SCI) ၏ လုပ်ငန်းများကို ထိရောက်အောင်မြင်စွာ တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။

**SCI ဖြစ်ပေါ်လာပုံ**

ASEAN Identity ထူထောင်ရေးကို သတင်းအချက်အလက်ပြန်ကြားရေးနည်းလမ်းဖြင့် အထောက်အကူပြုရန်အတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးဆိုင်ရာကော်မတီ (ASEAN COCI) ကို ၁၉၇၈ ခုနှစ်တွင် ဖွဲ့စည်းခဲ့ပြီး ယင်းအဖွဲ့က ယဉ်ကျေးမှု နှင့် ပြန်ကြားရေးဆိုင်ရာစီမံကိန်း (Projects) များနှင့် လုပ်ငန်း (Activities) များကို ဆောင်ရွက်လျက်ရှိပါသည်။ COCI ကို သက်ဆိုင်ရာအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေး၊ ယဉ်ကျေးမှု၊ ပြန်ကြားရေး၊ အမျိုးသားအဆင့် ရုပ်သံလွှင့်ဌာနများ၊ ပြတိုက်များ၊ သမိုင်းမော်ကွန်းတိုက်နှင့် စာကြည့်တိုက်များစသည့် နိုင်ငံတော် အဆင့် အဖွဲ့အစည်းများဖြင့် ပါဝင်ဖွဲ့စည်းထားပါသည်။

COCI တွင် အာဆီယံပြန်ကြားရေး ဆပ်ကော်မတီ(SCI)နှင့် အာဆီယံယဉ်ကျေးမှု ဆပ်ကော်မတီ(SCC) အစည်းအဝေးများကို နှစ်စဉ် သီးသန့်ကျင်းပလေ့ရှိပြီး အာဆီယံဒေသတွင်း သတင်းပြန်ကြားရေးဆိုင်ရာ လုပ်ငန်းများမှတစ်ဆင့် အဖွဲ့ဝင်နိုင်ငံများအကြား အပြန်အလှန်နားလည်မှုနှင့် ယုံကြည်မှု တိုးပွားခိုင်မာလာစေရေးလုပ်ငန်းများကို အဓိကထားဆောင်ရွက်လျက်ရှိပါသည်။

**ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ**

အဆိုပါလုပ်ငန်းများတွင် နိုင်ငံအဆင့်နှင့် ဒေသတွင်းအဆင့် ဟူ၍ နှစ်နှစ် တစ်ကြိမ် ကျင်းပသည့် အာဆီယံဉာဏ်စမ်းပဟေဠိ (ASEAN Quiz) ပြိုင်ပွဲကျင်းပသည့် လုပ်ငန်းများ၊ အဖွဲ့ဝင်နိုင်ငံအချင်းချင်း ရေဒီယိုနှင့် ရုပ်သံ အစီအစဉ်များ၊ သတင်းများ အပြန်အလှန် လဲလှယ်၍ သက်ဆိုင်ရာနိုင်ငံများရှိ ရေဒီယိုနှင့် ရုပ်မြင်သံကြားတို့မှ အာဆီယံဆိုင်ရာသတင်းများကို သီးသန့်ထုတ်ပြန်ကာ အာဆီယံဆိုင်ရာ အသိအမြင် (ASEAN awareness) ကို မြှင့်တင်သည့် ASEAN-in-Action (AiA) Project/ Voice of ASEAN -Beyond Boundaries (VOA-BB) Project နှင့် ASEAN Television Network Program (ATN) Project များလည်း အပါအဝင် ဖြစ်ပါသည်။

ပြန်ကြားရေးကဏ္ဍတွင် အခြားအရေးပါသည့် လုပ်ငန်းဖြစ်သော ဒေသတွင်းနိုင်ငံများအကြား TV Analogue switch off date ကို သတ်မှတ်ဆောင်ရွက်သည့် ASEAN cooperation in digital broadcasting project များလည်း ပါဝင်ပါသည်။

ဆွေးနွေးဖက်နိုင်ငံများ ဖြစ်သည့် တရုတ်၊ ဂျပန်နှင့် ကိုရီးယားနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် စာနယ်ဇင်းသမားများ အပြန်အလှန်စေလွှတ် လေ့လာစေခြင်း (The visit of ASEAN journalists to China, India, Japan and the Republic of Korea Project) များဖြင့် မီဒီယာအဖွဲ့အစည်းများအကြား ကွန်ရက်ချိတ်ဆက်ဆောင်ရွက်မှုများလည်း ပါဝင်ပါသည်။

**အစည်းအဝေးကျင်းပပုံ**

အာဆီယံပြန်ကြားရေး ဆပ်ကော်မတီ အစည်းအဝေး (SCI Meeting) များကို တစ်နှစ်လျှင် နှစ်ကြိမ် ပုံမှန်ကျင်းပလျက်ရှိပြီး အာဆီယံပြန်ကြားရေးဆပ်ကော်မတီ သီးသန့်အစည်းအဝေး (SCI Meeting) ကို မတ်လမှ ဇွန်လ အတွင်းတွင်လည်းကောင်း၊ အာဆီယံယဉ်ကျေးမှုဆိုင်ရာကော်မတီ (SCC) နှင့် အာဆီယံပြန်ကြားရေး ဆပ်ကော်မတီ(SCI) တို့ ပူးတွဲကျင်းပသည့် COCI အစည်းအဝေးကို နှစ်စဉ်အောက်တိုဘာလမှ နိုဝင်ဘာလတွင်လည်းကောင်း ကျင်းပလေ့ရှိပါသည်။

အစည်းအဝေးများကို နိုင်ငံအက္ခရာစဉ်အလိုက် (ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်) အလှည့်ကျ အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပရပါသည်။ အစည်းအဝေးများကို တံခါးပိတ်အစည်းအဝေး (Close Door Secession) ဖြင့် ကျင်းပပါသည်။ ဆုံးဖြတ်ချက်များကို အများသဘောတူညီချက်ဖြင့်သာ အတည်ပြုရပါသည်။ အိမ်ရှင်အဖြစ် လက်ခံကျင်းပသောနိုင်ငံမှ သဘာပတိအဖြစ် ဆောင်ရွက်ရပါသည်။ နောက်တစ်ကြိမ် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့်နိုင်ငံမှ ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်ရပါသည်။ အစည်းအဝေးမှ ချမှတ်ခဲ့သော လုပ်ငန်းစဉ်များကို ကြပ်မတ်ခြင်း၊ အကြံပြုခြင်းများအပေါ် အာဆီယံအဖွဲ့ဝင် နိုင်ငံများမှ လိုက်နာဆောင်ရွက်မှုများကို အိမ်ရှင်နိုင်ငံမှပင် အာဆီယံ အတွင်းရေးမှူးချုပ်ရုံးမှ ရုံးအဖွဲ့နှင့်ပူးပေါင်းကာ နောက်တစ်ကြိမ် အစည်းအဝေး ထပ်မံကျင်းပမည့်ကာလတိုင်အောင် ကြပ်မတ်ခြင်း၊ အကြံပြုခြင်းများ ဆောင်ရွက်ပါသည်။ ပြီးခဲ့သည့် ငါးနှစ်အတွင်း ကျင်းပပြီးစီးခဲ့သည့် SCI အစည်းအဝေးများ၊ အိမ်ရှင်နိုင်ငံနှင့် ကျင်းပသည့် ခုနှစ်တို့မှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

| | | | |
|---|---|---|---|
| (၁) | 14th SCI | ဘရူနိုင်း | ၂၀၁၃ |
| (၂) | 15th SCI | ကမ္ဘောဒီးယား | ၂၀၁၄ |
| (၃) | 16th SCI | အင်ဒိုနီးရှား | ၂၀၁၅ |
| (၄) | 17th SCI | လာအို | ၂၀၁၆ |
| (၅) | 18th SCI | မလေးရှား | ၂၀၁၇ |
| (၆) | 19th SCI | မြန်မာ | ၂၀၁၈ |

**အစည်းအဝေးတွင် ဆွေးနွေးသည့်အချက်များ**

SCI အစည်းအဝေးများအား သက်ဆိုင်ရာနိုင်ငံအလိုက် ပြန်ကြားရေး ဆပ်ကော်မတီဥက္ကဋ္ဌများ (အမြဲတမ်းအတွင်းဝန်/ ညွှန်ကြားရေးမှူးချုပ်များ/ ဒုတိယညွှန်ကြားရေးမှူးချုပ်များ) အပါအဝင် ပြန်ကြားရေးကဏ္ဍဆိုင်ရာမှ ကိုယ်စားလှယ်များက ပါဝင်တက်ရောက်လေ့ရှိပြီး တံခါးပိတ်အစည်းအဝေးအဖြစ် နှစ်ရက်ကြာ ကျင်းပလေ့ရှိပါသည်။ အစည်းအဝေးတွင် အာဆီယံထိပ်သီးအစည်းအဝေးများနှင့် မဏ္ဍိုင်အသီးသီးရှိ အစည်းအဝေးများမှ ပြန်ကြားရေးကဏ္ဍဆိုင်ရာ ဆုံးဖြတ်ချက်များနှင့် လက်ရှိ ပြန်ကြားရေးကဏ္ဍဆိုင်ရာ လုပ်ငန်းစဉ်များအပေါ် သုံးသပ်ဆွေးနွေးခြင်း၊ ဆက်သွယ်ပြန်ကြားရေးကဏ္ဍဆိုင်ရာ နိုင်ငံအဆင့်နှင့် ဒေသတွင်းအဆင့် မဟာဗျူဟာများ ရေးဆွဲအတည်ပြုခြင်း၊ ရှေ့လုပ်ငန်းစဉ်များအတွက် ဘတ်ဂျက်လျာထားခြင်း၊ အာဆီယံယဉ်ကျေးမှု ရန်ပုံငွေ (ASEAN Cultural Fund) အသုံးပြုမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် စီမံကိန်းများနှင့်စပ်လျဉ်းသည့် ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ဆွေးနွေးညှိနှိုင်းကြခြင်း၊ နောက်တစ်ကြိမ် SCI အစည်းအဝေးကို အလှည့်ကျကျင်းပမည့်နိုင်ငံ ရွေးချယ်အတည်ပြုခြင်းများ ဆောင်ရွက်ပါသည်။

**ဦးစားပေးလုပ်ငန်းများ**

၂၀၁၈ ခုနှစ်တွင် မြန်မာနိုင်ငံဆိုင်ရာ အာဆီယံပြန်ကြားရေး ဆပ်ကော်မတီက အာဆီယံပြန်ကြားရေးဆပ်ကော်မတီ အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ရမည်ဖြစ်ရာ ထိုသို့ အလှည့်ကျဥက္ကဋ္ဌ တာဝန်ယူစဉ်ကာလအတွင်း ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) အာဆီယံပြန်ကြားရေးဝန်ကြီးများအဆင့်အစည်းအဝေး (ASEAN Ministers Responsible for Information- AMRI meeting)၊ အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးဆိုင်ရာကော်မတီ (ASEAN-COCI) တို့၏ လမ်းညွှန်ချက်များနှင့်အညီ အာဆီယံဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်နှင့် အာဆီယံဆိုင်ရာ သတင်းအချက်အလက် ပြန့်ပွားရေးလုပ်ငန်းများကို အထူးအလေးထားဆောင်ရွက်ရန်၊

(ခ) သင့်တင့်မျှတပြီး လိုက်လျောညီထွေဖြစ်စေမည့် မူဝါဒများနှင့် စီမံချက်များ ချမှတ်ဖော်ဆောင်နိုင်ရေးအတွက် အာဆီယံဒေသတွင်း အထူးသဖြင့် ပြန်ကြားရေးနှင့် ယဉ်ကျေးမှုဆိုင်ရာကဏ္ဍများ၏ ဖွံ့ဖြိုးတိုးတက်မှုများကို ပြန်လည်သုံးသပ်ရန်၊


(ဂ) SCI ကဏ္ဍအတွက် လိုအပ်နေသည့် ပြန်ကြားရေးဆိုင်ရာကိစ္စရပ်များ၊ အခက်အခဲများ၊ လိုအပ်ချက်များအား ခွဲခြားဆန်းစစ်ရန်နှင့် သင့်တော်သည့် စီမံကိန်းများ ချမှတ်ဖော်ဆောင်ရန်၊

(ဃ) အာဆီယံပြန်ကြားရေးဝန်ကြီးများအဆင့် အစည်းအဝေး (ASEAN Ministers Responsible for Information- AMRI meeting) နှင့် အာဆီယံပြန်ကြားရေးကဏ္ဍဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး (ASEAN Senior Officials Responsible for Information- SOMRI meeting)တို့မှ လမ်းညွှန်ချမှတ်ပေးလိုက်သည့် ပြန်ကြားရေးဆိုင်ရာ သီးသန့်စီမံကိန်းများအား အကောင်အထည်ဖော်ရာတွင် နည်းလမ်းသစ်၊ အကြံဉာဏ်သစ်များ ဖလှယ်ဆောင်ရွက်ရန်၊

(င) အာဆီယံယဉ်ကျေးမှု ရန်ပုံငွေ (ASEAN Cultural Fund-ACF) မှ ကျခံရန် အတည်ပြုထားသည့် စီမံကိန်းများအား အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး စီမံချက်များချမှတ်ရန်၊ အကောင်အထည်ဖော်ရန်နှင့် စောင့်ကြည့်စစ်ဆေးရန်၊

(စ) စီမံကိန်းအလိုက် ပြီးစီးမှုအစီရင်ခံစာ (Progress Report) နှင့် ဘဏ္ဍာရေးအစီရင်ခံစာ (Financial report) များအပါအဝင် စီမံကိန်းအစီရင်ခံစာများအား စိစစ်ကြပ်မတ်ဆောင်ရွက်ရန်၊

(ဆ) အာဆီယံအသိုက်အဝန်းဖြစ်တည်မှု (ASEAN Identity) ကို နိုင်ငံသားများအကြားတွင် ဂုဏ်ယူတတ်သည့် အလေ့အထကောင်းများ ရှိလာစေရေး အာဆီယံအသိပညာမြှင့်တင်မှု (ASEAN Awareness) လုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရေးအတွက် ဦးစားပေးနယ်ပယ်များ သတ်မှတ်ရန်၊ မပြီးပြတ်သေး သောလုပ်ငန်းစဉ်များ၏ အခြေအနေကို ပြန်လည်သုံးသပ်ရန်နှင့် တောင့်တင်းခိုင်မာသော




အာဆီယံအဖွဲ့ကြီး ဖြစ်ပေါ်လာရေးအတွက် အနာဂတ် ဦးဆောင်ဦးရွက်ပြုမှုလုပ်ငန်းများ သတ်မှတ်ရန်၊

(ဇ) အာဆီယံကို ပြည်သူဗဟိုပြုအဖွဲ့အစည်းတစ်ရပ်အဖြစ် ပြောင်းလဲရန်၊ လူမှုအဖွဲ့အစည်းများနှင့် ထိတွေ့ဆက်ဆံမှုများ ခိုင်မာစေရန်၊ အာဆီယံလှုပ်ရှားဆောင်ရွက်မှုများတွင် အမျိုးသမီးများ၊ လူငယ်လူရွယ်များ၊ ပါလီမန်အမတ်များနှင့် သတင်းလောကသားများ ပါဝင်ဆောင်ရွက်လာရေးကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရန်၊

(ဈ) အာဆီယံဒေသအတွင်း ဦးစားပေးနယ်ပယ်များနှင့် AMRI/ AMCA တို့၏ လုပ်ငန်းဆောင်ရွက်မှုအရှိန်အဟုန် မလျော့ကျစေရေး ထိန်းသိမ်းဆောင်ရွက်သွားရန်၊

(ည) အာဆီယံပြန်ကြားရေးနှင့် ယဉ်ကျေးမှုကော်မတီမှ သတ်မှတ်ထားသည့် တာဝန်ဝတ္တရားများကို လိုက်နာဆောင်ရွက်ရန်၊

**ပဏာမခြေလှမ်း**

ဖော်ပြပါ ဦးစားပေးလုပ်ငန်းများကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာနယ်ပယ်ကဏ္ဍအလိုက် ဒေသတွင်းအဆင့် တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်သွားရမည်ဖြစ်ရာ ယခု မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၁၉)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဆပ်ကော်မတီအစည်းအဝေး (19th SCI Meeting) သည် ပြန်ကြားရေး ဆပ်ကော်မတီဥက္ကဋ္ဌအဖြစ် ၂၀၁၈ ခုနှစ် တစ်နှစ်တာလုံး ဆောင်ရွက်မည့် မြန်မာနိုင်ငံ ပြန်ကြားရေးဆပ်ကော်မတီ၏ ပဏာမခြေလှမ်းတစ်ရပ်လည်း ဖြစ်ပါသည်။

အဆိုပါပဏာမခြေလှမ်းအား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ယခုအခါ အစည်းအဝေးကျင်းပရေးဦးစီးကော်မတီ၊ အစည်းအဝေးကျင်းပရေးလုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီ ၁၀ ခုအား ဖွဲ့စည်းကာ လုပ်ငန်းတာဝန်များ ခွဲဝေသတ်မှတ်ပေးထားပြီးဖြစ်၍ အဘက်ဘက်တွင် အဆင်သင့်ဆောင်ရွက်ထားရှိခဲ့ပြီးလည်း ဖြစ်ပါသည်။

**ယခင်အတွေ့အကြုံများအပေါ် အခြေခံ**

စင်စစ် ယခုကျင်းပသည့် 19th SCI အစည်းအဝေးသည် မြန်မာနိုင်ငံတွင် ဒုတိယအကြိမ် အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် SCI အစည်းအဝေးဖြစ်ပြီး 9th SCI အစည်းအဝေးကို နေပြည်တော်တွင် ၂၀၀၇ ခုနှစ်က အိမ်ရှင်အဖြစ် ပထမဦးဆုံးအကြိမ် လက်ခံကျင်းပခဲ့ဖူးသည့် အတွေ့အကြုံလည်း ရှိခဲ့သည်။

ထို့အပြင် တတိယအကြိမ် အာဆီယံပြန်ကြားရေးဝန်ကြီးများအဆင့် အစည်းအဝေး (3rd AMRI)နှင့် (၁၂)ကြိမ်မြောက် အာဆီယံပြန်ကြားရေးကဏ္ဍဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး (12th SOMRI) တို့ကို မြန်မာနိုင်ငံက ၂၀၁၄ ခုနှစ်တွင် နေပြည်တော်၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ဖူးပြီး ထပ်မံ၍ အာဆီယံပြန်ကြားရေးကဏ္ဍဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး (13th SOMRI ) ကို ဧရာဝတီတိုင်းဒေသကြီး ငွေဆောင်တွင် ၂၀၁၅ ခုနှစ်က အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ဖူးသည့် အတွေ့အကြုံများ ရှိခဲ့ပြီးလည်း ဖြစ်ပါသည်။

သို့ဖြစ်၍ ယခင်ရရှိခဲ့ပြီးသည့် အတွေ့အကြုံများအပေါ်တွင် အခြေခံ၍ ယခုတစ်ဖန် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့် ထပ်မံရရှိသည့် (၁၉)ကြိမ်မြောက် အာဆီယံပြန်ကြားရေး ဆပ်ကော်မတီအစည်းအဝေး (19th SCI Meeting)ကို အောင်မြင်စွာ ကျင်းပနိုင်ခြင်းဖြင့် နိုင်ငံ့ဂုဏ်ကို မြှင့်တင်နိုင်ရေး မြန်မာနိုင်ငံ ပြန်ကြားရေးဆပ်ကော်မတီ (SCI-Myanmar) က ဆောင်ရွက်လျက်ရှိပါကြောင်း မှတ်တမ်းပြု ဖော်ပြအပ်ပါသည်။ ။

## ပြည်သူ့သဘောထားစင်မြင့်

*တိုင်းပြည်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကိုမူ သတင်းစာ၏မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင်ပါရှိသမျှတို့သည် သက်ဆိုင်ရာဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေနှင့် မြန်မာ့စီးပွားရေးအလားအလာ

**မေနွယ်အေး**

အခွန်အကောက်များရရှိမှသာ အစိုးရအနေဖြင့် နိုင်ငံတော်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် ရသင့်ရထိုက်သောအခွန်များရရှိရန် လိုအပ်ပါသည်။ ယခု ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး သတ္တမနေ့တွင် ၂၀၁၈ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်းကို ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းပါသည်။ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် ၎င်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာတို့အား ဥပဒေကြမ်းပူးပေါင်းကော်မတီက ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းဖတ်ကြားပြီး အဆိုပါဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့်လွှတ်တော်ကိုယ်စားလှယ်များရှိပါက ၂၀၁၈ ခုနှစ် မတ်လ ၆ ရက်နေ့နောက်ဆုံးထား၍ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာထားပါသည်။

ပြည်ထောင်စုအစိုးရအဖွဲ့ကတင်သွင်းသည့် ဥပဒေကြမ်းနှင့် ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ အစီရင်ခံစာတို့အပေါ် လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးပြီး ပြည်ထောင်စုလွှတ်တော်က အခွန်အကောက်ဥပဒေအဖြစ် ပြဋ္ဌာန်းမည်ဖြစ်ပါသည်။

၂၀၁၈ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်းသည် အကြောင်းအမျိုးမျိုးကြောင့် အခွန်ထမ်းဆောင်ရန် လစ်ဟင်းခဲ့သောဝင်ငွေများနှင့် ပိုင်ဆိုင်မှုများအတွက် အခွန်များကောက်ခံရန် အခြေအနေကို ဖန်တီးပေးပါသည်။ ထိုအချက်ပေါ်မူတည်ပြီး ဥပဒေကြမ်းပူးပေါင်းကော်မတီကလည်း ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံစာတင်သွင်းပြီး ဖြစ်ပါသည်။ ၂၀၁၈ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်းနှင့် ဥပဒေကြမ်းပူးပေါင်းကော်မတီတို့၏ အစီရင်ခံစာအပေါ် အဓိကထား၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးရမည်ဖြစ်ပါသည်။ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ သဘောထားမှတ်ချက်အရ အခွန်ပေးဆောင်ရန် လစ်ဟင်းခဲ့သော သို့မဟုတ် လျော့နည်းပေးဆောင်ခဲ့သော ဝင်ငွေများအတွက် ပထမခြောက်လအတွင်း သုံးရာခိုင်နှုန်း၊ ဒုတိယခြောက်လအတွင်း ငါးရာခိုင်နှုန်း ဖြစ်ပါသည်။ ထို့ပြင် ဘဏ်၌အပ်နှံထားရှိသောငွေကြေး၊ အစုရှယ်ယာထည့်ဝင်သည့် ငွေကြေးတို့အတွက် ပထမခြောက်လအတွင်း ငါးရာခိုင်နှုန်း၊ ဒုတိယခြောက်လအတွင်း ခုနစ်ရာခိုင်နှုန်း ဖြစ်ပါသည်။

ထိုကဲ့သို့ဆောင်ရွက်ရာတွင် ပထမဦးစားပေးအနေဖြင့် အခွန်ထမ်းဆောင်လိုသည့်ငွေများသည် ဘဏ်များ၌ အပ်နှံထားရန် ဦးစားပေးစဉ်းစားဆောင်ရွက်ရမည် ဖြစ်ပါသည်။ ဒုတိယအချက်အနေဖြင့် ဘဏ်များ၌ အပ်နှံထားသည့်ငွေပေါ်မူတည်၍ ဥပဒေနှင့်အညီ အခွန်စည်းကြပ်ရန် လိုအပ်ပါသည်။ အဆိုပါအချက်များကို လွယ်ကူရှင်းလင်းစွာ ဆောင်ရွက်နိုင်ရန် ဤအခွန်အကောက်ဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းပေးရန် လိုအပ်ပါသည်။ ထို့ပြင် တစ်ဦးတစ်ယောက်၊ တစ်ဖွဲ့က ဥပဒေကို လိုသလိုအသုံးပြုခြင်း မရှိစေရန် ဥပဒေတွင် တိကျရှင်းလင်းစွာ ပြဋ္ဌာန်းရန်လည်း လိုအပ်ပါသည်။

ထို့နည်းတူအခွန်စည်းကြပ်ရာတွင် မြေ၊ အဆောက်အအုံနှင့် ယင်းအဆောက်အအုံ၏ အဓိကအစိတ်အပိုင်းများအပါအဝင်ဖြစ်သော မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းများ၊ ရွှေနှင့် အခြားအဖိုးတန်ပစ္စည်းများအပါအဝင် ယာဉ်ကဲ့သို့သော ရွှေ့ပြောင်းနိုင်သော ပစ္စည်းများ၊ ထိတွေ့ကိုင်တွယ်၍ရသော ပစ္စည်းများ၊ ထိတွေ့ကိုင်တွယ်၍ မရသော ပစ္စည်းများတို့ကိုလည်း သတ်မှတ်ကာလအတွင်း အခွန်ထမ်းဆောင်ရန် လိုအပ်ပါသည်။ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ သဘောထားမှတ်ချက်အရ ပစ္စည်းများနှင့်စပ်လျဉ်း၍ ဝင်ငွေခွန်ကျသင့်မည့်ရာခိုင်နှုန်းမှာ ပထမခြောက်လအတွင်း ခုနစ်ရာခိုင်နှုန်း၊ ဒုတိယခြောက်လအတွင်း ၁၀ ရာခိုင်နှုန်း ဖြစ်ပါသည်။

ထိုသို့ထမ်းဆောင်နိုင်စေရန် ရွှေ့ပြောင်းနိုင်သည့်ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သည့်ပစ္စည်းများ အရောင်းအဝယ်ပြုရမည့်အချိန်ကာလကို ဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းပြီး သက်ဆိုင်သူအသီးသီးအနေဖြင့် ပြဋ္ဌာန်းချက်များအတိုင်း တိကျစွာလိုက်နာနိုင်ရန် ဥပဒေကို ရှင်းလင်းတိကျစွာ ပြဋ္ဌာန်းရန် လိုအပ်ပါသည်။ ပစ္စည်းများအရောင်းအဝယ်ပြုလုပ်ရာတွင် အချို့သောကိစ္စရပ်များ၌ လေး၊ ငါး၊ ခြောက်လအထိ ကြာမြင့်တတ်ပါသည်။ ထိုသို့လုပ်ဆောင်ပါက အခွန်ဥပဒေပါ ကာလကန့်သတ်ချက်များကို ကျော်လွန်ပြီး ဥပဒေသည် အကျိုးသက်ရောက်မှုရှိမည်မဟုတ်ပေ။ အဓိကအားဖြင့် အိမ်ခြံမြေကိစ္စရပ်များကို အရောင်းအဝယ် ပြုရာတွင် တစ်လခန့်သာကြာမြင့်စေရန် သက်ဆိုင်ရာဌာနများက လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြီးစီးအောင်လုပ်ဆောင်နိုင်မှ အဆင်ပြေမည်ဖြစ်ပါသည်။ အချိန် ကာလသတ်မှတ်ပြီး အရောင်းအဝယ်စာချုပ်တန်ဖိုးများကို လုပ်ဆောင်ရမည်ဖြစ်ပါသည်။ အခွန်ကောက်ခံရာတွင် ပထမခြောက်လအတွင်းပေးဆောင်ရမည့် တန်ဖိုးက သက်သာပြီး ဒုတိယခြောက်လအတွင်း ပေးဆောင်ရမည့်တန်ဖိုးက ပိုများပါသည်။ သို့ပါ၍ သတ်မှတ်ချိန်ကာလအတွင်း ပြီးမြောက်အောင် ဆောင်ရွက်နိုင်မှသာ သက်သာခွင့်ရမည်ဖြစ်ပါသည်။

အထက်ပါလုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်ပါက ယခုနှစ်တွင် အခွန်များပိုမိုရရှိလာမည် ဖြစ်ပါသည်။ ထို့ပြင် အကြောင်းအမျိုးမျိုးဖြင့် ပြင်ပတွင်ရှိနေသည့် ငွေများ ဘဏ်သို့ရောက်ရှိပါက ၎င်းငွေများကို ငွေကြေးဈေးကွက်၊ အရင်းအနှီးဈေးကွက်နှင့် ရင်းနှီးမြှုပ်နှံမှုတို့တွင် အသုံးပြုနိုင်မည် ဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံမှုကြောင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးပွားလာခြင်း၊ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများ များပြားလာခြင်းတို့ဖြစ်ပေါ်လာပြီး စီးပွားရေးလုပ်ငန်းများ တိုးတက်လာကာ အခွန်များပိုမိုရရှိလာမည် ဖြစ်ပါသည်။ သို့ပါ၍ အခွန်ထမ်းဆောင်ပြီးငွေမှတစ်ဆင့် နိုင်ငံတော်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးတက်လာစေရန် တရားမျှတမှုရှိပြီး ပြည်သူများလိုက်နာနိုင်မည့် အခွန်အကောက်ဥပဒေပြဋ္ဌာန်းခြင်းသည် လွှတ်တော်အတွက် အရေးကြီးဆုံးဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်ပါသည်။ အခွန်အကောက်ဥပဒေကောင်းတစ်ရပ် ပေါ်ထွက်လာရေး၊ အခွန်အကောက်ဥပဒေအား အတည်ပြုရေးတို့ကို လွှတ်တော်က ဆောင်ရွက်ပေးမည်ဟု ယုံကြည်ပါသည်။

၂၀၁၈ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေကြမ်းအား လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးရာတွင် အစိုးရအဖွဲ့ကတင်ပြသည့်ပုံစံ သို့မဟုတ် ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ သဘောထားမှတ်ချက် ပုံစံ စသည်ဖြင့် မည်သည့်ပုံစံကို ရွေးချယ်ဆွေးနွေးမည်ဆိုသည်မှာ စိတ်ဝင်စားဖွယ်ရာ ဖြစ်ပါသည်။ မည်သည့်ပုံစံကိုရွေးချယ်သည်ဖြစ်စေ ၂၀၁၈ ခုနှစ် အခွန်အကောက်ဥပဒေအား ပြဋ္ဌာန်းခြင်းအားဖြင့် မြန်မာ့စီးပွားရေးအလားအလာကောင်းဖြစ်လာအောင် ဆောင်ရွက်ပေးနိုင်ကြပါစေကြောင်း တင်ပြအပ်ပါသည်။ ။

**ရင်းနှီးမြှုပ်နှံမှုကြောင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးပွားလာခြင်း၊ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများ များပြားလာခြင်းတို့ ဖြစ်ပေါ်လာပြီး စီးပွားရေးလုပ်ငန်းများတိုးတက်လာကာ အခွန်များ ပိုမိုရရှိလာမည်ဖြစ်. . .**

**အခွန်ထမ်းဆောင်ပြီးငွေမှတစ်ဆင့် နိုင်ငံတော်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးတက်လာစေရန် တရားမျှတမှုရှိပြီး ပြည်သူများ လိုက်နာနိုင်မည့် အခွန်အကောက်ဥပဒေပြဋ္ဌာန်းခြင်းသည် လွှတ်တော် အတွက် အရေးကြီးဆုံးဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်. . .**

## UPR အကြံပြုတိုက်တွန်းချက်များ အကောင်အထည်ဖော်မှုနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်နှင့် အရပ်ဘက်အဖွဲ့အစည်းများ တွေ့ဆုံဆွေးနွေး




**နေပြည်တော် မတ် ၅**

ကမ္ဘာ့နိုင်ငံအားလုံး၏ လူ့အခွင့်အရေးအခြေအနေကို ပုံမှန်သုံးသပ်သည့် လုပ်ငန်းစဉ်(Universal Periodic Review – UPR) ဒုတိယအကျော့ သုံးသပ်မှုခံယူစဉ်က မြန်မာနိုင်ငံကလက်ခံခဲ့သော အကြံပြုတိုက်တွန်းချက်များ အကောင်အထည်ဖော်မှုနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်နှင့် အရပ်ဘက်အဖွဲ့အစည်းများ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့တွင် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး ကော်မရှင်အဖွဲ့ဝင် ဦးညွန့်ဆွေက UPR အကြောင်း အကျဉ်းချုပ်နှင့် မြန်မာနိုင်ငံက လက်ခံခဲ့သည့် အကြံပြုတိုက်တွန်းချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကာ ဆွေးနွေးပွဲတက်ရောက်သည့် အရပ်ဘက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက ပြန်လည်ဆွေးနွေး ပြောကြားခဲ့ကြကြောင်း သိရသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အရပ်ဘက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။ **သတင်းစဉ်**

## ပင်လည်ဘူးရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံမှ မြန်မာ့အသံ FM ရေဒီယို အစီအစဉ်များ စမ်းသပ်ထုတ်လွှင့်

**နေပြည်တော် မတ် ၅**

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ မြန်မာ့အသံ FM ရေဒီယိုလွှင့်စက်များ တိုးချဲ့တပ်ဆင်ရေး ဆောင်ရွက်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ပင်လည်ဘူးမြို့ ပင်လည်ဘူးရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ၌ မြန်မာ့အသံ FM ရေဒီယိုလွှင့်စက်နှင့် Antenna တပ်ဆင်ခြင်းလုပ်ငန်းများကို ဖေဖော်ဝါရီ ၂၂ ရက်မှ ၂၅ ရက်အထိ တပ်ဆင်ခဲ့ပြီး ၂၅ ရက်မှစတင်၍ လွှင့်အား 150 W၊ လှိုင်းနှုန်း 91.0 MHz ဖြင့် FM ရေဒီယို အစီအစဉ်များကို နံနက် ၅ နာရီမှ ည ၁၀ နာရီခွဲအထိ စမ်းသပ်ထုတ်လွှင့်လျက်ရှိသည်။ အဆိုပါစက်ရုံမှ FM ရေဒီယိုအစီအစဉ်ထုတ်လွှင့်မှုများကို တမောသာ၊ နောင်ကင်း၊ ဟင်းနုကြီး၊ ကညင်ကုန်း၊ တောင်နီ၊ ရေယွန်းပြစ်၊ ဟဲသတ်၊ အင်ကြင်းသာကျေးရွာများအထိ ကောင်းမွန်စွာဖမ်းယူရရှိနိုင်ပြီဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

### ဘင်္ဂလားပင်လယ်အော် အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

# ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း EU လူ့အခွင့်အရေးဆိုင်ရာအထူးကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ



**နေပြည်တော် မတ် ၅**

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် EU လူ့အခွင့်အရေးဆိုင်ရာ အထူးကိုယ်စားလှယ် H.E.Mr. Stavros Lambrinidis အား ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် ဧည့်သည်တော် EU လူ့အခွင့်အရေးဆိုင်ရာ အထူးကိုယ်စားလှယ်က မြန်မာနှင့် EU အကြား ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန်လည်ပတ်ခဲ့မှုအခြေအနေများ၊ ရခိုင်အရေးကိစ္စနှင့်ပတ်သက်ပြီး ပူးပေါင်းဖြေရှင်းဆောင်ရွက်သွားမည့်အခြေအနေများ၊ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၂၆ ရက်တွင် ကုလသမဂ္ဂအဖွဲ့ဝင် ၂၈ နိုင်ငံက ရခိုင်အရေးကိစ္စနှင့်ပတ်သက်၍ သုံးသပ်ချက်တစ်ခု ချမှတ်ဆောင်ရွက်ခဲ့သည့် အခြေအနေများအား ဦးစွာဆွေးနွေးပြောကြားပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ရခိုင်ပြည်နယ်အတွင်း ၂၀၁၇ ခုနှစ် ဩဂုတ်လနောက်ပိုင်း တည်ငြိမ်အေးချမ်းမှုရှိအောင် ဆောင်ရွက်နေမှုအခြေအနေများနှင့် မောင်တောမြို့နယ် အင်းဒင်ကျေးရွာ၌ အမည်မသိရုပ်အလောင်းများတွေ့ရှိမှုအပေါ် လူ့အခွင့်အရေးချိုးဖောက်မှုရှိ၊ မရှိ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးသည်။

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က ၂၀၁၆ ခုနှစ် အောက်တိုဘာ ဖြစ်စဉ်မှ ၂၀၁၇ ခုနှစ် ဩဂုတ်အတွင်း ARSA အစွန်းရောက်အကြမ်းဖက်အဖွဲ့များက ဘင်္ဂါလီကျေးရွာ တစ်ရွာချင်းအား စည်းရုံးသိမ်းသွင်း ခြိမ်းခြောက်ခဲ့မှုအပါအဝင် ပြန်လည်လက်ခံရေးအတွက် အသင့်ဖြစ်နေမှုတို့ကို ဆွေးနွေးပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ၁၀ ဦးနှင့်အထက်ရှိသော လုပ်ငန်းများမှ အလုပ်သမားများအတွက် တစ်ရက်လုပ်ခ လစာ ၄၈၀၀ ကျပ်အဖြစ် ပြင်ဆင်သတ်မှတ်




**နေပြည်တော် မတ် ၅**

မြန်မာနိုင်ငံရှိ အလုပ်သမားများအတွက် တစ်ရက်လုပ်ခလစာငွေကျပ် ၄၈၀၀ အား နေရာဒေသနှင့် လုပ်ငန်းအမျိုးအစား မခွဲခြားဘဲ တစ်နိုင်ငံလုံး တစ်ပြေးညီ ပြင်ဆင်သတ်မှတ်လိုက်ကြောင်း ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီ၏ ပဥ္စမအကြိမ် ညှိနှိုင်းအစည်းအဝေးမှ သိရသည်။

ညှိနှိုင်းအစည်းအဝေးတွင် အနည်းဆုံး အခကြေးငွေသတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက အလုပ်ရှင်၊ အလုပ်သမားများ၏ ရေရှည်အကျိုးအတွက် အနည်းဆုံးအခကြေးငွေတစ်ရပ်ကို ဥပဒေနှင့်အညီ အမြန်ဆုံးပေါ်ထွန်းလာရေး အမျိုးသားကော်မတီ၏ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် ချမှတ်ခဲ့သည့် လုပ်ငန်းစဉ် ငါးရပ်အတိုင်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ လုပ်ငန်းစဉ်(၁)ဖြစ်သည့် အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီကို နိုင်ငံတော်သမ္မတရုံးက ပြန်လည်ဖွဲ့စည်းပေးခဲ့ပြီး အမျိုးသားကော်မတီက ပြည်ထောင်စုနယ်မြေကော်မတီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ကော်မတီများကို အသစ်ပြန်လည်ဖွဲ့စည်းပေးခဲ့ကြောင်း၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် အထက်မြန်မာပြည်နှင့် အောက်မြန်မာပြည်ရှိ အလုပ်ရှင်၊ အလုပ်သမားများနှင့် တွေ့ဆုံပွဲများ ကျင်းပကာ လူမှုအဖွဲ့အစည်းများပါဝင်သည့် ဖိုရမ်ကို ရန်ကုန်မြို့၌ ကျင်းပခဲ့ကြောင်း၊ ပြည်ထောင်စုနယ်မြေ၊ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ကော်မတီများမှ နယ်မြေဒေသအလိုက် သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲများကို ၂၈ ကြိမ်တိုင် ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း၊ လုပ်ငန်းစဉ်(၃)အရ အလုပ်သမားများ၏ နေထိုင်စားသောက်မှုစရိတ် စစ်တမ်းကောက်ယူမှုကို အချို့တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် လူဦးရေများပြားသည့် စက်ရုံများ ရွေးချယ်ဆောင်ရွက်ခဲ့ကြောင်းလည်း ပြောကြားခဲ့သည်။

တစ်နိုင်ငံလုံးတစ်ပြေးညီ ပြင်ဆင်သတ်မှတ်သည့် အနည်းဆုံးအခကြေးငွေကို တစ်နာရီလျှင် ငွေကျပ် ၆၀၀ နှုန်းဖြင့် တစ်ရက်အလုပ်ချိန် ရှစ်နာရီအတွက် ငွေကျပ် ၄၈၀၀ အား အလုပ်သမား ၁၀ ဦး အောက်ရှိသည့် လုပ်ငန်းငယ်များ၊ မိသားစုတစ်ပိုင်တစ်နိုင် လုပ်ငန်းနှင့် သက်ဆိုင်မှုမရှိကြောင်းကို ဇန်နဝါရီ ၂ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ်(၁/၂၀၁၈)ဖြင့် အဆိုပြုအနည်းဆုံးအခကြေးငွေ ထုတ်ပြန်ကြေညာနိုင်ခဲ့ကြောင်းလည်း ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ဆိုသည်။

ယင်းသို့ အဆိုပြုနှုန်းထား ထုတ်ပြန်ခဲ့ခြင်းအပေါ် အကြံပြုခြင်း၊ ကန့်ကွက်ခြင်း၊ ပြင်ဆင်ခြင်း၊ ထောက်ခံခြင်းနှင့် သဘောထားမှတ်ချက်ပေးပို့ခြင်းများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၅ ခု အနက် ကန့်ကွက်ချက်များအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၀ ခုတို့မှ ကန့်ကွက်လွှာ ၄၀၉၂ ခုရရှိပြီး ထောက်ခံတင်ပြလွှာ ၁၁ ခုကို လက်ခံရရှိခဲ့ကြောင်းနှင့် ကျန်ရှိသည့် ပြည်ထောင်စုနယ်မြေ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် ချင်းပြည်နယ်စသည့် ပြည်နယ်ငါးခုမှ ကန့်ကွက်ချက်၊ ပြင်ဆင်ချက်နှင့် အကြံပြုချက်များ တင်ပြလာမှုမရှိကြောင်းလည်း သိရသည်။

လက်ရှိအချိန်သည် အဆိုပြုအနည်းဆုံး အခကြေးငွေအပေါ် ကန့်ကွက်လိုလျှင် ကန့်ကွက်နိုင်ရေး အများပြည်သူသိရှိစေရန် ထုတ်ပြန်ကြေညာချက် ရက်ပေါင်း ၆၀ ပြည့်ပြီးဖြစ်၍ ဥပဒေအရ လေ့လာစိစစ်ပြီး အနည်းဆုံးအခကြေးငွေ နှုန်းထားတစ်ရပ် သတ်မှတ်နိုင်ရန် ဆောင်ရွက်ရမည်ဖြစ်သည့်အတွက် အမျိုးသားကော်မတီအနေဖြင့် ယခုကဲ့သို့ ပဥ္စမအကြိမ်ညှိနှိုင်းအစည်းအဝေး ကျင်းပရခြင်းဖြစ်ကြောင်းနှင့် ယနေ့အစည်းအဝေးသို့ တက်ရောက်လာသည့် အမျိုးသားကော်မတီဝင်များ၏ ဆန္ဒသဘောထားနှင့်အညီ မြန်မာနိုင်ငံ၏ လက်ရှိပကတိအခြေအနေနှင့် ကိုက်ညီပြီး အလုပ်ရှင်၊ အလုပ်သမားနှစ်ဦးနှစ်ဖက်အတွက် မျှတသည့် အနည်းဆုံး အခကြေးငွေ နှုန်းထားကို အောင်မြင်စွာ အတည်ပြုသတ်မှတ်နိုင်ရန် ပွင့်ပွင့်လင်းလင်းဆွေးနွေးပေးစေလိုကြောင်း ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ပြောကြားခဲ့သည်။

ယနေ့ကျင်းပခဲ့သော အစည်းအဝေးမှ ၁၀ ဦးနှင့်အထက်ရှိသော လုပ်ငန်းများအတွက် တစ်နာရီလုပ်ခလစာ ၆၀၀ ကျပ်နှုန်းဖြင့် တစ်ရက်အလုပ်ချိန် ရှစ်နာရီအတွက် လုပ်ခလစာ ၄၈၀၀ ကျပ်နှုန်း သတ်မှတ်ခဲ့ကြောင်းနှင့် သတ်မှတ်ခဲ့သော အနည်းဆုံး လုပ်ခလစာ ၄၈၀၀ ကျပ်နှုန်းထားကို အစိုးရအဖွဲ့ရုံးသို့ ဆက်လက်တင်ပြသွားမည် ဖြစ်ကြောင်းလည်း သိရသည်။ **ကြေးမုံ**

## အနုသုခုမဆိုင်ရာ သုတေသန စာတမ်းဖတ်ပွဲ ကျင်းပ

**နေပြည်တော် မတ် ၅**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန၏ အနုသုခုမဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲကို ယနေ့နံနက် ၉ နာရီတွင် အဆိုပါဝန်ကြီးဌာန၌ ကျင်းပသည်။

စာတမ်းဖတ်ပွဲတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက မိမိတို့နိုင်ငံသည် ယဉ်ကျေးမှုဆိုင်ရာ အနုသုခုမ ဆိုင်ရာအမွေအနှစ်များ လွန်စွာပေါကြွယ်ဝပြီး ခိုင်မာသည့် အထောက်အထားများဖြင့် ပြည့်စုံလျက်ရှိပါကြောင်း၊ ရုပ်ပိုင်းဆိုင်ရာအရသာမက စိတ်ပိုင်းဆိုင်ရာအရပါ အကျုံးဝင်သည့် ဒြပ်ရှိဒြပ်မဲ့ ယဉ်ကျေးမှု အမွေအနှစ်ပေါင်းများစွာသည်လည်း နိုင်ငံနှင့်အဝန်းတွင် များပြားစွာတည်ရှိနေပါကြောင်း၊ ယခုဖတ်ကြား တင်သွင်းမည့် သုတေသနစာတမ်းများသည် အမျိုးသားအမွေအနှစ်ဖြစ်သည့် ဒြပ်ရှိ ဒြပ်မဲ့ ယဉ်ကျေးမှုများကို ဖော်ညွှန်းနေသည့် စာတမ်းများဖြစ်ပါကြောင်း၊ စာတမ်းရှင်များ ကိုယ်တိုင်ကလည်း သက်ဆိုင်ရာဘာသာရပ်များတွင် စာတွေ့သာမက လက်တွေ့နယ်ပယ်မှာပါ ထဲထဲဝင်ဝင် ကျွမ်းကျွမ်းကျင်ကျင် ဆောင်ရွက်လျက်ရှိသော ပုဂ္ဂိုလ်များဖြစ်ကြပါကြောင်း ပြောကြားသည်။

ထို့နောက် အနုသုခုမဆိုင်ရာစာတမ်းဖတ်ပွဲတွင် သဘာပတိများအဖြစ် အငြိမ်းစား ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဝင်း (စာရေးဆရာ မနုသကျော်ဝင်း) နှင့် ဒေါက်တာရဲဒွေးတို့ကဆောင်ရွက်ခဲ့ကြပြီး စာတမ်းရှင် ဒေါ်မမနိုင် (မြန်မာ့ရုပ်သေး)က "မြန်မာ့ရုပ်သေးအနုပညာ မြန်မာ့ရုပ်သေး ရေစီးကြောင်း" စာတမ်းကိုလည်းကောင်း၊ စာတမ်းရှင် ဦးရဲထွဋ်မှူ စာရေးဆရာ (သန်လျင် မောင်ဝင်းဝါ)က "အမျိုးသား ပြဇာတ်စာပေ" စာတမ်းကိုလည်းကောင်း၊ စာတမ်းရှင် ရွှေကူနန်းနွဲ့နွဲ့က "မြန်မာသံစဉ် ခုနစ်ပါးနှင့် မဟာဂီတကောက်နုတ်ချက်များ" စာတမ်းကို လည်းကောင်း ဖတ်ကြားခဲ့ကြသည်။

ထို့နောက် စာတမ်းများနှင့် ပတ်သက်၍ တက်ရောက်လာကြသူများက ဆွေးနွေးမေးမြန်းကြရာ စာတမ်းရှင်များက ပြန်လည်ဖြေကြားခဲ့ကြသည်။

**သတင်းစဉ်**

## နည်းပညာအသုံးပြုမှု ပိုမိုဖွံ့ဖြိုးလာစေရန် ကွန်ပျူတာသင်တန်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိ

**ပဲခူး မတ် ၅**

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက အကြီးတန်းစာရေးနှင့် အငယ်တန်းစာရေးဝန်ထမ်းများအား တိုးတက်လာသည့် ခေတ်စနစ်နှင့်အညီ ရုံးလုပ်ငန်းများ ပိုမိုသေသပ်တိကျ လျင်မြန်ချောမွေ့စွာ ဆောင်ရွက်နိုင်စေရေးအတွက် ရည်ရွယ်ဖွင့်လှစ်သည့် ဌာနတွင်း ကွန်ပျူတာသင်တန်း အမှတ်စဉ်(၃) ဖွင့်ပွဲအခမ်းအနားကို ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ရှိ ဆည်မြောင်းပညာရပ်ဖွံ့ဖြိုးမှု လေ့ကျင့်ရေးဌာနခွဲ (ITC-Bago)တွင် မတ် ၅ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပဲခူးမြို့ရှိ ဆည်မြောင်းပညာရပ် ဖွံ့ဖြိုးမှု လေ့ကျင့်ရေးဌာနခွဲ(ITC)မှ ညွှန်ကြားရေးမှူး ဦးဇော်မင်းထွဋ်က သင်တန်းဖွင့် အမှာစကားပြောကြားပြီး သင်တန်းတာဝန်ခံ ဦးစိုင်းဝဏ္ဏ (ဦးစီးအရာရှိ-မြို့ပြ)၊ ဦးနိုင်လင်းထွန်း (ဦးစီးအရာရှိ - မြို့ပြ)၊ ဒေါ်သိမ့်သိမ့်အေး(ဦးစီးမှူး-ကွန်ပျူတာ)၊ ဒေါ်ခိုင်ခိုင်လွင်ထွန်း (ဒု-ဦးစီးမှူး ကွန်ပျူတာ)နှင့် ဒေါ်သီဂီမိုးမိုးစံတို့က သင်ကြားပို့ချပေးလျက်ရှိသည်။

"ဒီကွန်ပျူတာ သင်တန်းက ဝန်ထမ်းတစ်ဦးအတွက် ခေတ်စနစ်အရ မဖြစ်မနေတတ်ထားသင့်တဲ့ ပညာရပ်တစ်ခု ဖြစ်ပါတယ်၊ Microsoft Office Word၊ Excel နဲ့ Power Point ဘာသာရပ်တွေအပြင် ဆက်သွယ်ရေးကွန်ရက်မြန်ဆန်စေဖို့ အင်တာနက်စနစ် (Email & Gmail) ချိတ်ဆက်သုံးစွဲနည်းတွေပါ ပို့ချပေးတဲ့အတွက် ပိုပြီးအကျိုးရှိစေပါတယ်၊ ကွန်ပျူတာစနစ်အခြေခံတဲ့ အင်တာနက်အသုံးပြုမှုပညာတွေဟာ ဝန်ထမ်းတွေတင်မဟုတ်ဘဲ လူတိုင်းတတ်သင့်ပြီး လူ့အဖွဲ့အစည်းအတွက် အကျိုးရှိရှိ သုံးစွဲစေချင်ပါတယ်"ဟု အဆိုပါသင်တန်းတက်ရောက်သင်ကြားလျက်ရှိသည့် ဖျာပုံခရိုင်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ဦးညွန့်ဗိုလ်(အငယ်တန်းစာရေး)က ပြောသည်။

အဆိုပါသင်တန်းအား မတ် ၅ ရက်မှ ၁၆ ရက်ထိ ရက်သတ္တနှစ်ပတ်ကြာဖွင့်လှစ်သွားမည်ဖြစ်ပြီး အလားတူသင်တန်းများ ဆက်တိုက်ဖွင့်လှစ်ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သပြေထွန်း**

# ရွှေတိဂုံစေတီတော် ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာနှင့် သံဃာအပါး ၁၈၀၀၀ ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အောင်မြင်ခြင်းအထိမ်းအမှတ် မှတ်တမ်းဓာတ်ပုံပြပွဲ ကျင်းပ

**ရန်ကုန် မတ် ၅**

ရွှေတိဂုံစေတီတော်မြတ်ကြီး ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာနှင့် သံဃာအပါး ၁၈၀၀၀ တို့အား ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အောင်မြင်ခြင်းအထိမ်းအမှတ် မှတ်တမ်းတင်ဓာတ်ပုံပြပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ ညနေ ၅ နာရီတွင် ရွှေတိဂုံစေတီတော် မြောက်ဘက်မုခ်အနီးရှိ ချမ်းသာကြီးတန်ဆောင်း၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးမောင်မောင်စိုးတို့ တက်ရောက်၍ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တကုဏ္ဍိဗလ( နိုင်ငံတော်စွမ်းဆောင်ရည်ဆု၊ ဇေယျာလူမှုထူးချွန်ဆု၊ ကမ္ဘာ့ငြိမ်းချမ်းရေးစေတမန်ဆုရ)က အဖွင့်ဩဝါဒကထာ မြွက်ကြားချီးမြှင့်သည်။

ထို့နောက် ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ဝမ်းမြောက်ဂုဏ်ပြုစကားပြောကြားရာတွင် ရွှေတိဂုံစေတီတော်မြတ်ကြီး ဗုဒ္ဓါဘိသေကအနေကဇာတင်မဟာမင်္ဂလာနှင့် သံဃာအပါး ၁၈၀၀၀ ဆွမ်းဆန်စိမ်း လောင်းလှူပွဲကြီးကို ဇန်နဝါရီ ၁ ရက်တွင် အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ ဗုဒ္ဓသာသနာအတွက် အားလုံးဝိုင်းဝန်းကြိုးပမ်းခဲ့ကြသည်ဆိုသော စိတ်စေတနာဖြစ်ထွန်းစေရန် မှတ်တမ်းတင်ထားသည့် ဓာတ်ပုံများအား ပြန်မြင်ပြီး အားလုံးသာဓုခေါ်နိုင်ရန်အတွက် ဆောင်ရွက်သည့်ပွဲဖြစ်ပါကြောင်း၊ ဒီဓာတ်ပုံမှတ်တမ်းတွေသည် သမိုင်းမှတ်တမ်းအဖြစ် ကျန်ရစ်ခဲ့မှာဖြစ်ပါကြောင်း၊ နောင်လာနောက်သားတွေ၏ ရင်ထဲတွင် ကုသိုလ်ပွားများနိုင်ရန်အတွက် ဓာတ်ပုံမှတ်တမ်းများကို ပြသခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ဓာတ်ပုံပြပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ခြင်း၊ လက်ဆောင်ပစ္စည်းများ ပေးအပ်ခြင်းနှင့် ဓာတ်ပုံမှတ်တမ်းများရိုက်ကူးခဲ့ပြီး ဓာတ်ပုံပြပွဲအား ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါ ဓာတ်ပုံပြပွဲကို ယနေ့မှစ၍ သင်္ကြန်ကာလအထိ ချမ်းသာကြီးတန်ဆောင်းအတွင်း ရွှေတိဂုံစေတီတော်ဖွင့်ချိန် နံနက် ၄ နာရီမှ ပိတ်ချိန် ည ၁၀ နာရီထိ ပြသထားမည်ဖြစ်ရာ ဓာတ်ပုံပညာရှင် ၄၀ တို့၏ ဓာတ်ပုံပေါင်း ၃၅၀ ကျော် ပါဝင်ပြသထားကြောင်း သိရသည်။

**သတင်း-အေးမင်းသူ**
**ဓာတ်ပုံ-ဇာနည်မောင်**



# ကိုယ်လက်လှုပ်ရှားဆေးတစ်ပါး အကြိုလှုပ်ရှားမှု အခမ်းအနား ကျင်းပ

**ရန်ကုန် မတ် ၅**

အများပြည်သူများ ကျန်းမာကြံ့ခိုင်ပြီး ရောဂါများမဖြစ်ပွားအောင် ကာကွယ်ခြင်း၊ ဖြစ်ပွားသောရောဂါများ လေ့ကျင့်ခန်းများ ပြုလုပ်ခြင်းဖြင့် လျော့ကျစေရန်နှင့် လူတိုင်းသက်တမ်းစေ့ အသက်ရှည်အနာမဲ့စွာ နေထိုင်နိုင်ရန် ရည်ရွယ်၍ မြန်မာနိုင်ငံအမျိုးသမီး အားကစားအဖွဲ့ချုပ်နှင့် ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးအားကစားဆပ်ကော်မတီတို့ ပူးပေါင်းကျင်းပသည့် မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ်၏ ကိုယ်လက်လှုပ်ရှားဆေးတစ်ပါး(Exercise is Medicine) အကြိုလှုပ်ရှားမှု အခမ်းအနားကို ယနေ့ နံနက် ၈ နာရီက ရန်ကုန်မြို့ သာကေတမြို့နယ်ရှိ Water Boom ၌ ကျင်းပခဲ့သည်။

အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ တာဝန်ရှိသူများ၊ ကိုယ်လက်လှုပ်ရှားအားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်ခင်လေးက အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာမြလေးစိန်က ကိုယ်လက်လှုပ်ရှားဆေးတစ်ပါး(Exercise is Medicine) နှင့် Zumba ကစားခြင်းဖြင့် ရရှိသည့် အကျိုးကျေးဇူးများကို ရှင်းလင်းတင်ပြသည်။



ဆက်လက်၍ ဆရာကြီးဦးခင်မောင်ဆွေက သွေးလည်ပတ်မှုကောင်းစေရန်အတွက် Yoga အကြောလျှော့ လေ့ကျင့်စဉ်ဖြင့် စုပေါင်းလှုပ်ရှားပြသခဲ့ပြီး တက်ရောက်လာကြသည့် ကိုယ်လက်လှုပ်ရှား အားကစားဝါသနာရှင်များက Aerobic ကို အခြေခံ၍ Zumba Basic လေ့ကျင့်စဉ်များအား စုပေါင်းလှုပ်ရှားကစားခဲ့ကြသည်။

အဆိုပါကိုယ်လက်လှုပ်ရှား ဆေးတစ်ပါး အကြိုလှုပ်ရှားမှုများကို ရန်ကုန်မြို့တွင် ပြည်သူတစ်ရပ်လုံး သိရှိပါဝင်လာနိုင်စေရန် မတ် ၁၁ ရက် နံနက် ၆ နာရီမှ ၇ နာရီအထိ ကျိုက္ကဆံအားကစားကွင်းတွင် လည်းကောင်း၊ မတ် ၁၈ ရက် နံနက် ၆ နာရီမှ ၇ နာရီအထိ ပြည်သူ့ရင်ပြင်တွင် လည်းကောင်း၊ မတ် ၂၅ ရက် နံနက် ၆ နာရီမှ ၇ နာရီအထိ သခင်မြပန်းခြံတွင် လည်းကောင်း စုပေါင်းလှုပ်ရှားကစားသွားမည်ဖြစ်ရာ မည်သူမဆို ပါဝင်ကစားနိုင်ကြောင်း သိရသည်။

**ကြေးမုံ**

❖ **ကျောဖုံးမှ**

ကျောက်တောင်များ၊ တောအုပ်များနှင့် ကြည်လင်လှပသော ရေပြင်သဘာဝသန္တာကျောက်တန်းများ၊ ပြန့်ပြူးသော ကမ်းစပ်တို့ဖြင့် လှပသော ကျွန်းတစ်ကျွန်းဖြစ်သည့်အတွက် ပြည်တွင်း ပြည်ပ ခရီးသွားများမှာ စိတ်အေးချမ်းသာစွာ အပန်းဖြေလေ့လာရင်း လာရောက်လည်ပတ်ကြကြောင်း သိရသည်။

**ကိုကိုမောင်(မြန်/ဆက်)**

❐ **အာဆီယံမှ**

ပြင်ဆင်ခြင်းဖြစ်ပြီး ယင်းပြိုင်ပွဲကျင်းပမည့် ကာလအပေါ်မူတည်၍ ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

၂၀၁၈ အာဆီယံ အမျိုးသမီးပြိုင်ပွဲကို မူလက ဇူလိုင်တွင် ကျင်းပရန် စီစဉ်ထားသော်လည်း အိမ်ရှင်နိုင်ငံဖြစ်သော အင်ဒိုနီးရှားနိုင်ငံက မေလသို့ ပြောင်းလဲကျင်းပခွင့်ရရန် တောင်းဆိုထားရာ မတ် ၁၁ ရက်တွင် ဩစတြေးလျနိုင်ငံ၌ ကျင်းပမည့် အာဆီယံဘောလုံးအဖွဲ့ချုပ် ကောင်စီအစည်းအဝေးတွင် အတည်ပြုမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းသည် ပြိုင်ပွဲကျင်းပမည့်ရက် အတည်ပြုပြီးမှသာ နိုင်ငံတကာခြေစမ်းပွဲကစားမည့် အစီအစဉ်များကို ဆောင်ရွက်နိုင်မည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်**




မြန်မာအမျိုးသမီးအသင်း ဝါရင့်ကွင်းလယ်လူ သန်းသန်းထွေး။

❍ **နွေရာသီမှ**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် အကယ်ဒမီဖွင့်လှစ်ထားသည့် မြို့ကြီးတို့တွင် ဖွင့်လှစ်ခြင်းဖြစ်ပြီး ရန်ကုန်မြို့တွင် ၄၂၀ ကျော်၊ မန္တလေးမြို့တွင် ၁၅၀ ကျော်၊ ပုသိမ်မြို့တွင် ၇၀ ကျော် တက်ရောက်သင်ကြားလျက်ရှိသည်။ ယင်းသင်တန်းကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နည်းစနစ်ဒါရိုက်တာနှင့် တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးတင်မြင့်အောင်၊ လူငယ်ဖွံ့ဖြိုးရေးနည်းစနစ်ဒါရိုက်တာ ဦးဝင်းသူမိုး ဦးဆောင်၍ မြန်မာ ယူ-၁၆ အသင်းနည်းပြချုပ် ဦးညီညီလတ်၊ အာရှဘောလုံးအဖွဲ့ချုပ် လိုင်စင်ရနည်းပြများက သင်ကြားပေးလျက်ရှိသည်။

ထို့ပြင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အကယ်ဒမီများတွင် လာရောက်သင်ကြားနေသည့် ဂျပန်နိုင်ငံသား နည်းပြဆရာများကလည်း ကူညီသင်ကြားပေးလျက်ရှိသည်။ ယခုဖွင့်လှစ်နေသော နွေရာသီ လူငယ်ဘောလုံးသင်တန်းကို မတ် ၅ ရက်မှ ဧပြီ ၅ ရက်အထိ တစ်ပတ်လျှင် တနင်္လာ၊ အင်္ဂါ၊ ကြာသပတေးနှင့် သောကြာနေ့တို့တွင် သင်ကြားမည်ဖြစ်သည်။

ရန်ကုန်မြို့တွင် ဖွင့်လှစ်သည့် နွေရာသီဘောလုံးသင်တန်းတွင် တက်ရောက်သူ ၄၀၀ ကျော်သောကြောင့် သုဝဏ္ဏမြက်ခင်းတုကွင်းအပြင် အောင်ဆန်းနှင့် ပဒုမ္မာကွင်းတို့တွင်လည်း သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

ယခုဖွင့်လှစ်နေသော နွေရာသီလူငယ်ဘောလုံးသင်တန်းတွင် တက်ရောက်လျက်ရှိသော ကလေးသူငယ်များအတွက် အခွင့်အရေးကောင်းများရှိနေပြီး မျိုးလှိုင်ဝင်း၊ မင်းသူအပါအဝင် နာမည်ကြီးလက်ရွေးစင်ဘောလုံးသမားဟောင်းများ၏ သင်ကြားပေးမှုရမည့်အပြင် ခြေစွမ်းခြေစရှိသည့် ကစားသမားများမှာလည်း လူငယ်လက်ရွေးစင်အဖြစ် ရွေးချယ်ခံရမည့် အခွင့်အရေးရှိနေခြင်းဖြစ်သည်။

မြန်မာလူငယ်အသင်းများကို ကိုင်တွယ်နေသည့် နည်းပြများသည် ယခုသင်တန်းတွင် လာရောက်ကြည့်ရှုလျက်ရှိပြီး ခြေစွမ်းခြေစရှိသည့်ကစားသမားများအား ပဏာမလူငယ်လက်ရွေးစင်အဖြစ် ရွေးချယ်၍ စမ်းသပ်လေ့ကျင့်ပေးမည်ဖြစ်ကာ အသင်းနှင့်အံဝင်ပါက လူငယ်လက်ရွေးစင်အဖြစ် ရွေးချယ်မည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်**

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

# ထုတ်လုပ်မှုမြှင့်တင်ခြင်းဖြင့် နိုင်ငံ့စီးပွားတိုးတက်ရေး

တည်ကြည်မောင်

ယနေ့မြန်မာနိုင်ငံ၏ စီးပွားရေးကောင်းသည်၊ မကောင်းသည်ဆိုသည်ကို အားလုံး အလွယ်တကူ သုံးသပ်နိုင်မည်ထင်သည်။ နိုင်ငံတစ်ခု၏ စီးပွားရေး ဘတိုးတက်ရန်အတွက် အခြေခံအားဖြင့် ထုတ်လုပ်မှု တိုးတက်မှုသာ ဖြစ်နိုင်ဖွယ်ရှိပါသည်။ နိုင်ငံ၏ ကုန်ထုတ်လုပ်မှုတိုးတက်ရန်အတွက် အားပေးမြှင့်တင် ဆောင်ရွက်နိုင်ခြင်းဖြင့် သွင်းကုန်အစားထိုးခြင်းနှင့် ပို့ကုန်မြှင့်တင်ခြင်းကိုလည်း တစ်ပြိုင်တည်း ဖြည့်ဆည်း ဆောင်ရွက်ပြီးဖြစ်မည် ဖြစ်သည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာန၏ စာရင်းများကိုအခြေခံကာ မီဒီယာများတွင် ဖော်ပြပါရှိသည့် ကိန်းဂဏန်းများအရ မြန်မာနိုင်ငံ၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် ကုန်သွယ်ရေးလိုငွေ ပမာဏ အမေရိကန်ဒေါ်လာ ၃ ဒသမ ၆၅ ဘီလီယံ ရှိသည်ဟု သိရသည်။ ယင်းသည် ဇန်နဝါရီ ၁၉ ရက် အထိ တွက်ချက်ထားသည့် ကိန်းဂဏန်းတစ်ခုသာ ဖြစ်ရာ ဘဏ္ဍာနှစ်ကုန်တွင် ထိုထက် ပိုမိုများပြား လာမည့် အခြေအနေလည်း ရှိနေသည်။

ယခင်က ကုန်သွယ်ရေးလိုငွေဖြစ်ပေါ်သည့်အခါ အဓိကအားဖြင့် ကျောက်မျက်အပါအဝင် သတ္တု သယံဇာတများ ရောင်းချခြင်း၊ ဓာတ်ငွေ့ရောင်းချခြင်း၊ သစ်တောထွက်ပစ္စည်းများ ရောင်းချခြင်းတို့ဖြင့် ပြန်လည်ဖြည့်တင်းနိုင်ခဲ့ကြသည်။ ယခုအခါတွင် ထုတ်လုပ်မှုမြှင့်တင်သည့် စီးပွားရေးခေတ်သို့ ရောက်ရှိ လာခဲ့ရာ မြန်မာနိုင်ငံအနေဖြင့် ထုတ်လုပ်မှုတိုးမြှင့်နိုင် မည့်ကဏ္ဍများကို ဆန်းစစ်ကာ ဖွံ့ဖြိုးအောင် ဆောင်ရွက် ပေးဖို့ လိုအပ်လာသည်။ မြန်မာနိုင်ငံတွင် ထုတ်လုပ်မှု အများဆုံးဆောင်ရွက်နိုင်သည့် တစ်ခုတည်းသောကဏ္ဍ မှာ လယ်ယာသားငါးကဏ္ဍသာ ဖြစ်သည်။

မြန်မာနိုင်ငံစုစုပေါင်းလူဦးရေ၏ ၇၀ ရာခိုင်နှုန်း သည် လယ်ယာသားငါးကဏ္ဍတွင် လုပ်ကိုင်နေကြသည်ဟု ဆိုသည်။ ထို့ကြောင့် ၇၀ ရာခိုင်နှုန်း အထိရှိသော ထိုအင်အားစုကြီးသည် နိုင်ငံအတွက် များစွာအရေးပါ သည့် ကြီးမားသောအင်အားတစ်ရပ်ဟု ဆိုရမည် ဖြစ်သည်။ သို့ဖြစ်၍ လယ်ယာသားငါးကဏ္ဍ၏ ထုတ်လုပ်မှုမြှင့်မားရေးအတွက် အလေးထားဆောင်ရွက် ရန် လိုအပ်လှသည်။

လယ်ယာသားငါးကဏ္ဍ ထုတ်လုပ်မှုမြှင့်မား အောင် ဆောင်ရွက်နိုင်ခြင်းသည် အနိမ့်ဆုံးအနေဖြင့် ပြည်တွင်းစားရေရိက္ခာဖူလုံမှုနှင့် စားသုံးကုန်ဈေးကွက် တည်ငြိမ်မှုကို ဖော်ဆောင်နိုင်မည် ဖြစ်သည်။ ထို့ထက် ပိုလျှင် ဆင်းရဲနွမ်းပါးမှုကို သက်သာလျော့နည်းစေနိုင် သကဲ့သို့ ကမ္ဘာ့စားရေရိက္ခာဖူလုံရေး ကုလသမဂ္ဂ ရည်မှန်းချက်များကို တစ်ဖက်တစ်လမ်းမှ ကူညီ ဖြည့်ဆည်းပေးနိုင်သည်လည်း ဖြစ်သည်။ ထို့ကြောင့် မဖြစ်မနေ အလေးထားစဉ်းစားဆောင်ရွက်ရမည့် ကဏ္ဍတစ်ခုဟု ဆိုနိုင်သည်။

လယ်ယာကဏ္ဍသည် နိုင်ငံ့စီးပွားရေးထူထောင်ရာ တွင် မည်မျှအထိ အထောက်အကူပြုနိုင်သည်ကို အိမ်နီးချင်းနိုင်ငံများဖြစ်သည့် ထိုင်းနိုင်ငံနှင့် ဗီယက်နမ် နိုင်ငံတို့ကို လေ့လာကြည့်မည်ဆိုပါက အလွယ်တကူ သိမြင်နိုင်သည်။ သီအိုရီသဘောတရားများကို အချိန်ကုန်ခံ ဆွေးနွေးအဖြေရှာနေမည့်အစား ပတ်ဝန်းကျင်နိုင်ငံ များ၏ ဆောင်ရွက်နေမှုအခြေအနေများကို လက်တွေ့ ကျကျ သွားရောက်လေ့လာကြည့်နိုင်သည်။ ပြောရပါလျှင် မြန်မာနိုင်ငံ၏ လယ်ယာသားငါးထွက်ကုန်များ၏ အရည် အသွေးသည် ပတ်ဝန်းကျင်နိုင်ငံများမှ ထွက်ကုန်များနှင့် ယှဉ်လျှင် လွန်စွာနိမ့်ကျနေသည်မှာလည်း ရှက်တတ် မည်ဆိုလျှင် ရှက်ဖွယ်ရာဖြစ်သည်။ အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများသည် နည်းပညာကောင်းများ ရရှိထား ခြင်းကြောင့် အရည်အသွေးကောင်းပြီး ဈေးကွက်ဝင်သော ထွက်ကုန်များ ထုတ်လုပ်နိုင်ခြင်းဖြစ်ရာ ထိုနည်းပညာများ ကို တောင်သူ တစ်ဦးချင်း၊ လုပ်ငန်းရှင် တစ်ဦးချင်းအနေဖြင့် လက်လှမ်းမီကောင်းမှ မီနိုင်မည်ဖြစ်ရာ အစိုးရအနေဖြင့် ဦးဆောင် ဝယ်ယူဖြန့်ဖြူးပေးခြင်းဖြင့် ကူညီနိုင်သည်။

လယ်ယာသားငါးကဏ္ဍသည် တစ်နည်းအားဖြင့် နိုင်ငံ၏ အခြေခံထုတ်လုပ်မှုကဏ္ဍ (Primary Producing Sector) ဖြစ်သည်။ နိုင်ငံ၏ လူဦးရေအမြောက်အမြား သည်လည်း အခြေခံကုန်ထုတ်လုပ်သူများဖြစ်ကြရာ ၎င်းတို့ ဖွံ့ဖြိုးတိုးတက်ခြင်းသည် နိုင်ငံ၏များပြားလှသည့် အစိတ် အပိုင်းတစ်ရပ် ဖွံ့ဖြိုးတိုးတက်ခြင်းလည်း ဖြစ်ပေသည်။ လယ်ယာသားငါးကဏ္ဍရှိ အခြေခံလုပ်ငန်း၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက် လာမည်ဆိုပါက ယင်းတို့၏ စုပေါင်းထုတ်လုပ်အားသည် အကြီးစားစက်မှုလုပ်ငန်းများ၏ ထုတ်လုပ်မှုများနှင့် ညီမျှသည့် ကုန်ထုတ်လုပ်မှုတန်ဖိုးကို ရရှိနိုင်ပါသည်။

> “ အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများသည် နည်းပညာကောင်းများ ရရှိထားခြင်းကြောင့် အရည်အသွေးကောင်းပြီး ဈေးကွက်ဝင်သော ထွက်ကုန်များ ထုတ်လုပ်နိုင်ခြင်းဖြစ်ရာ ထိုနည်းပညာများကို တောင်သူတစ်ဦးချင်း၊ လုပ်ငန်းရှင်တစ်ဦးချင်းအနေဖြင့် လက်လှမ်းမီကောင်းမှ မီနိုင်မည်ဖြစ်ရာ အစိုးရအနေဖြင့် ဦးဆောင်ဝယ်ယူဖြန့်ဖြူးပေးခြင်းဖြင့် ကူညီနိုင်သည်။ ”

ထို့ကြောင့် မည်သို့မျှ ပစ်ပယ်ထား၍ မရကောင်းသည့်ကဏ္ဍ တစ်ခုဟု ဆိုချင်ပါသည်။

မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍသည် သမားရိုးကျ စိုက်ပျိုးမွေးမြူရေးအဆင့်ကိုသာ ဆောင်ရွက်မှုများသည်။ အိမ်နီးချင်းနိုင်ငံများကို ဖြတ်ကျော်ကာ နိုင်ငံတကာ ဈေးကွက်သို့ ထိုးဖောက်နေရာယူနိုင်ရန်အတွက် နောက်ဆုံးပေါ်နည်းပညာများကို ရယူဆောင်ရွက်နိုင်ရန် လိုသကဲ့သို့ ထူးခြားဆန်းသစ်သည့် နည်းပညာအသစ်များ ဖော်ထုတ်နိုင်ရန်အတွက်လည်း သုတေသနလုပ်ငန်းများကို အားပေးဆောင်ရွက်ရန် လိုအပ်သည်။ ရရှိလာသည့် နည်းပညာရပ်များကို ဝေးလံခေါင်ဖျားဒေသများရှိ ပြည်သူ များအထိပါ အလွယ်တကူရောက်ရှိနိုင်ရန်အတွက် အိုင်စီတီနည်းပညာအကူအညီဖြင့် စီမံဆောင်ရွက်နိုင်သည်။ ဈေးကွက်လိုအပ်ချက်နှင့် ကိုက်ညီသော ထွက်ကုန်များ ထုတ်လုပ်နိုင်ရန်နှင့် ဈေးကွက်ဝင် အရည်အသွေးရရှိရန် အတွက် ချိန်ညှိထုတ်လုပ်နိုင်ရေး အသိပညာဗဟုသုတ များကို အချိန်နှင့်တစ်ပြေးညီ ဖြန့်ဖြူးပေးနိုင်ရန် စီမံ ဆောင်ရွက်သင့်သည်။ နိုင်ငံတကာဈေးကွက်များသို့ ထိုးဖောက်နိုင်ရေးအတွက် အစိုးရပိုင်းမှသာ ဆောင်ရွက် နိုင်သည့် ကိစ္စရပ်များကို ထိုးဖောက်ဆောင်ရွက်ပေးရန် လိုအပ်သည်။ ခြုံ၍ဆိုရပါလျှင် အစိုးရနှင့် တောင်သူ ဟန်ချက်ညီ အပြန်အလှန် ဆက်သွယ်ပူးပေါင်းနိုင်ရေး အတွက် စီမံလုပ်ဆောင်သင့်သည်။ တစ်နည်းအားဖြင့် မြန်မာနိုင်ငံ၏ ရေ၊ မြေအစရှိသည့် အရင်းအမြစ်များနှင့် ၇၀ ရာခိုင်နှုန်းသော စိုက်ပျိုးမွေးမြူရေးလုပ်ကိုင်သူ လူ့စွမ်းအားအရင်းအမြစ်များကို စနစ်တကျ စီမံအသုံးချ သင့်သည်။

လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာမည်ဆိုပါက ယင်းနှင့်ဆက်စပ်သည့် စက်မှုနှင့် အခြားသောဝန်ဆောင်မှု ကဏ္ဍများလည်း ဆက်တိုက်ဖွံ့ဖြိုးလာမည် ဖြစ်သည်။ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍမှ ထွက်ကုန်များအပေါ် အခြေခံကာ လယ်ယာအခြေပြုစက်မှုလုပ်ငန်းများနှင့် ရေလုပ်ငန်းအခြေပြုစက်မှုလုပ်ငန်းများ တိုးတက်လာ နိုင်သည်။ ဥပမာအနေဖြင့် လယ်ယာလုပ်ငန်းများမှ ရရှိသည့် ကုန်ကြမ်းများကိုအသုံးပြုကာ ဆောင်ရွက်နိုင် သည့် ထူးခြားဆန်းသစ်သည့် စားသောက်ကုန်လုပ်ငန်း များ ဆောင်ရွက်လာနိုင်သည်။ ရေထွက်ပစ္စည်းများအား အအေးခဲသည့် အအေးခန်းလုပ်ငန်းများ၊ ထုပ်ပိုးမှုလုပ်ငန်းများ စသည်တို့ ဆက်တိုက်ဖွံ့ဖြိုးလာနိုင်သည်။

နိုင်ငံ၏ ကုန်ထုတ်လုပ်မှုတွင် အခြေခံကျသည့် လယ်ယာသားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ခြင်းနှင့်အတူ အခြားသော ဖြစ်နိုင်သည့်ကဏ္ဍ များ၏ ထုတ်လုပ်မှုမြှင့်မားရေးအတွက် ဆောင်ရွက်ရန် လည်း လိုအပ်သည်။ အသေးစားနှင့် အလတ်စားလုပ်ငန်း များ(SME) ဖြစ်သည့် လျှပ်စစ်ကဏ္ဍ၊ မော်တော်ယာဉ် အပိုပစ္စည်းများ ထုတ်လုပ်မှုကဏ္ဍ၊ အရည်အသွေးမြှင့် စားသုံးကုန် ထုတ်လုပ်မှုကဏ္ဍ၊ အိမ်သုံးပစ္စည်း ထုတ်လုပ်မှု ကဏ္ဍ၊ ပရိဘောဂထုတ်လုပ်မှုကဏ္ဍ၊ ရိုးရာလက်မှုပစ္စည်း များအား အရည်အသွေးမြှင့် ထုတ်လုပ်မှုကဏ္ဍ စသည်ဖြင့် များစွာသော အသေးစား၊ အလတ်စားကဏ္ဍမျိုးစုံ၏ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက် သင့်သည်။ ထိုလုပ်ငန်းများ၏ လိုအပ်ချက်များကို သိရှိနိုင်ရန် ဆောင်ရွက်ကာ လိုအပ်သည့် ပံ့ပိုးကူညီမှုများ ပေးသင့်သည်။ ပတ်ဝန်းကျင်နိုင်ငံများတွင် အောင်မြင်နေ သည့် အသေးစား၊ အလတ်စားလုပ်ငန်းများကို လေ့လာ ကာ ယင်းတို့ ရရှိနေသည့်အခြေအနေနှင့် ပြည်တွင်း လုပ်ငန်းရှင်များရရှိနေသည့်အခြေအနေများ နှိုင်းယှဉ် လေ့လာကာ လိုအပ်သည်များကို လက်တွေ့ကျကျ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်သည်။

နိုင်ငံအတွင်းရှိ ဖြစ်နိုင်သည့် ကဏ္ဍပေါင်းစုံ၏ ကုန်ထုတ်လုပ်မှုများ မြှင့်မားလာမည်ဆိုပါက နိုင်ငံသား များ အလုပ်အကိုင် အခွင့်အလမ်းများ မြှင့်မားလာမည် ဖြစ်သကဲ့သို့ တစ်ဦးချင်းဝင်ငွေသည်လည်း တိုးမြှင့်လာ မည်ဖြစ်သည်။ ဆက်လက်၍ ကုန်သွယ်မှုလိုငွေကို ဖြည့်ဆည်းနိုင်လာမည်ဖြစ်ကာ နိုင်ငံ၏ ဂျီဒီပီသည်လည်း တိုးတက်လာနိုင်မည် ဖြစ်သည်။

သို့ဖြစ်ရာ လယ်ယာသားငါးလုပ်ငန်းအပါအဝင် အသေးစား၊ အလတ်စားလုပ်ငန်းများ၏ ထုတ်လုပ်မှု မြှင့်မားလာခြင်းသည် ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်း၍ သွင်းကုန်အစားထိုးခြင်းအဆင့်ကို ကျော်လွန်ကာ ပို့ကုန်မြှင့်မားရေးရည်မှန်းချက်ကို ပေါက်ရောက်အောင်မြင်စေနိုင်ပါသည်။ ထို့ကြောင့် သွင်းကုန်အစားထိုးရေးနှင့် ပို့ကုန်မြှင့်တင်ရေး ရည်မှန်းချက် နှစ်ရပ်ကို ပေါက်မြောက်ရန်အတွက် အဓိက ဆောင်ရွက်ရန် လိုအပ်ချက်မှာ ထုတ်လုပ်မှုမြှင့်မားရေး ဖြစ်သည်။ အသေးစား၊ အလတ်စားလုပ်ငန်းများ၏ ထုတ်လုပ်နိုင်စွမ်းအားကို မြှင့်တင်ပေးခြင်းပင် ဖြစ်ပါ သည်။

အချုပ်အားဖြင့်ဆိုရသော် သယံဇာတအခြေခံသည့် စီးပွားရေးမှ ကုန်ထုတ်လုပ်မှုအခြေခံသည့် စီးပွားရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းများအပေါ် အခြေခံသည့် စီးပွားရေး သို့ ပြောင်းလဲနိုင်ရန်အတွက် လယ်ယာသားငါးကဏ္ဍ အပါအဝင်ဖြစ်သည့် အသေးစား၊ အလတ်စားလုပ်ငန်း များ၏ ထုတ်လုပ်နိုင်စွမ်းကို အားပေးကူညီကာ မြှင့်တင် နိုင်ရန် ကြိုးပမ်းရမည် ဖြစ်သည်။ ဤသို့ဖြင့် နိုင်ငံသား များ၏ အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်လာ မည်။ တစ်ဦးချင်းဝင်ငွေများ တိုးတက်လာမည်။ နိုင်ငံ၏ ဂျီဒီပီသည်လည်း မြှင့်မားလာမည်။ ထို့အပြင် ငွေကြေး ခိုင်မာမှုလည်း ရှိလာပေမည်။ ရေရှည်တွင် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်၍ ခိုင်မာအားကောင်းလာမည် ဖြစ်ပါသည်။ ထို့ကြောင့် ပါးစပ်မှ ပြောနေခြင်းထက် လက်တွေ့ကျကျ အကောင်အထည်ဖော်ခြင်းဖြင့် စစ်မှန် သည့် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ကြဉ်းကြပါစို့ဟု တိုက်တွန်းရင်း အကြံပြုရေးသားအပ်ပေ သည်။ ။

## ကော့သောင်းမြို့နယ်ရှိ ကျေးရွာများသို့ သောက်ရေသန့်များ လှူဒါန်း



**ကော့သောင်း မတ် ၅**

ကော့သောင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လူငယ်လုပ်ငန်းအဖွဲ့ဝင်များနှင့် အဖွဲ့ချုပ်အဖွဲ့ဝင်များ သည် သောက်သုံးရေအခက်တွေ့လျက်ရှိသည့် ကျေးရွာ များသို့ မတ် ၄ ရက် နံနက်ပိုင်းက သောက်သုံးရေ လိုက်လံဖြန့်ဝေလှူဒါန်းခဲ့ကြကြောင်း သိရသည်။

ကော့သောင်းခရိုင်အတွင်းရှိ ကျေးရွာတချို့တွင် ရေတွင်း၊ ရေကန်များ ခန်းခြောက်စပြုလာပြီး သောက်သုံးရေ အခက်တွေ့လျက်ရှိရာ ကော့သောင်းမြို့နယ် ဘန်းကချွန် ကျေးရွာအုပ်စု ပါချန်မြစ်ကမ်းဘေးရွာတစ်ရွာဖြစ်သည့် ယမုံနာကျေးရွာရှိ ပြည်သူများ သောက်သုံးရေ ရှားပါးမှုများ ဖြစ်ပေါ်လျက်ရှိသဖြင့် ကော့သောင်းမြို့နယ် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် လူငယ်လုပ်ငန်းအဖွဲ့ဝင်များ စုပေါင်း ကာ ကျေးရွာနေပြည်သူများသို့ သောက်ရေသန့် လီတာ ၈၀၀၀ အား ပေးအပ်လှူဒါန်းကြခြင်းဖြစ်သည်။

ကော့သောင်းခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ P&G သောက်ရေသန့်ဆေးထုပ် ၂၈၀၀ အား လှူဒါန်းပေးအပ်ခဲ့ကြောင်း သိရ သည်။

**ကျော်စိုး(ကော့သောင်း)**

# ရခိုင်ပြည်နယ် တက္ကသိုလ်၊ ကောလိပ်ပေါင်းစုံ(စစ်တွေဇုန်)အဆင့် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

**စစ်တွေ မတ် ၅**

၂၀၁၇-၂၀၁၈ ပညာသင်နှစ် တက္ကသိုလ်၊ ကောလိပ်ပေါင်းစုံ (စစ်တွေဇုန်)အဆင့် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့ ညနေ ၃ နာရီခွဲတွင် စစ်တွေမြို့ ဧပဝတီအားကစားကွင်း၌ ကျင်းပသည်။

ဗိုလ်လုပွဲတွင် စစ်တွေတက္ကသိုလ်အသင်းနှင့် တောင်ကုတ်ဒီဂရီကောလိပ်အသင်းတို့ ယှဉ်ပြိုင်ကြရာ တောင်ကုတ်ဒီဂရီကောလိပ်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး တံခွန်စိုက်ဒိုင်းဆုကို ဆွတ်ခူးရရှိသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ပြိုင်ပွဲတစ်လျှောက်တွင် ကျန်းမာရေးစောင့်ရှောက်မှုပေးကြသော ကြက်ခြေနီတပ်ဖွဲ့အား ကွန်ပျူတာတက္ကသိုလ် ကျောင်းအုပ်ကြီး ဒေါက်တာဇော်ထွန်းက လည်းကောင်း၊ ဒုတိယဆုရရှိသော စစ်တွေတက္ကသိုလ်အသင်းသားများအား တစ်ဦးချင်းလည်ဆွဲတံဆိပ်နှင့် ငွေသားဆုကို စစ်တွေ တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဝင်းနိုင်နှင့် ဒုတိယ ပါမောက္ခချုပ်များက လည်းကောင်း၊ ပထမဆုရရှိသော တောင်ကုတ် ဒီဂရီကောလိပ်အသင်းသားများအား တစ်ဦးချင်းလည်ဆွဲတံဆိပ်နှင့် ပထမဆုငွေသားကို ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်ဥပဒေချုပ်တို့က လည်းကောင်း ပေးအပ်ကြသည်။ ဆက်လက်၍ ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးတို့က အကောင်းဆုံးဆုရအသင်းနှင့် အကောင်းဆုံးအားကစား သမားများအား ဆုများ ပေးအပ်ကြသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ပထမဆုရရှိသော တောင်ကုတ်ဒီဂရီကောလိပ်အသင်းအား တံခွန်စိုက် ဒိုင်းဆုကို ပေးအပ်ချီးမြှင့်သည်။

ပထမဆုရရှိသော တောင်ကုတ်ဒီဂရီကောလိပ်ကို ပြည်နယ်ဝန်ကြီးချုပ်က ဆုငွေကျပ်ငါးသိန်း၊ ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌက ဆုငွေကျပ်သုံးသိန်းနှင့် ဦးကျော်တောင်က ဆုငွေကျပ် ဆယ်သိန်း၊ ဒုတိယဆုရရှိသော စစ်တွေ တက္ကသိုလ်အသင်းကို ပြည်နယ်ဝန်ကြီးချုပ်က ဆုငွေကျပ် သုံးသိန်းနှင့် ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌက ဆုငွေကျပ် နှစ်သိန်းကို ပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။

အဆိုပါဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစံကျော်လှ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ တက္ကသိုလ်၊ ကောလိပ်များမှ ပါမောက္ခချုပ်နှင့် ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ နှင့် အားကစားဝါသနာရှင်များ တက်ရောက်အားပေးကြကြောင်း သိရသည်။

**တင်ထွန်း(မြန်/ဆက်)**



**ဓာတ်ပုံ-ဝင်းမင်းစိုး(မြန်/ဆက်)**

# မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ ညှိနှိုင်း၍ လှည့်ကင်းဆောင်ရွက်

**နေပြည်တော် မတ် ၅**

မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ ညှိနှိုင်း၍ လှည့်ကင်းဆောင်ရွက်ခြင်း ကို ဖေဖော်ဝါရီ ၄ ရက်မှ ၂၆ ရက်ထိ မြန်မာနိုင်ငံ နယ်ခြားစောင့်ရဲတပ်ဖွဲ့နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ နယ်ခြားစောင့် ရဲတပ်ဖွဲ့ BGB တို့ ပူးပေါင်း၍ နယ်စပ်မှတ်တိုင် (၄၂)မှ (၅၅)ထိ ၁၄ ကြိမ် လှည့်ကင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



ယင်းသို့ ဆောင်ရွက်ခြင်းကြောင့် နယ်စပ်တစ်လျှောက် အကြမ်းဖက် သမားများ ခိုအောင်းလှုပ်ရှားမှုမရှိစေရေးနှင့် တရားမဝင် လူခိုးဝင်၊ ခိုးထွက်ခြင်းများကိုလည်းကောင်း၊ တရားမဝင် အကောက်ခွန်မဲ့ ကုန်ပစ္စည်းများ ခိုးသွင်း၊ ခိုးထုတ်ခြင်းများကို လည်းကောင်း တားဆီးနိုင်သည့်အပြင် နှစ်နိုင်ငံ နယ်ခြားစောင့်ရဲတပ်ဖွဲ့ အချင်းချင်း ချစ်ခင်ယုံကြည်မှုရရှိကာ နယ်ခြားမျဉ်း နယ်နိမိတ်တစ်လျှောက်တွင် ဖြစ်ပေါ်လာသည့်ကိစ္စရပ်များအား အချိန်နှင့်တစ်ပြေးညီ သတင်းညှိနှိုင်းဖလှယ်နိုင်ခြင်းဖြင့် တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းကျဆင်းရေး လုပ်ငန်းများအတွက် ထိရောက်ကောင်းမွန်သော လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

**သတင်းစဉ်**

# မောင်တောမြို့နယ်တွင် တိရစ္ဆာန်ထိန်းသိမ်းစောင့်ရှောက်မှု ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မတ် ၅**

မောင်တောမြို့နယ်ရှိ မြို့နယ်တိရစ္ဆာန်ကျန်းမာရေး စောင့်ရှောက်ရေးအဖွဲ့သည် ငါးခူရစခန်းပတ်ဝန်းကျင်ရှိ ခြံပြင်(တိုင်းရင်းသား)ကျေးရွာတွင် နွား ၂၄ ကောင်အား ပေါင်ပုပ်လက်ပုပ်နာရောဂါ ကာကွယ်ဆေးထိုးနှံခြင်း၊ ဆိတ် ၁၅ ကောင်အား အားဆေးထိုးနှံခြင်းနှင့် ခုံတိုင်စခန်းပတ်ဝန်းကျင်ရှိ မင်းခမောင်း(တိုင်းရင်းသား) ကျေးရွာတွင် နွား ၁၉ ကောင်အား လည်ချောင်းကွဲရောဂါကာကွယ် ဆေးထိုးနှံခြင်း၊ ဆိတ် ၁၂ ကောင်အား ပေါင်ပုပ်လက်ပုပ်နာရောဂါ ကာကွယ်ဆေး ထိုးနှံပေးပြီး ပန်းတောပြင်၊ ခုံတိုင်နှင့် ငါးခူရ စခန်းသုံးခု ပတ်ဝန်းကျင်ရှိ ကျေးရွာတို့တွင် နွား ၅၀၁ ကောင်နှင့် ဆိတ် ၈၄၇ ကောင်တို့အား ဆေးကုသပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် မြောက်ဦးမြို့နယ်မှ ကျောင်းသား ကျောင်းသူ ၂၃၈၆ ဦး ဝင်ရောက်ဖြေဆိုမည်

**မြောက်ဦး မတ် ၅**

ရခိုင်ပြည်နယ် မြောက်ဦးမြို့၌ ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို စာစစ်ဌာနခြောက်ခုဖြစ်သော အထက-ထမ္မရာဇ် (မြို့သစ်၊ မင်းသားကျွန်း) စာစစ်ဌာန၊ အထက(၂)စာစစ်ဌာန၊ ထ(ခွဲ)လ(၁)စာစစ်ဌာန၊ အထက-တိန်ညို စာစစ်ဌာန၊ အထက-မြောင်းဘွေ စာစစ်ဌာနနှင့် အထက-ကျီရာပြင် စာစစ်ဌာန တို့တွင် တက္ကသိုလ်ဝင်တန်းစာမေးဖြေဆိုမည့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၃၈၆ ဦးတို့ ဝင်ရောက်ဖြေဆိုမည်ဖြစ်ကြောင်း သိရသည်။

မြောက်ဦးမြို့ မြို့သစ်ရပ်ကွက် မြို့နယ်ပညာရေးမှူးရုံး အစည်းအဝေးခန်းမ၌ မတ် ၅ ရက် နံနက် ၁၁ နာရီက တက္ကသိုလ်ဝင်စာမေးပွဲတွင် တာဝန်ထမ်းဆောင်မည့် ကြီးကြပ်ရေးမှူးများနှင့် အခန်းစောင့်တာဝန်ကျ ဆရာ ဆရာမများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်သာစိန်၊ ဒုမြို့နယ်ပညာရေးမှူးတို့က တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုနေစဉ်ကာလအတွင်း ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ စာပေဖတ်ရှုလေ့လာနိုင်ရေးတို့အတွက် လျှပ်စစ်မီး ပြတ်တောက်မှုမရှိစေရေး၊ မီးဘေးအန္တရာယ်မဖြစ်ပေါ်စေရေး၊ ကျန်းမာရေးစောင့်ရှောက်မှုတို့အတွက် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်ထားရှိပြီးဖြစ်ကြောင်း ဒုတိယမြို့နယ် ပညာရေးမှူး ဦးစံရွှေမောင်က ပြောကြားသည်။

**ခရိုင်(မြန်/ဆက်)**

# မြောက်ဦးမြို့နယ် နန်းကျားကျေးရွာ မီးဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်

**စစ်တွေ မတ် ၅**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြောက်ဦးမြို့နယ် နန်းကျားကျေးရွာတွင် မတ် ၂ ရက်က ဖြစ်ပွားခဲ့သည့် မီးလောင်မှုဖြစ်စဉ်ကြောင့် မီးဘေးသင့်ပြည်သူများအား မြောက်ဦးခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်နန်းမိုးနွယ်နှင့် တာဝန်ရှိသူများက ယနေ့ မွန်းလွဲ ၁ နာရီတွင် ထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ မီးဘေးသင့် အိမ်ထောင်စု နှစ်စုမှ လူဦးရေ ခုနစ်ဦးအတွက် မြောက်ဦးခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဦးစီးဌာန ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကယ်ဆယ်ရေး ပစ္စည်း ၁၀ မျိုး၊ အိမ်ဆောက်ပစ္စည်းနှင့် ရိက္ခာ ခုနစ်ရက်စာဖိုး အပါအဝင် စုစုပေါင်း တန်ဖိုးငွေကျပ် ၄၁၄၇၀၀ ကို မီးဘေးသင့်ပြည်သူများအား ထောက်ပံ့ပေးအပ်ပြီး အားပေးစကားပြောကြားသည်။

**ဝင်းမင်းစိုး(မြန်/ဆက်)**

# ကျောက်ဖြူခရိုင် အမ်းမြို့နယ်တွင် ယာဉ်တိမ်းမှောက်မှုဖြစ်

**အမ်း မတ် ၅**

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် အမ်းမြို့နယ် ထန်းချောင်းကျေးရွာအနီး အမ်း- မအီ ကားလမ်းမိုင်တိုင် (၅/၂)အနီး၌ သံတွဲမှ စစ်တွေသို့ ယာဉ်မောင်း ဖိုးညီလေး (၃၀)နှစ် မောင်းနှင်လာသော ဟွန်ဒိုင်းမှန်လုံ ခရီးသည်တင်ယာဉ်သည် ခရီးသည် ၃၇ ဦး၊ ကုန်ပစ္စည်းအပြည့်ဖြင့် မောင်းနှင်လာစဉ် တောင်ပေါ်သို့ မတက်နိုင်ဘဲ နောက်သို့လိမ့်ဆင်းကာ ပေ ၂၀၀ ကျော်ခန့်ရှိ ချောက်ထဲသို့ ပြုတ်ကျမှု မတ် ၄ ရက် ည ၁၀ နာရီခွဲတွင် ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်တွင် တာဝန်သိပြည်သူတစ်ဦး၏ သတင်းပေးပို့မှုကြောင့် အမ်းမြို့နယ် မီးသတ်စခန်းမှ ဦးစီးအရာရှိ ဦးအောင်သန်းဌေး ဦးဆောင်မှုဖြင့် မီးသတ်တပ်ဖွဲ့ဝင် ကိုးဦးတို့သည် အုပ်ချုပ်မှုယာဉ် တစ်စီးဖြင့် ကူညီကယ်ဆယ်ခဲ့ကြောင်း သိရသည်။

ချောက်အတွင်းသို့ ပြုတ်ကျမှုကြောင့် ယာဉ်ပေါ်ပါခရီးသည် ၃၇ ဦးအနက် အမျိုးသား တစ်ဦး၊ အမျိုးသမီး နှစ်ဦး၊ ကလေး တစ်ဦးတို့သည် အခင်းဖြစ်ပွားရာနေရာတွင် သေဆုံး၍ အမျိုးသား ၁၈ ဦး၊ အမျိုးသမီး ၁၅ ဦးမှာ ဒဏ်ရာများရရှိကာ အမ်းမြို့နယ် ပြည်သူ့ဆေးရုံတွင် ဆေးကုသမှု ခံယူလျက်ရှိကြောင်းနှင့် ယာဉ်မောင်းအား အမ်းမြို့မရဲစခန်းက အမှုဖွင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဝင်းအိမွန်**

# ကိုယ့်အားကိုယ်ကိုးတည်ဆောက်ထားသည့်တံတား ဘက်ဟိုးတင်ဆောင်လာသည့်ယာဉ်ကြောင့် ကျိုးကျ



**ဗန်းမောက် မတ် ၅**

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ် မံအင်မင်းကုန်းအုပ်စု သရက်ကုန်းကူးဆိပ်သံပေါင်တံတားပေါ်တွင် မတ် ၄ ရက် ညနေ ၅ နာရီခန့်က ဆောက်လုပ်ရေးလုပ်ငန်းသုံး ဘက်ဟိုးယာဉ်ငယ်တင်ဆောင်လာသော ၁၀ ဘီးယာဉ်ဖြတ်သန်းစဉ် တံတားကျိုးကျခဲ့သဖြင့် ပြန်လည်ပြုပြင်ရန် စီစဉ်ဆောင်ရွက်နေကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဗန်းမောက်မြို့မှ မံအင်မင်းကုန်းအုပ်စု ကူးဆိပ်ရွှေမော်ဘက်သို့ ၁၀ ဘီးယာဉ်ကို ဦးတင်ဝင်း (၅၁)နှစ် မောင်းနှင်လာသည့် CAT အမျိုးအစား ငါးတန် ဘက်ဟိုးတစ်စီးတင်ဆောင်လာသော ၁၀ ဘီးယာဉ်သည် အဆိုပါတံတားပေါ် ဖြတ်သန်းမောင်းနှင်စဉ် တံတားကျိုးကျသဖြင့် တံတားအောက်ချောင်းကြီးချောင်းအတွင်းသို့ ပြုတ်ကျခဲ့သည်။ တံတားကျိုးကျစဉ် ယာဉ်ပေါ်တွင် လိုက်ပါလာသူများမှာ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

"ဒီတံတားကို မံအင်မင်းကုန်းကျေးရွာအုပ်စု အနောက်ကုန်းရွာမှ ဦးဝင်းရွှေက ငွေကျပ်သိန်း ၁၀၀ မတည်ခဲ့ပြီး ဒေသခံတွေနှင့် အလှူရှင်တွေစုပေါင်းပြီး ကိုယ့်အားကိုယ်ကိုး ဆောက်လုပ်ထားတဲ့ တံတားပါ၊ ဒေသဖွံ့ဖြိုးရေးအသုံးပြုဖို့ ဘက်ဟိုးယာဉ်(အသေး) တင်ဆောင်လာတဲ့ ၁၀ ဘီးယာဉ်ဖြတ်သန်းစဉ်မှာ ကျိုးကျခဲ့တာပါ"ဟု အနောက်ကုန်းကျေးရွာတာဝန်ခံ ကျေးရွာဥက္ကဋ္ဌ ဦးဝင်းဗိုလ်က ပြောသည်။

"ဒီတံတားပြုတ်ကျပျက်စီးခဲ့လို့ ပြင်ဆင်စရိတ်အနေနဲ့ ယာဉ်မောင်းအဖွဲ့က နစ်နာကြေးငွေကျပ် ၄၅ သိန်း ပေးပါတယ်၊ အကောင်းဆုံးအနေအထားဖြစ်အောင် ဆက်လက်ပြုပြင်သွားမှာပါ" ဟု ၎င်းက ဆက်လက်ပြောသည်။

အဆိုပါတံတားသည် ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် စတင်တည်ဆောက်ခဲ့ပြီး အလျားပေ ၂၄၀၊ အကျယ် ၁၃ ပေ၊ အမြင့် ၂၁ ပေရှိကြောင်း ၂၀၁၆ ခုနှစ် ဒီဇင်ဘာလတွင် စတင်ဖြတ်သန်းသွားလာနိုင်ခဲ့ပြီး ဗန်းမောက်မြို့နယ်နှင့် ဟုမ္မလင်းမြို့နယ်သို့ ဖြတ်သန်းသွားလာရာတွင် အဓိကအရေးပါသော တံတားဖြစ်သည်။ **၀၅၈**

# ဘုရားဖူးယာဉ်နှင့် ကျောက်တင်ယာဉ် မျက်နှာချင်းဆိုင်တိုက်မိ တစ်ဦးသေဆုံးကာ ရှစ်ဦး ဒဏ်ရာရ



**သထုံ မတ် ၅**

မွန်ပြည်နယ် သထုံမြို့နယ် နန်းခဲရပ်ကွက် ရန်ကုန်-မော်လမြိုင်ကားလမ်းပေါ်တွင် မတ် ၄ ရက် ညနေ ၆ နာရီခန့်က ဘုရားဖူးယာဉ်တစ်စီးနှင့် ကျောက်များတင်ဆောင်လာသည့် ယာဉ်တစ်စီးတို့ မျက်နှာချင်းဆိုင်တိုက်မိရာမှ ဘုရားဖူးယာဉ်ပေါ်ပါ အမျိုးသမီးတစ်ဦး နေရာတွင်သေဆုံးကာ ရှစ်ဦး ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကျိုက်ထီးရိုးဘုရားဖူးပြီး အပြန် ဘီးလင်းမှ မော်လမြိုင်သို့ ယာဉ်မောင်း အောင်မျိုးကျော်(၂၈)နှစ် မောင်းနှင်သည့် ဘုရားဖူးယာဉ်သည် နန်းခဲရပ်ကွက် မင်းလမ်းရဲစခန်းလမ်းထိပ်အနီး ရန်ကုန်-မော်လမြိုင်ကားလမ်းမိုင်တိုင် အမှတ် (၁၄၉/၆) နှင့် (၁၄၉/၇) အကြားတွင် တစ်ဖက်ယာဉ်ကြောသို့ အရှိန်လွန်ရောက်ရှိရာမှ မျက်နှာချင်းဆိုင်ဘက်မှ ယာဉ်မောင်း လှိုင်ထူး (၄၁)နှစ် မောင်းနှင်လာသည့် ခြောက်ဘီးကျောက်တင်ယာဉ်နှင့် ဝင်ရောက်တိုက်မိခဲ့ကြောင်း သိရသည်။

ယာဉ်တိုက်မှုကြောင့် ဘုရားဖူးယာဉ်၏ ရှေ့ခန်းတွင် လိုက်ပါလာသည့် မရွှန်းသီရိနွယ် (၂၁)နှစ် တောင်ဝိုင်းရပ် မော်လမြိုင်မြို့နေသူမှာ နေရာတွင်သေဆုံးခဲ့ပြီး ယာဉ်မောင်းနှင့် ကလေးနှစ်ဦးအပါအဝင် ရှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ယာဉ်မဆင်မခြင် မောင်းနှင်သည့် ဘုရားဖူးယာဉ်မောင်း အောင်မျိုးကျော်အား သထုံမြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။ **သက်ဦး(သထုံ)**

# အင်းစိန်မြို့နယ်တွင် ဖုန်းအရောင်းဆိုင်မှ လက်ကိုင်ဖုန်းများနှင့် ဆင်းကတ်များခိုးယူသူ ဖမ်းမိ

**ရန်ကုန် မတ် ၅**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် မြို့သစ်(က+ခ)ရပ်ကွက် ဘုရင့်နောင်လမ်းမကြီးတွင် ဖွင့်လှစ်ထားသော လက်ကိုင်ဖုန်းအရောင်းဆိုင်မှ လက်ကိုင်ဖုန်းများနှင့် ဆင်းကတ်များခိုးယူသူကို ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး မှုခင်း ဖော်ထုတ်ရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အင်းစိန်မြို့နယ် မြို့သစ်(က+ခ)ရပ်ကွက်တွင် ဖွင့်လှစ်ထားသော ဖုန်းအရောင်းဆိုင်မှ လက်ကိုင်ဖုန်းမျိုးစုံ ၄၂ လုံးနှင့် MPT နှင့် တယ်လီနောဆင်းကတ် စုစုပေါင်း ၅၆ ကတ် ပျောက်ဆုံးနေသည်ကို တွေ့ရှိရသဖြင့် ခိုးယူသူအား စုံစမ်းဖော်ထုတ်ပေးရန် အင်းစိန်မြို့မရဲစခန်းသို့ တိုင်တန်းခဲ့ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး မှုခင်းဖော်ထုတ်ရေးတပ်ဖွဲ့ဝင်များသည် ပြစ်မှုကျူးလွန်သူကို ဖမ်းဆီးရမိရေး စုံစမ်းဆောင်ရွက်ခဲ့ရာ စောရှစ်လုံးမက် (၂၁)နှစ်သည် ၂၀၁၂ ခုနှစ်အတွင်းက လက်ကိုင်ဖုန်းတစ်လုံး ဝင်ရောက်ခိုးယူသဖြင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ဖြေရှင်းခဲ့ရဖူးသူဖြစ်ကြောင်းနှင့် ၎င်းထံတွင် အမှုမှ ပျောက်ဆုံးလက်ကိုင်ဖုန်းအမျိုးအစားတူ လက်ကိုင်ဖုန်းများ ရောင်းရန်ရှိကြောင်း သိရသဖြင့် ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ အင်းစိန်မြို့နယ် နေအိမ်မှ ဖမ်းမိခဲ့သည်။ စစ်ဆေးပေါ်ပေါက်ချက်အရ အမှုမှ ပျောက်ဆုံးလက်ကိုင်ဖုန်းများနှင့် ဆင်းကတ်များကို ပြန်လည်သိမ်းဆည်း နိုင်ခဲ့ကာ အရေးယူဆောင်ရွက်လျက်ရှိကြောင်းနှင့် အခြားခိုးမှုများကျူးလွန်ထားခြင်း ရှိ၊ မရှိ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**




# ခရီးသည်တင်ယာဉ်နှင့် ကိုယ်ပိုင်ယာဉ်တစ်စီးပေါ်မှ တရားမဝင်သစ်များ သိမ်းဆည်းရမိ

**နေပြည်တော် မတ် ၅**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ဆောင်ရွက်မှုများကို ရေပူ အမြဲတမ်းစစ်ဆေးရေးစခန်းနှင့် မရမ်းချောင် အမြဲတမ်း စစ်ဆေးရေးစခန်းတို့တွင် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များက ဆောင်ရွက်လျက်ရှိရာ မတ် ၄ ရက်က ခရီးသည်တင်ယာဉ်နှင့် ကိုယ်ပိုင်ယာဉ်တစ်စီးပေါ်တွင် တရားမဝင်သစ်များ သယ်ဆောင်လာသည်ကို ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက မန္တလေးနှင့် မူဆယ်မြို့သို့ သွားရောက်မည့် ယာဉ်များအား စစ်ဆေးမှုများ ဆောင်ရွက်စဉ် မိုင်တိုင်အမှတ် ၁၉၃ မိုင် ၆ ဖာလုံ၊ မိုင်းလီကျေးရွာအနီးတွင် မူဆယ်သူ ခရီးသည်တင်ယာဉ် တစ်စီးနှင့် မိုင်တိုင်အမှတ် ၂၀၀ မိုင် ၄ ဖာလုံ ပိန်းဆာကျေးရွာအနီးတွင် Toyota IPSUM ယာဉ်တို့အား တွေ့ရှိ၍ စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ကားနောက်ခန်းတွင် စောင်စများဖြင့် ဖုံးအုပ်၍ သယ်ဆောင်လာသော ပိတောက်ခားရွေ ၅၅ တုံး၊ ၁ ဒသမ ၉၅၄၈ တန်နှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ် နှစ်စီး (စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၉ ဒသမ ၃၆၄ သန်းခန့်)အား တွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ မတ် ၄ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ငါးမှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၉ ဒသမ ၈၁၄ သန်းခန့်)၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ရှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄ ဒသမ ၈၉၆ သန်းခန့်) သိမ်းဆည်းရမိခဲ့ကြောင်း သတင်းရရှိသည်။

မတ် ၄ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၁၇၅ စီး၊ သွင်းကုန် ၈၄၉ စီး၊ ရန်ကုန်- မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၈ စီး၊ သွင်းကုန် ၁၇၅ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။ **ဝဝ၁**

## မြန်မာ့ရုပ်မြင်သံကြား

**၆-၃-၂၀၁၈ (အင်္ဂါနေ့)**

| | |
|---|---|
| ၀၅:၁၅ | ပြည်သူ့နီတိ "ကမ္ဘာမြေအတွက် လက်ဆောင်" |
| ၀၇:၀၀ | Surprise Meals |
| ၀၇:၄၀ | ရင်ထဲစွဲထင် တေးဂန္ထဝင် |
| ၈း၁၅ | MRTV Entertainment Music |
| ၉း၀၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "တန်ခိုးထွန်းလင်း စနေဂြိုဟ်မင်း" (အပိုင်း-၁၇၀) |
| ၀၉း၃၀ | နိုင်ငံတကာရုပ်ရှင် ဇာတ်ဝင်တေးများ |
| ၀၉း၄၀ | ကာတွန်းအစီအစဉ် "Takken" |
| ၁၁း၁၅ | Suprise Meals |
| ၁၁း၃၅ | မြန်မာရုပ်ရှင် "ပြန်ပြောပြဖို့တော်တော်ခက်လိမ့်မယ်" |
| ၀၁း၄၀ | Law of Jungle (Ep-250) |
| ၀၂း၂၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "ဆုံစည်းခဲ့လေသူ" (အပိုင်း- ၈၈) |
| ၀၂း၅၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "တန်ခိုးထွန်းလင်း စနေဂြိုဟ်မင်း" (အပိုင်း-၁၇၀) |
| ၀၃း၂၅ | မြန်မာဗီဒီယိုဇာတ်လမ်း "အလင်းဖျော့ချိန်" |
| ၀၅း၃၀ | ကာတွန်းအစီအစဉ် Chhota Bheem (Episode-9 |
| ၀၆း၄၅ | MRTV Entertainment Music |
| ၀၇း၀၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "ဆုံစည်းခဲ့လေသူ" (အပိုင်း-၈၉) |
| ၀၈း၀၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "တန်ခိုးထွန်းလင်း စနေဂြိုဟ်မင်း" (အပိုင်း-၁၇၁) |
| ၀၈း၃၀ | Game Show '10 to Million Myanmar" (Epi-90) |
| ၀၉း၁၅ | နိုင်ငံတကာဇာတ်ဝင်တေးများ |
| ၀၉း၃၀ | မြန်မာဗီဒီယိုဇာတ်လမ်း "ချစ်မလွယ်မုန်းခက် အဆုံးသတ်ရင်ခုန်သံ" |
| ၁၀း၂၅ | Those Who Never Give Up (Ep-1) Aung Thamar Di Gold Shop |
| ၁၁း၅၀ | Myanmar Leading Woman: May Sabe Phyu @ L.Hkawn Htoi |

**၇-၃-၂၀၁၈ (ဗုဒ္ဓဟူးနေ့)**

| | |
|---|---|
| ၀၀း၀၅ | Travelogue:To the coastal region (Myeik-Kawthoung) (Part-1) |
| ၀၀း၃၀ | ကာတွန်းအစီအစဉ် 'Takken" |
| ၀၂း၀၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "ဆုံစည်းခဲ့လေသူ" (အပိုင်း-၈၉) |
| ၀၂း၃၀ | ဆန်းသစ်လှပ မြန်မာ့အက |
| ၀၂း၄၅ | ပြည်သူ့နီတိ "ကမ္ဘာမြေအတွက် လက်ဆောင်" |
| ၀၃း၀၅ | မြန်မာဗီဒီယိုဇာတ်လမ်း "မှော်နှင်းဆီ" |
| ၀၅း၀၀ | အစီအစဉ်ပြီး၏။ |

# နည်းဗျူဟာအသုံးပြုမှုအပေါ် ကွန်တီ ကာကွယ်ပြောကြား ပရီမီယာလိဂ်ဖလားရရှိရန် မန်စီးတီးအသင်း နီးစပ်လာ

ပရီမီယာလိဂ်ပွဲစဉ်(၂၉)ရဲ့ အကောင်းဆုံး ပွဲစဉ်တစ်ပွဲဖြစ်တဲ့ မန်စီးတီးအသင်းနဲ့ ချယ်လ်ဆီးအသင်းတို့ ပွဲစဉ်ကို မတ် ၄ ရက် ညပိုင်းက မန်စီးတီးအသင်းအိမ်ကွင်းမှာ ယှဉ်ပြိုင်ကစားခဲ့ရာ မန်စီးတီးအသင်းက ဘာနာဒိုဆေးလ်ဗားရဲ့ တစ်လုံးတည်းသော သွင်းဂိုးနဲ့ အနိုင်ရရှိခဲ့ပါတယ်။

အဲဒီပွဲစဉ်မှာ မန်စီးတီးအသင်းကို ရှုံးနိမ့်မှုအပေါ် ချယ်လ်ဆီးနည်းပြ ကွန်တီက သူ့ရဲ့ နည်းဗျူဟာ ချဉ်းကပ်ပုံနဲ့ပတ်သက်ပြီး ကာကွယ်ပြောကြားခဲ့ပါတယ်။

"ချယ်လ်ဆီးအသင်းရဲ့ ကစားကွက်ဟာ လုံးဝလက်ခံနိုင်လောက်တဲ့ ကစားကွက်မျိုး မဟုတ်ပါဘူး၊ ချယ်လ်ဆီးကစားသမားတွေရဲ့ ချဉ်းကပ်ပုံတွေဟာလည်း မှားယွင်းနေပါတယ်" ဟု ဂယ်ရီနဗီးလ်က ဆိုခဲ့သည်။

"အခု ဝေဖန်မှုတိုင်းကို လက်ခံဖို့ အသင့်ရှိနေတဲ့အချိန်လို့ တွေးထင်ထားပါတယ်၊ ဒါပေမဲ့ သုံးဂိုး ဒါမှမဟုတ် လေးဂိုးနဲ့ပဲ ရှုံးရှုံး၊ မန်စီးတီးအသင်းကို ယှဉ်ပြိုင်ကစားခဲ့တဲ့အခါမှာ ဖွင့်ကစားဖို့ အလွန်မိုက်မဲသူ တစ်ဦးတော့ မဟုတ်ပါဘူး"လို့လည်း ကွန်တီက ဂယ်ရီနဗီးလ်ရဲ့ စွပ်စွဲပြောဆိုမှုအပေါ် တုံ့ပြန်ပြောဆိုခဲ့ပါတယ်။

လက်ရှိမှာတော့ ချယ်လ်ဆီးအသင်းဟာ ရမှတ် ၅၃ မှတ်ရရှိထားကာ အမှတ်ပေးဇယားရဲ့ အဆင့်(၅)နေရာမှာ ရပ်တည်နေခဲ့တာ ဖြစ်ပါတယ်။ ချယ်လ်ဆီးအသင်းအတွက်တော့ မန်စီးတီးအသင်းကို ရှုံးနိမ့်ခဲ့ခြင်းဟာ ၂၀၀၃ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် ပြိုင်ပွဲအရပ်ရပ်တွင် အဝေးကွင်း လေးပွဲဆက် ရှုံးနိမ့်မှုကို ဖြစ်ပေါ်စေခဲ့တာ ဖြစ်ပါတယ်။

ချယ်လ်ဆီးအသင်းဟာ လာမယ့် စနေနေ့မှာ ခရစ္စတယ်ပဲလေ့အသင်းကို အိမ်ကွင်းမှာကစားရမှာဖြစ်ပြီး အဲဒီပွဲစဉ်အပြီးမှာတော့ ဘာစီလိုနာအသင်းနဲ့ ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ဒုတိယအကျော့ပွဲစဉ်ကို ကစားရမှာ ဖြစ်ပါတယ်။

မန်စီးတီးအသင်းအတွက်တော့ ချယ်လ်ဆီးအသင်းကို အနိုင်ရရှိခဲ့ခြင်းဟာ ရမှတ် ၇၈ မှတ်ရရှိခဲ့ကာ ပရီမီယာလိဂ်ဖလားကို ဆွတ်ခူးရန် နီးစပ်သွားခဲ့ပြီဖြစ်ပါတယ်။

မန်စီးတီးအသင်းဟာ လာမယ့်ပွဲစဉ်အဖြစ် ဆွစ်ဇာလန်ကလပ်ဘေဆယ်အသင်းကို အီတီဟက်ဒ်မှာ ဧည့်ခံကစားရမှာဖြစ်ပြီး ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ပထမအကျော့ပွဲစဉ်မှာ ဘေဆယ်အသင်းကို လေးဂိုးပြတ်နိုင်ပွဲ ရရှိထားတာ ဖြစ်ပါတယ်။





# ကစားသမားဘဝတစ်လျှောက် ဂိုး ၆၀၀ ပြည့် ဘာစီလိုနာတိုက်စစ်မှူး မက်ဆီ သွင်းယူနိုင်ခဲ့

လာလီဂါပွဲစဉ် (၂၇) အဖြစ် ဘာစီလိုနာအသင်းနှင့် အက်သလက်တီကိုမက်ဒရစ်အသင်းတို့ ဘာစီလိုနာအသင်း၏ အိမ်ကွင်း နူးကမ့်၌ ယှဉ်ပြိုင်ကစားခဲ့ရာ ဘာစီလိုနာအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ယင်းပွဲစဉ်တွင် ဘာစီလိုနာအသင်းအတွက် တစ်လုံးတည်းသော သွင်းဂိုးကို တိုက်စစ်မှူး မက်ဆီက ပွဲကစားချိန် ၂၆ မိနစ်တွင် အလွတ်တည်ကန်ဘောမှတစ်ဆင့် သွင်းယူပေးခဲ့ခြင်းဖြစ်ပြီး အဆိုပါသွင်းဂိုး ရရှိခဲ့ခြင်းကြောင့် တိုက်စစ်မှူး မက်ဆီမှာ သူ့ရဲ့ကစားသမားဘဝတစ်လျှောက် သွင်းဂိုး ၆၀၀ ပြည့်သွားခဲ့ပြီ ဖြစ်သည်။

ယခုသွင်းဂိုး ၆၀၀ အနက် ကလပ်အသင်းနှင့်အတူ သွင်းဂိုး ၅၃၉ ဂိုးသွင်းယူနိုင်ခဲ့ခြင်း ဖြစ်ပြီး အာဂျင်တီးနားနိုင်ငံအသင်းနှင့်အတူ သွင်းဂိုး ၆၁ ဂိုးသွင်းယူနိုင်ခဲ့ခြင်း ဖြစ်သည်။ ယင်းသို့ သွင်းဂိုး ၆၀၀ သွင်းယူပေးခဲ့ရာတွင် ဆုဖလားရရှိမှုအနေဖြင့် လာလီဂါဖလား ရှစ်ကြိမ်၊ ချန်ပီယံလိဂ်ဖလား လေးကြိမ်နှင့် စပိန်ကိုပါဒယ်ရေးဖလား ငါးကြိမ်တို့ ရရှိခဲ့သည်။

မက်ဆီ၏ ဂိုးအများဆုံးသွင်းယူနိုင်သည့် လာလီဂါပြိုင်ဘက်အသင်းမှာ ဆီဗီလာအသင်း ဖြစ်ပြီး အခြားအသင်းများထက် ဆီဗီလာအသင်းနှင့် ပွဲစဉ်အားလုံးတွင် သွင်းဂိုး ၂၉ ဂိုးအထိ သွင်းယူနိုင်ခဲ့သည့် မှတ်တမ်းလည်း ရှိခဲ့သည်။ သွင်းဂိုး ၆၀၀ အနက်မှ သွင်းဂိုး ၁၄၈ ဂိုးမှာ ပွဲကစားချိန် ၇၆ မိနစ်နှင့် မိနစ် ၉၀ အကြား သွင်းယူနိုင်ခဲ့သည့် သွင်းဂိုးများဖြစ်ပြီး ဒန်နီအဲဗက်မှာ မက်ဆီဂိုးသွင်းယူနိုင်ရေးအတွက် ဖန်တီးပေးနိုင်မှု အများဆုံးကစားသမားဖြစ်ကာ ၄၂ ကြိမ်အထိ ဂိုးသွင်းယူနိုင်ရေး ဖန်တီးပေးခဲ့သူဖြစ်သည်။

ဘာစီလိုနာအသင်းသည် အက်သလက်တီကိုမက်ဒရစ်အသင်းအား တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ခြင်းကြောင့် လာလီဂါအမှတ်ပေးဇယားတွင်လည်း ရမှတ် ၆၉ မှတ် ရရှိထားခဲ့ပြီဖြစ်ကာ အမှတ်ပေးဇယား ဒုတိယနေရာမှ အဓိကပြိုင်ဘက် အက်သလက်တီကိုမက်ဒရစ်အသင်းကိုလည်း ရှစ်မှတ်အထိ ဖြတ်ထားနိုင်ခဲ့ပြီဖြစ်သည်။

ငွေကြယ် - ရေးသားသည်

# အာဆင်နယ်၏အရှုံးအတွက် ဝင်းဂါး တစ်ဦးတည်းကို အပြစ်မတင်သင့်ဟု ကိုစီယယ်နီ ဆို

ဘရိုက်တန်ကို ရှုံးနိမ့်ခဲ့သည့် ပွဲရလဒ်အတွက် နည်းပြ ဝင်းဂါး တစ်ဦးတည်းကို အပြစ်မတင်သင့်ဘဲ မိမိတို့ကစားသမားများလည်း ပြစ်တင်မှုများကို ဝေမျှခံယူသင့်ကြောင်း အာဆင်နယ်ဝါရင့် နောက်ခံလူ ကိုစီယယ်ရီက ဘရိုက်တန်ကို နှစ်ဂိုး-တစ်ဂိုးဖြင့် အရေးနိမ့်ခဲ့သည့် ပွဲစဉ်အပြီးတွင် ပြောကြားခဲ့သည်။ အာဆင်နယ်အသင်းမှာ ပထမပိုင်းတွင် ကစားပုံ အတော်လေးဆိုးရွားခဲ့ပြီး ၂၀၀၂ ခုနှစ်နောက်ပိုင်း ပထမဦးဆုံးအကြိမ် လေးပွဲဆက်တိုက် ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။

အာဆင်နယ်အနေဖြင့် ဂိုးသမား ပီတာဆက်ချ်၏ အမှားမှတစ်ဆင့် ဘရိုက်တန်အသင်းကို စောစောစီးစီး ဦးဆောင်ဂိုးများ ခွင့်ပြုခဲ့ရာ ပီတာဆက်ချ်က သူ့အမှားများအတွက် အာဆင်နယ် ပရိသတ်များကို တောင်းပန်မှုပြုခဲ့ပြီး အဆိုပါရှုံးပွဲအတွက် သူ့တွင် တာဝန်ရှိကြောင်း ပွဲအပြီးတွင် ပြောကြားခဲ့သည်။

အာဆင်နယ်သည် လက်ရှိအချိန်တွင် အဆင့်(၄)နေရာတွင် ရပ်တည်နေသည့် စပါးအသင်းနှင့်ပင် ၁၃ မှတ်အထိ ကွာဟသွားပြီ ဖြစ်ရာ လာမည့်ရာသီတွင်လည်း ချန်ပီယံလိဂ်ဝင်ခွင့်တစ်နေရာ အတွက် မျှော်လင့်ချက် ပိုမိုမှေးမှိန်လာသည့် အနေအထားပင် ဖြစ်သည်။

ရှုံးပွဲဆက်နေမှုကြောင့် နည်းပြ ဝင်းဂါးအပေါ် ဝေဖန်မှုများ တရစပ် ကျရောက်နေသော်လည်း ကိုစီယယ်ရီက "ဒါက သူ့အမှားလား၊ ကျွန်တော်တို့ အမှားလားဆိုတာ ပြောဖို့ခက်ပါတယ်၊ ကွင်းထဲမှာ ကစားသမားတွေက တာဝန်ရှိသလို နည်းပြမှာလည်း တာဝန်ရှိပါတယ်၊ နည်းပြက နှစ် ၂၀ ကျော်ကြာအောင် အသင်းကို ပေးဆပ်ခဲ့သူဖြစ်တာကြောင့် ဒီနေရာမှာ ကျွန်တော်တို့ အတူတကွ တိုက်ပွဲဝင်ရအောင်လို့ ပြောဖို့ပဲ လိုပါတယ်"ဟု ဆိုခဲ့သည်။

နည်းပြ ဝင်းဂါးက ရှက်ဖွယ်အရှုံးကြောင့် ကစားသမားများ အားလုံး အဝတ်ဗလာဖြင့် ကွင်းထဲမှ ထွက်ခွာသွားသင့်သည်ဟု ပြစ်တင်သွားခဲ့ရာ ကိုစီယယ်နီက "ခင်ဗျားတို့အနေနဲ့ အဝတ်ဗလာ ဖြစ်သွားတဲ့အခါ ရှပ်အင်္ကျီတစ်ထည်ရှာပြီး ပုံမှန်ဖြစ်ဖို့ ကြိုးစားရတာပဲ၊ ဒါပေမဲ့ ဒီလို အချိန်မျိုးမှာ ပရိသတ်တွေရဲ့ အားပေးထောက်ခံမှု ပိုမိုလိုအပ်ပါတယ်"ဟု ပြောကြားခဲ့သည်။

အဝေးကွင်းအထိ လိုက်ပါအားပေးသော်လည်း အာဆင်နယ်အသင်း ရှုံးပွဲကြုံရခြင်းကြောင့် ဒေါသထွက်နေသည့် အာဆင်နယ်ပရိသတ်တစ်ဦးက ဝင်းဂါး ထွက်ခွာသွားမှသာ ယခုလို ရလဒ်ဆိုးများ အဆုံးသတ်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်ကိုလည်း တွေ့မြင်ခဲ့ရသည်။ အာဆင်နယ်သည် ဖေဖော်ဝါရီ ၁၆ ရက်က ကစားခဲ့သည့် ယူရိုပါလိဂ်ပွဲစဉ်နောက်ပိုင်း တစ်ပွဲမှ အနိုင်မရခဲ့ဘဲ လေးပွဲဆက်တိုက် ရှုံးပွဲကြုံတွေ့ခဲ့ရခြင်းဖြစ်သည်။

မေလဲ့သင်း - ရေးသားသည်



# နွေရာသီတွင် ကျောင်းများပိတ်ပေးပါ

ခင်မောင်ငွေး(ပညာရေး)



ဤဆောင်းပါး ခေါင်းစဉ်ကို ကြည့်၍ အတွေးမချော်စေလိုပါ။ နွေရာသီရောက်လျှင် နွေသုံးလကျောင်းပိတ်ပါသည်။ ကျောင်းစာသင်ခန်းထဲတွင် တစ်နှစ်ပတ်လုံး အပတ်တကုတ်ကြိုးစားကြရသည်။ ကျောင်း၊ ကျူရှင်၊ ဂိုက်တန်းများနှင့် လုံးချာလည်ကာ ကျောင်းသင်ခန်းစာမှ အပ ပြင်ပလောကနှင့်ပင် အဆက်ပြတ်နေသော ကျောင်းသား၊ ကျောင်းသူများအတွက် နွေရာသီတွင် အပြည့်အဝ ကျောင်းပိတ်စေချင်ပါသည်။

အကြောင်းကို ရှင်းပါအံ့။ မကြာမီအချိန်ပိုင်းအတွင်းကပင် အခြေခံပညာအလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့်မှ နဝမတန်းစာမေးပွဲများ ဖြေဆိုပြီးကြ၏။ သို့ဖြစ်၍ နွေရာသီကျောင်းပိတ်ရက်ကို စတင်ခံစားရသည်။ တချို့ မိဘများမှာ အထူးသဖြင့် မူလတန်းအဆင့်၊ အလယ်တန်းအဆင့် ကလေးမိဘများမှာ ပန်းချီ၊ ဂီတ၊ အားကစား၊ ကွန်ပျူတာစသဖြင့် သင်တန်းများ တက်ရောက်ကြရန် လှုပ်ရှားနေကြပြီဖြစ်၏။ သို့သော်လည်း မိဘတချို့မှာမူ မိမိတို့ သားသမီးများအား ကျူရှင်ကျောင်းအပ်နှံရန် ပြင်ဆင်နေကြပြီဖြစ်၏။ သတင်းစာမျက်နှာများတွင်လည်း အသီးသီးသော ကျူရှင်ကြော်ငြာများ၊ ဘော်ဒါဆောင်ကြော်ငြာများ၊ ပုဂ္ဂလိကကျောင်းကြော်ငြာများ ပလူပျံအောင်တွေ့နေရပြီဖြစ်၏။

### အပြစ်တင်စကားပြော

မိတ်ဆွေတစ်ဦး၏ သမီးတစ်ယောက်ဆိုလျှင် နဝမတန်း စာမေးပွဲ (အတန်းတင်) မဖြေမီကပင် ဒသမတန်းစာများကို သင်ကြားနေကြောင်း သိရ၏။ အတန်သင့်ပင် ခရီးရောက်နေပြီဟု ဆိုသည်။ ဤကဲ့သို့ သင်ကြားနေမှုစနစ်ကို ပုဂ္ဂလိကကျောင်းတချို့နှင့် ကျူရှင်အတော်များများ ကျင့်သုံးနေကြသည်ဟု ဆိုပါသည်။ သို့ဖြစ်၍ အတန်းတင် စာမေးပွဲများဖြေပြီးနောက် သားသမီးများအတွက် ကျူရှင်သင်တန်းတက်ရန် စုံစမ်းနေသောမိဘများ ကြိုတင်စာရင်းအပ်နှံထားသော မိဘများကို အပြစ်တင်စကားပြောရန်ပင် ဆွံ့အသွားမိသည်။

### ကျပ်တည်းကျဉ်းမြောင်း

ဦးစွာပြောလိုသည်မှာ မိဘများ၏ လောဘကြီးမှုဖြစ်သည်။ ကလေးများမှာ စာသင်နှစ်တစ်နှစ်ပြီးရုံပင်ရှိသေးသည်။ ရက်ပိုင်းမျှနားကာ လာမည့်နှစ်အတွက် စခန်းသွင်းလေ့ကျင့်ရန် ပြင်ဆင်နေကြ၏။ ကလေးများ၏ ဆန္ဒ၊ ကလေးများ၏ သဘာဝကို လုံးဝလျစ်လျူရှုထားသည်ကို တွေ့ရ၏။ မိဘများ၏ ဆန္ဒအတိုင်း ငြင်းပယ်ခွင့်မရှိကြပါ။ မိဘက ရပ်ဝေးမြေခြားတစ်နေရာသို့ ပို့လျှင်လည်း သွားရ၏။ မိမိစိတ်ပါဝင်စားသည်ဆိုခြင်းထက် မိဘ၏ရွေးချယ်မှုနောက်သို့ လိုက်ရ၏။ မိဘအုပ်ထိန်းမှုအောက် မလွန်ဆန်နိုင်သည့် ကာလတွင် ကလေးများ၏ ငယ်ဘဝသည် ကျပ်တည်းကျဉ်းမြောင်းလွန်းလှ၏။ သနားစရာအတိပင်ဖြစ်၏။

ထို့နောက် ဆရာများ၏ လောဘကြီးမှုကို တွေ့ရ၏။ ဆရာ၊ ဆရာမများသည်လည်း တစ်နှစ်တာလုံး အုန်းအုန်းထမျှ စာသင်ကြ၏။ ကျောင်းတွင်လည်း သင်ကြ၏။ ကျူရှင်တွင်လည်း သင်ကြ၏။ နွေရာသီကာလသည် အနားယူအားဖြည့်ရမည့် ကာလဖြစ်၏။ မိမိတို့၏ ကာယအားပြည့်ဖြိုးရန် အနားယူမှုလိုအပ်သကဲ့သို့ စိတ်အာဟာရများ ပြည့်ဝလာစေရန် စာပေဗဟုသုတ ရှာမှီးကြဖို့ လိုပါသည်။ သမားရိုးကျသင်ကြားမှု သင်ယူဖြစ်စဉ်မှ ဖောက်ထွက်၍ ကလေးများအား ပို၍ စိတ်ဝင်စားလာစေရေး နည်းပညာကို အသုံးပြုရန် သင်ကြားမှုစနစ်ပြောင်းခြင်း၊ အတွေးအမြင် အယူအဆသစ်များ ဖြည့်ဆည်းပေးနိုင်ရန် ကြံဆသင့်သည်။ အထူးသဖြင့် ဆရာ၊ ဆရာမများ ကိုယ်တိုင်စာပေဖတ်ရှုမှု နည်းပါးခြင်း၊ နည်းပညာ အသုံးချတတ်မှု နည်းပါးခြင်းများ ရှိနေ၏။ သို့သော်လည်း ဆရာ၊ ဆရာမများ ကိုယ်တိုင်ပင် နွေရာသီတွင် မနားနိုင်ကြ။ အကြောင်းအမျိုးမျိုးဖြင့် နွေရာသီသင်တန်းများ ဖွင့်လှစ်ကြရ၏။ စာသင်ဝိုင်းများ ဖွင့်ရန် ပြင်ဆင်နေကြ၏။ အချို့ ယခု အချိန်မှပင် စတင်ကာ အချို့မှာ သကြ်န်ပြီးသည်နှင့် စကြရန် ပြင်ဆင်နေကြလေပြီ။

### အထူးမပြောလို

ယခုအခါတွင် တစ်နှစ်ထက်တစ်နှစ် တိုးချဲ့ဖွင့်လှစ်လာသည့် ကိုယ်ပိုင်ကျောင်းများလည်း တိုးပွားနေ၏။ ယခင် အခါက မေလဆန်းတွင် စတင်ဖွင့်လှစ်ရန် ပြင်ဆင်လေ့ရှိသော်လည်း ယခုအခါတွင် ကျောင်းသားသစ်များ စတင်လက်ခံကာ ပိတ်ရက်မရှိ ဖွင့်လှစ်လာကြ၏။ တက္ကသိုလ်ဝင်တန်း စာမေးပွဲကြီး မပြီးစီးခင်ကပင် နဝမတန်းကျောင်းသား၊ သူများလက်ခံနေကြလေပြီ။ အချို့သင်နေကြလေပြီ၊ အပ်သူများကလည်း အလုအယက်အပ်နှံနေကြလေသည်။ စောစောဖွင့်၍ စောစောလက်ခံထားမှသာ ကျောင်းသား၊ ကျောင်းသူ ကောင်းကောင်းရမည်ဟုလည်း တွေးဆထားကြသည်။ ဤသည်မှာ ပုဂ္ဂလိကကျောင်းများ၏ ပုဂ္ဂလိက စီးပွားရေးဖြစ်၍ အထူးမပြောလို။

### လိုက်နာသင့်

အစိုးရကျောင်းများမှာ နွေရာသီသုံးလ ကျောင်းပိတ်ရသည်။ ဘော်ဒါဆောင်များ၊ ပုဂ္ဂလိကကျောင်းများသည် ပညာရေးဝန်ကြီးဌာန လက်အောက်ခံဖြစ်သည်။ အခြေခံပညာကျောင်းများကဲ့သို့ပင် ပညာရေးပြက္ခဒိန်ရှိသင့်သည်။ ပညာရေး စိတ်ပညာအရသော်လည်းကောင်း၊ ကလေးများ၏ ကျန်းမာရေးစောင့်ရှောက်မှုအရသော်လည်းကောင်း အနားယူရန် သတ်မှတ်ထားသည့်အတိုင်း နွေသုံးလ အပြည့်အဝ အနားယူသင့်သည် မဟုတ်ပါလော။ ထို့ပြင် ပညာရေးရည်မှန်းချက်အရ နိုင်ငံတော်က အလိုရှိသည့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွက်လာရန် ပြုစုပျိုးထောင်ရမည့် နည်းလမ်းများကို လိုက်နာသင့်သည်။

စင်စစ်ကျောင်းတွင် ကလေးများပညာသင်ကြားခြင်းသည် ကျောင်းမှသင်ကြားပြသလိုက်သည့် ကျောင်းသုံးစာအုပ်များကို အလွတ်ကျက် အလွတ်ပြန်ကာ အာဂုံဆောင်နိုင်ရုံမျှမဟုတ်။ ထိုသို့ ပြုလုပ်နိုင်ရုံဖြင့်လည်း လူတော်လူကောင်းတစ်ယောက် မဖြစ်နိုင်။ ကြက်တူရွေးလူတော်များနှင့် နိုင်ငံတော်သစ်ကို တည်ဆောက်၍ မရနိုင်ပါ။ ကလေးတိုင်းသည် IQ သာမက EQ တွင်ပါ ဖွံ့ဖြိုးတိုးတက်နေဖို့လိုသည်။ ဘက်စုံထူးချွန်ရန် ဘက်စုံပညာရေးကို အလေးပေးသင်ကြားနိုင်ရန် ဖြစ်သည်။

အခြေခံပညာရေးက ကလေးများကိုယ်တိုင် တီထွင်ဖန်တီးစိတ်နှင့် စဉ်းစားအဖြေရှာလိုစိတ်များ မြင့်မားရန် ရည်သန်လျက်ရှိသည်။ ကျောင်းစာကို အာဂုံဆောင်ရုံမျှဖြင့် အမှတ်ကောင်းရကာ အဆင့်မြင့်ပညာရေးကို တက်လှမ်းနိုင်သည့်စနစ်အား ပြောင်းလဲပြင်ဆင်လျက်ရှိ၏။ ထိုအချိန်မျိုးတွင် မိဘများ ဆရာ၊ ဆရာမများက ကျောင်းသင်ခန်းစာများကို အာဂုံဆောင်နိုင်ရန်၊ အကြိမ်ကြိမ်အခါခါ အလွတ်ကျက်ရန် ပြန်ဆိုနိုင်ရန် နွေရာသီကပင် အချိန်ပိုများခေါ်၍ ပြန်သင်ကြားနေကြခြင်းမှာ ပညာရေးဝန်ကြီးဌာနက ငွေသန်းပေါင်းများစွာ အကုန်အကျခံ၍ ဖော်ဆောင်နေသော အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်းကြီးအား ပြက်ရယ်ပြုနေသကဲ့သို့ ရှိ၏။

### ပြောင်းလဲလာနိုင်

သို့ဖြစ်၍ ပညာရေးဝန်ကြီးဌာနလက်အောက်ရှိ အခြေခံပညာကျောင်းများ၊ ပုဂ္ဂလိကကျောင်းများ၊ ဘ/က ကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများတွင် နွေရာသီ ကျောင်းပိတ်ရက်ကို အပြည့်အဝပိတ်စေလိုပါသည်။ မျှတသော ဥပဒေသက်ရောက်စေလိုသည်။ အကယ်၍ ယင်းကျောင်းအသီးသီးတွင် နွေရာသီအတွင်း ဖွင့်လှစ်လိုပါက ကျောင်းသင်ခန်းစာနှင့် မသက်ဆိုင်သော ပန်းချီ၊ ဂီတ၊ ကွန်ပျူတာ၊ အားကစားအမျိုးမျိုး စသည်တို့ကို သင့်တင့်သော နှုန်းထားများဖြင့် ဖွင့်လှစ်ခွင့်ပြုသင့်ပါသည်။ ကလေးများကိုယ်တိုင် မိမိတို့နှစ်သက်ရာ၊ ဝါသနာပါရာ ကဏ္ဍအသီးသီးတွင် ပါဝင်နိုင်မည်ဖြစ်၍ ကလေးများ၏ ရုပ်ပိုင်းသာမက စိတ်ပိုင်းဆိုင်ရာ ခံစားချက်များပါ ပြောင်းလဲလာနိုင်ပါသည်။

အလားတူပင် ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်မှုသင်တန်းများ ဥပမာ - 4 Skills ဖွင့်လိုက ဖွင့်စေချင်ပါသည်။ ကလေးများအား ခရီးသွားလာခွင့် ပြုစေချင်သည်။ ကျောင်းသား၊ ကျောင်းသူ ၃၀-၄၀ ရှိသော စာသင်ခန်းတစ်ခုတွင် ပုဂံသို့ရောက်ဖူးသူ ဦးရေမေးကြည့်ရာ ၃-၄ ဦးပင်အနိုင်နိုင်။ လာအိုနိုင်ငံသို့ရောက်လျှင် Wat Sisaket Temple သို့မရောက်လျှင် လာအိုနိုင်ငံသားတို့၏ အသည်းနှလုံးကို မတွေ့လိုက်ရခြင်း မည်သည်ဟု ဆိုသည်။ မြန်မာနိုင်ငံသို့ ရောက်လျှင်လည်း ပုဂံသို့ မရောက်ခဲ့လျှင် မြန်မာတို့၏ နှလုံးသားကို မြင်ခွင့်မရခြင်းဟု ဆိုချင်သည်။ ခက်သည်က မိမိနိုင်ငံသားများပင် ပုဂံသို့ မရောက်ဖူးသူက များလှသည်။ မည်သို့ဆိုရအံ့။ ကျောင်းသား၊ ကျောင်းသူများကို စာသင်ခန်းများထဲတွင်ချည်း ပိတ်လှောင်၍ မထားသင့်တော့ပါ။ စာဖတ်ခြင်း သုံးမျိုးရှိသည်။ မျက်စိဖြင့် စာဖတ်ခြင်း၊ နားဖြင့်ဖတ်ခြင်း၊ ခြေထောက်ဖြင့် စာဖတ်ခြင်းတို့ ဖြစ်၏။ စာအုပ်များများ မဖတ်ကြလျှင်၊ မဖတ်နိုင်ကြလျှင် ခရီးများများသွားနိုင်ရန် ကူညီဆောင်ရွက်ကြဖို့လိုသည်မဟုတ်ပါလော။

### ဥပဒေဖြင့်ထိန်းကျောင်း

ထို့ကြောင့် အနာဂတ်နိုင်ငံတော် တည်ဆောက်ရေးတွင် အခရာကျလှသည့် ကျောင်းသား၊ သူကလေးများ၏ အနာဂတ်ဘဝကို ဖန်တီးထုဆစ်ရာတွင် အတ္တလောဘကြီးမားလှသူများ၏ ဘေးမှကင်းဝေးရန် ဥပဒေဖြင့် ထိန်းကျောင်းခြင်းကသာ မျှတနိုင်မည်ဖြစ်၏။ မိမိတို့၏ အကျိုးစီးပွားတစ်ခုထက် အနာဂတ်အကျိုးစီးပွားကို ထည့်သွင်းစဉ်းစားကြစေလိုပါသည်။ ထူးချွန်ထက်မြက်သော၊ တီထွင်ကြံဆနိုင်စွမ်းရှိသော၊ တွေးဆမြော်မြင်နိုင်စွမ်းရှိသော၊ ခေါင်းဆောင်မှုအရည်အချင်းပြည့်ဝသော အနာဂတ် ပခုံးပြောင်းတာဝန်ယူနိုင်မည့်သူများ မွေးထုတ်နိုင်ဖို့ ဆိုလျှင် စာသင်နှစ်ပညာရေးပြက္ခဒိန်နှင့်အညီ ကျောင်းတက်စေ၍ တစ်နှစ်ပတ်လုံး ကျောင်းစာများနှင့် နပန်းလုံးနေရမည့်ဘဝမှ လွတ်မြောက်အောင် ကြံဆောင်ကြဖို့ အချိန်တန်ပြီဟု ပြောချင်သည်။

> ကျောင်းသား၊ ကျောင်းသူများကို စာသင်ခန်းများထဲတွင် ချည်း ပိတ်လှောင်၍မထားသင့်တော့ပါ။ စာဖတ်ခြင်း သုံးမျိုးရှိသည်။ မျက်စိဖြင့် စာဖတ်ခြင်း၊ နားဖြင့် ဖတ်ခြင်း၊ ခြေထောက်ဖြင့် စာဖတ်ခြင်းတို့ . . .



## မန္တလေးတိုင်းဒေသကြီး ၂၀၁၈ ခုနှစ် နွေရာသီအခြေခံအားကစားသင်တန်းများဖွင့်



**မန္တလေး မတ် ၅**
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ၂၀၁၈ ခုနှစ် နွေရာသီ အားကစားသင်တန်းများ ဖွင့်ပွဲအခမ်းအနားကို မတ် ၅ ရက် နံနက် ၈ နာရီက မန္တလေးမြို့ ဗထူးအားကစားကွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင် တက်ရောက်ပြီး သင်တန်းဖွင့်အမှာစကား ပြောကြားသည်။ ဆက်လက်၍ တက်ရောက်လာကြသည့် နွေရာသီအခြေခံအားကစား သင်တန်းသား၊ သင်တန်းသူများက အားကစားသစ္စာအဓိဋ္ဌာန် (၄) ချက်ရွတ်ဆိုကြပြီး အားကစားကွင်းအတွင်း မြန်မာ့သိုင်း၊ ရိုးရာလက်ဝှေ့၊ ဘောလုံး၊ တိုက်ကွမ်ဒို၊ ကရာတေးဒိုနှင့် ဝူရှူး၊ ခြင်းလုံး အားကစားအဖွဲ့များက အားကစားနည်းအလိုက် သရုပ်ပြသကြသည်။

နွေရာသီ အားကစားသင်တန်းများတွင် မန္တလေးခရိုင်အတွင်းရှိ အခြေခံပညာကျောင်းများနှင့် ပုဂ္ဂလိကကိုယ်ပိုင်ကျောင်းများမှ ကျောင်းသား၊ ကျောင်းသူ ၁၇၀၀ ကျော် တက်ရောက်ကြသည်။

အားကစားနည်းအလိုက် ဘောလုံးကို ရွှေမန်းတောင် အားကစားကွင်းတွင်လည်းကောင်း၊ ဘော်လီဘော၊ တိုက်ကွမ်ဒို၊ ဝူရှူးနှင့် ကရာတေးဒိုကို ဗထူးအားကစားခန်းမ၌လည်းကောင်း၊ ကာယဗလ/ကာယအလှ၊ စားပွဲတင်တင်းနစ်ကို ဗထူးကလပ်တွင်လည်းကောင်း၊ အလေးမကို လူငယ်အားမာန်ကလပ်တွင်လည်းကောင်း၊ ပြေးခုန်ပစ်၊ ရိုးရာလက်ဝှေ့ကို မဟာအောင်မြေ အားကစားကွင်းတွင်လည်းကောင်း၊ လက်ဝှေ့ကို လူငယ် သင်တန်းကျောင်းတွင် လည်းကောင်း၊ ကြက်တောင်ကို ပညာရေးကောလိပ်တွင်လည်းကောင်း၊ သေနတ်ပစ်ကို ချမ်းမြသာစည် အားကစားကွင်းတွင်လည်းကောင်း၊ ပိုက်ကျော်ခြင်းကို လူငယ်ကလပ်တွင်လည်းကောင်း၊ စစ်တုရင်ကို ဗထူးစစ်တုရင်ခန်းမတွင်လည်းကောင်း ခရစ်ကက်ကို အ-ထ-က (၂၆) တွင်လည်းကောင်း သက်ဆိုင်ရာ နည်းပြများက နံနက်ပိုင်း၊ ညနေပိုင်းများတွင် သင်ကြားပို့ချကြသည်။

**သီဟကိုကို(မန္တလေး)**

## လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ဆွေးမြည့်ဓာတ်တိုင်များအားအသစ်လဲ

**ခင်ဦး မတ် ၅**
စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်အတွင်း လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့် ဓာတ်အားလိုင်းများ ကြံ့ခိုင်ကောင်းမွန်ရေးအတွက် ဆွေးမြည့်ဓာတ်တိုင်များ အသစ်လဲလှယ်ခြင်းလုပ်ငန်းကို မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးမင်းအောင်နှင့် ဝန်ထမ်းများက ၁၁ ကေဗွီ အင်ကြင်းပင်လိုင်းနှင့် လက်ပံလှလိုင်းတို့တွင် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါလုပ်ငန်းများကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေဖြင့် ဆွေးမြည့်သစ်သားတိုင်၊ သံတိုင်များနှင့် သစ်သားလက်တန်းများအား ၁၀ မီတာကွန်ကရစ်တိုင်နှင့် Galvanized Iron လက်တန်းများဖြင့် လဲလှယ်ဆောင်ရွက်လျက်ရှိရာ အင်ကြင်းပင်လိုင်းတွင် ဓာတ်တိုင် ၂၂၃ တိုင်နှင့် လက်ပံလှလိုင်းတွင် ၉၄ တိုင်ကို မတ် ၁၀ ရက်တွင် အပြီးဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ယခင်ဓာတ်တိုင်များမှာ တစ်ခန်းနှင့် တစ်ခန်း ပေ ၂၈၀ ခန့် ကွာဝေးပြီး လယ်ကွင်းများအတွင်းမှ ဖြတ်သွားပြီး သစ်သားတိုင်များမှာ နိမ့်နေသည့်အတွက် ကြိုးများမှာအိကျပြီး တောင်သူများ စပါးစိုက်ပျိုးရိတ်သိမ်းချိန်တွင် လျှပ်စစ်အန္တရာယ်ရှိကြောင်း၊ ယခုလဲလှယ်သော ကွန်ကရစ်တိုင်စိုက်ထူရာတွင် တစ်ခန်းနှင့် တစ်ခန်း ပေ ၁၆၀ ခန့် စိုက်ထူထားသည့်အတွက် ဓာတ်အားလိုင်းပိုမို ကြံ့ခိုင်တောင့်တင်းလာပြီး လျှပ်စစ်အန္တရာယ်ဖြစ်ပေါ်နိုင်မှု လျော့နည်းသွားမည်ဖြစ်ကြောင်း မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးမင်းအောင်၏ ပြောကြားချက်အရ သိရသည်။

**ခင်ဦးစိုးဝေ**



## ကြက်သွန်နီအသစ်များဈေးကွက်သို့ဝင်ရောက်လာသဖြင့် ဈေးနှုန်းများပြန်လည်ကျဆင်း

**မန္တလေး မတ် ၅**
မန္တလေးမြို့ရှိ ကြက်သွန်ဈေးကွက်တွင် အထွက်နှုန်းကောင်းစွာ ပေါ်ထွက်လာသည့် ကြက်သွန်နီအသစ်များ စတင်ဝင်ရောက်လာသဖြင့် ဈေးနှုန်းများ ပြန်လည်ကျဆင်းလာကြောင်း သိရသည်။

ပြီးခဲ့သည့် နှစ်ဒီဇင်ဘာလအတွင်းက တစ်ပိဿာလျှင် ကျပ် ၃၂၀၀ ဈေးဖြင့် အမြင့်ဆုံးရောက်ရှိနေသည့် ကြက်သွန်နီဈေးကွက်မှာ ယခုဖေဖော်ဝါရီလအတွင်း ကြက်သွန်နီအသစ်များထွက်ပေါ်လာခြင်းကြောင့် တစ်ပိဿာလျှင် ကျပ် ၁၃၀၀ ဈေးအထိ ပြန်လည်ကျဆင်းသွားကြောင်း တောင်သာမြို့နယ်မှ ကြက်သွန်စိုက်တောင်သူ ကိုမောင်အေးက ပြောသည်။

"မနှစ်က ဒီလိုရာသီချိန်မှာ အပျက်အစီးများတဲ့အတွက် အထွက်နှုန်းနည်းတယ်။ ဒီနှစ်မှာတော့ အထွက်နှုန်းက မနှစ်ကထက် လေးဆလောက်ပိုမယ်လို့ ခန့်မှန်းရတယ်။ ပြိုင်တူပေါ်ပြီး အထွက်နှုန်းကလည်းကောင်းတော့ ဈေးပြန်ကျတာ ထုံးစံပါပဲ။ လက်ရှိမှာတော့ မြစ်သားနဲ့ ဆိတ်ဖြူနယ်ဘက်ကပဲ ပေါ်သေးတယ်။ နောက်ထပ် တောင်သာနဲ့ မုံရွာနယ်ဘက်က ထပ်ထွက်လာရင် ဈေးနှုန်းက ဆက်ပြီးကျဆင်းလာဦးမယ်" ဟု ၎င်းက ပြောသည်။

ကြက်သွန်နီကို တန်ဆောင်မုန်းလဆန်းတွင် မျိုးစေ့စတင်ပျိုး၍ ရက်ပေါင်း ၄၅ ရက်ကြာပါက ပြောင်းရွှေ့စိုက်ပျိုးပြီး ရက်ပေါင်း ၁၀၅ ရက်အကြာတွင် ကြက်သွန်နီဥများကို ဖော်ယူရကြောင်းနှင့် ကြက်သွန်နီ တစ်ဧကလျှင် အနည်းဆုံးပိဿာ ၆၀၀၀ ထွက်ရှိပြီး စိုက်ပျိုးစရိတ်မှာ ၁၅ သိန်းခန့်ကုန်ကျကြောင်း သိရသည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**

## မီးဘေးကာကွယ်ရေးမီးငြိမ်းသတ်မှုနှင့် ရှာဖွေကယ်ဆယ်ရေးဇာတ်တိုက်လေ့ကျင့်

**အောင်မြေသာစံ မတ် ၅**
မန္တလေးအောင်မြေသာစံမြို့နယ် ၈၇ လမ်း၊ ၂၃ လမ်းနှင့် ၂၄ လမ်းကြားရှိ သီရိမာလာအရှေ့ရပ်ကွက်တွင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် မီးငြိမ်းသတ်ခြင်းနှင့် ရှာဖွေကယ်ဆယ်ရေးဇာတ်တိုက်လေ့ကျင့်ခြင်းကို မတ်၄ ရက် မွန်းလွဲ ၂ နာရီခွဲက ဆောင်ရွက်ခဲ့သည်။

ဇာတ်တိုက်လေ့ကျင့်ရာတွင် မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ရေးယာဉ်များအသုံးပြုပြီး မီးငြိမ်းသတ်ခြင်း၊ ရပ်ကွက်အတွင်းပိတ်မိနေသူများအား အဆင့်မြင့် အသက်ကယ်ကိရိယာများ အသုံးပြု၍ ရှာဖွေကယ်ဆယ်ခြင်းများကို သန္ဓေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင် ၈၅ ဦး၊ မီးသတ်ယာဉ် ၂၀ စီးဖြင့် ရပ်ကွက်ပတ်လည်တွင် စုပေါင်းလေ့ကျင့်ခဲ့ကြကြောင်း သိရသည်။

အဆိုပါဇာတ်တိုက်လေ့ကျင့်ရာသို့ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးသန်းဇော်ဦး၊ မန္တလေးခရိုင် မီးသတ်ဦးစီးမှူး ဦးသန်းနိုင်နှင့် မြို့နယ်မီးသတ်ဦးစီးမှူးများ၊ မန္တလေးခရိုင် အရန်မီးသတ်ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးဗိုလ်မင်းနှင့် ကော်မတီဝင်များ၊ တပ်ခွဲမှူးများနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီနှင့် လူမှုကယ်ဆယ်ရေးအဖွဲ့များ တက်ရောက်ကြသည်။

**သီဟကိုကို(မန္တလေး)**

## အညာဒေသရှိ ရွှေစာရံဘုရားပွဲတော်၌ ရှမ်းပြည်နယ်ဒေသထွက် ကုန်ပစ္စည်းများ စုံစုံလင်လင်ရောင်းချ

**ပုသိမ်ကြီး မတ် ၅**
ရွှေစာရံဘုရားသည် အညာဒေသ၏ ထင်ရှားကျော်ကြားသော ဘုရားတစ်ဆူဖြစ်သည်။ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ရွှေစာရံကျေးရွာအနီးရှိ ရွှေစာရံဘုရား ပွဲတော်ကြီးကို နှစ်စဉ်တပေါင်းလပြည့်မှ လပြည့်ကျော် ၉ ရက်ထိ ကျင်းပလျက်ရှိရာ ရှမ်းတိုင်းရင်းသားဈေးသည်များ အဓိကလာရောက် ရောင်းချသောကြောင့် ရှမ်းပြည်နယ်ဒေသထွက်ကုန်ပစ္စည်းများ စုံစုံလင်လင်ရရှိနိုင်သော ပွဲတော်တစ်ခုဖြစ်သည်။

"ရွှေစာရံဘုရားပွဲတော်မှာ ရှမ်းဈေးတန်းဆိုရင် လူတိုင်းသိတယ်၊ ပွဲတော်လာသူအများစုကလည်း ရှမ်းဈေးတန်းမှာ ဈေးဝယ်ရတာပိုမိုသဘောကျတယ်၊ ဒီဘုရားပွဲမှာ နေရာဒေသအသီးသီးမှ ရှမ်းလူမျိုးများ လာရောက်ကြတယ်၊ ရှမ်းပြည်နယ် နောင်ချို၊ တောင်ကြီး၊ သီပေါ အစရှိတဲ့ရပ်ဝေးက လာရောက်ကြတဲ့ ဈေးသည်တွေရှိသလို ပြင်ဦးလွင်မြို့နယ်ရှိ ခွန်လိန်၊ သပြေကျင်း၊ အောင်ချမ်းသာ၊ သုံးတောင်၊ မြေပုံ အစရှိသောကျေးရွာများမှ လာရောက် ရောင်းချတဲ့ ရှမ်းတိုင်းရင်းသား ဈေးသည်တွေလည်းရှိတယ်၊ ဒီနှစ် ဘုရားပွဲတော်မှာ ရှမ်းတိုင်းရင်းသား ဈေးဆိုင်ခန်း ၂၀၀ ကျော်၊ ဗမာတိုင်းရင်းသားဆိုင်ခန်း ၈၀၀ ကျော်၊ စုစုပေါင်း ဈေးဆိုင်ခန်းပေါင်း ၁၀၀၀ ကျော်ရှိပါတယ်၊ ဆိုင်ခန်းတစ်ခန်းလျှင် ဗမာတိုင်းရင်းသား ဆိုင်ခန်းတစ်ခန်းကို ငွေကျပ် ၁၅၀၀၀၊ ရှမ်းတိုင်းရင်းသားဈေးဆိုင်ခန်းတစ်ခန်းကို ငွေကျပ် ၁၀၀၀၀ နှုန်း သတ်မှတ်ထားပါတယ်၊ ရှမ်းတိုင်းရင်းသား အများစုက ရပ်ဝေးမှလာရောက်ရောင်းချရသောကြောင့် ခရီးစရိတ်ကာမိစေဖို့ ငွေကျပ် ၁၀၀၀၀ နှုန်းပဲ ကောက်ခံပါတယ်၊ ရှမ်းဈေးတန်းမှာ ရှမ်းပြည်နယ်ဒေသထွက်ကုန်ပစ္စည်းများ စုံစုံလင်လင် ရရှိနိုင်ပါတယ်" ဟု ရွှေစာရံဘုရားဂေါပကဥက္ကဋ္ဌ ဦးပြေငြိမ်းက ပြောကြားသည်။

"ကျွန်မက ရှမ်းပြည်နယ်နောင်ချိုမြို့ကနေ အစ်မတွေနဲ့အတူ လာရောက်ရောင်းချတာပါ၊ ကျွန်မတို့ ဒေသထွက် ပဲပုပ်၊ မျှစ်ချဉ်၊ မျှစ်ခြောက်၊ ပိန်းဥ၊ အာဒါလွတ်ဥ၊ ကရဝေးခေါက်၊ ကရဝေးရွက်၊ ဘူးသီးခြောက်များ ရောင်းချပါတယ်၊ ကျွန်မ အစ်မတွေဆိုင်မှာတော့ နနွင်းနက်၊ နနွင်းတိမ်ပြာ၊ နနွင်းဖြူ၊ နနွင်းခါးဥ၊ တောင်ကြာကြက်သွေးဥ၊ တပင်တိုင်မြနန်း၊ ဆေးသန်လျက်၊ ရှဥ့်မတက်ဥ၊ ဆင်တုံးမနွယ်၊ ဆင်တုံးမနွယ်မှုန့်၊ နနွင်းခါးမှုန့်၊ ဆေးမြစ်စုံမှုန့်၊ လက်ပံခါး၊ ပေါက်နက်၊ နလင်ကျော်၊ တောင်တန်ကြီး၊ သက်ရင်းကြီး၊ တောရှောက်၊ ဝံအူရင်းပျား၊ ကျားမနိုင်၊ ပရုတ်၊ ဇာသီး၊ စမုန်နက်၊ လေးညှင်း၊ ငရုတ်ကောင်း၊ ဆိတ်ဖူး၊ ဆေးပန်းဥ၊ ဆေးကုလားမ၊ ပတဲကော၊ ဆေးမြင်းခွာ၊ မိတ်သလင်ပင်၊ မိတ်သလင်ဥ၊ ငရုတ်သီးခြောက်၊ ကြက်သွန်ဖြူ၊ ခွေးလှေးယားစေ့၊ တို့ဟူးခြောက်၊ ဘူးသီးခြောက်များအပြင် အခြားရှမ်းပြည်နယ် ဒေသထွက်ကုန်တွေ စုံစုံလင်လင် ရောင်းချပါတယ်၊ ရှမ်းရိုးရာအစားအစာများ၊ အဝတ်အထည်များလည်း ရောင်းချပါတယ်" ဟု ရွှေစာရံဘုရားပွဲတော် ရှမ်းဈေးတန်းတွင် နောင်ချိုမြို့မှ လာရောက်ရောင်းချသော ရှမ်းဈေးသည်တစ်ဦးက ပြောကြားသည်။



"အဒေါ်က အခုအသက် (၆၀)ကျော်ပါပြီ၊ အသက် (၂၀)ကျော်လောက်ကတည်းက နှစ်တိုင်း ဒီဘုရားပွဲကို ရှမ်းပြည်နယ်ဒေသထွက်ကုန်တွေ လာရောက်ရောင်းချပါတယ်၊ ဒီဘုရားပွဲကို အညာဒေသမှ လာရောက်သူတွေ များပြားတယ်၊ ဈေးရောင်းတာကတော့ အဒေါ်၊ အမေတို့ လက်ထက်ကတည်းက ရောင်းတာပါ၊ ဒီဘုရားပွဲမှာပဲ လာရောက်ရောင်းချတာပါ၊ တခြားပွဲတွေ သွားမရောင်းပါဘူး၊ နှစ်တိုင်းလည်း ရောင်းကောင်းပါတယ်၊ ပွဲတော်ကို လာရောက်တဲ့ သူအားလုံးကို ကျေးဇူးတင်ပါတယ်၊ ကျွန်မတို့ ရှမ်းပြည်နယ်ထွက် ဒေသထွက်ကုန်များကိုလည်း လာရောက် အားပေးနိုင်ပါတယ်" ဟု ပြင်ဦးလွင်မြို့နယ် မြေပုံကျေးရွာမှ လာရောက်ရောင်းချသော ရှမ်းတိုင်းရင်းသူ ဒေါ်ဖီးက ပြောကြားသည်။

ရွှေစာရံစေတီတော်သည် ပုဂံပြည့်ရှင် အနော်ရထာမင်းကြီး၏ မိဖုရားတစ်ပါးဖြစ်သော ရှမ်းမင်းသမီး စောမွန်လှတည်ထားသောဘုရားတစ်ဆူဖြစ်ပြီး ရှမ်းလူမျိုးများ အများအပြားလာရောက်သောပွဲတော်တစ်ခုဖြစ်ရာ ရှမ်းရိုးရာ ယဉ်ကျေးမှုထုံးတမ်းအစဉ်အလာအရ ရှမ်းအိုးစည်ဝိုင်းဖြင့် ကပြ ဂါဝရပြုကြကြောင်း သိရသည်။ ရွှေစာရံဘုရားပွဲတော်သည် နှစ်စဉ်မြန်မာပြည်အနှံ့ ဘုရားဖူးပြည်သူများ လာရောက်လျက်ရှိရာ ကြိတ်ကြိတ်တိုးစည်ကားသောပွဲတော်တစ်ခုဖြစ်ပြီး ရှမ်းပြည်နယ်ဒေသထွက်ကုန်ပစ္စည်းများ စုံစုံလင်လင်ရရှိနိုင်သော အညာဒေသ၏ ပွဲတော်တစ်ခုဖြစ်ကြောင်း သိရသည်။

**သန်းဇော်မင်း (ပြန်/ဆက်)**

# ချောင်းဦးမြို့နယ် ခင်မွန်ကျေးရွာတွင် မြန်မာ့ရိုးရာနွားအကျော့နှင့် လှည်းယဉ်ကျော့ပြိုင်ပွဲကျင်းပ

**ချောင်းဦး မတ် ၅**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ် ခင်မွန်ကျေးရွာတွင် တောင်သူလယ်သမားနေ့ အထိမ်းအမှတ် မြန်မာ့ရိုးရာနွားအကျော့နှင့် လှည်းယဉ်ကျော့ပြိုင်ပွဲကို မတ် ၄ ရက်မှ ၈ ရက်အထိ ကျင်းပလျက်ရှိကြောင်း သိရသည်။

ချောင်းဦးမြို့နယ် ခင်မွန်ကျေးရွာတွင် ကျင်းပသည့် တောင်သူလယ်သမားနေ့ အထိမ်းအမှတ် မြန်မာ့ရိုးရာနွားအကျော့နှင့်လှည်းယဉ်ကျော့ပြိုင်ပွဲသို့ မုံရွာ၊ စစ်ကိုင်း ချောင်းဦး၊ ဆားလင်းကြီး၊ ငါန်းဇွန်၊ မြောင်နှင့် မြင်းမူမြို့နယ်များမှ နွားအကောင်ရေ ၁၂၀ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။

"တောင်သူလယ်သမားနေ့ အထိမ်းအမှတ်အဖြစ် နှစ်စဉ်ကျင်းပလာတာ အခုနှစ်ဆိုရင် လေးကြိမ်မြောက်ရှိပါပြီ၊ အခုနှစ်မှာလည်း ပြိုင်ပွဲအမျိုးအစားငါးမျိုး ထည့်သွင်းထားပါတယ်၊ ပြိုင်ပွဲအမျိုးအစားအလိုက် ပထမဆုကို ရေခဲသေတ္တာ၊ ဒုတိယဆုကို ၁၉ လက်မတီဗွီနဲ့ တတိယဆုကိုတော့ ပြိုင်ပွဲက ရတဲ့ငွေတွေထဲက ကုန်ကျစရိတ်တွေ ထုတ်နုတ်ပြီး ကျန်တဲ့ငွေတွေထဲက အချိုးကျခွဲပြီး ငွေသားဆုအဖြစ် ချီးမြှင့်ပေးသွားဖို့ စီစဉ်ထားပါတယ်၊ အခုနှစ်မှာတော့ ပြိုင်ပွဲငါးမျိုးကို ငါးရက်ကြာကျင်းပမှာပါ"ဟု ပြိုင်ပွဲကျင်းပရေးကော်မတီ၏ အတွင်းရေးမှူးအဖြစ် ဆောင်ရွက်သူ ခင်မွန်ကျေးရွာမှ ဦးလင်းက ပြောသည်။



တောင်သူလယ်သမားနေ့ အထိမ်းအမှတ် မြန်မာ့ရိုးရာနွားအလှလှည်းယဉ်ကျော့ပြိုင်တွင် ပထမနေ့တွင် နွားအငယ်တန်းနွားအကျော့မောင်းပြိုင်ပွဲများကို မတ် ၄ ရက်တွင်ကျင်းပခဲ့ရာ နွား ၁၇ ကောင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်းနှင့် မတ် ၅ ရက်တွင် အငယ်တန်းနွားလှည်းယဉ်အကျော့မောင်း ပြိုင်ပွဲများကိုလည်းကောင်း၊ မတ် ၆ ရက်တွင် နွားအလွတ်တန်း လှည်းယဉ်ကျော့အမောင်းပြိုင်ပွဲများကို လည်းကောင်း၊ မတ် ၇ ရက်တွင် နွားအကြီးတန်းလှည်းယဉ်ကျော့အမောင်းပြိုင်ပွဲများကို လည်းကောင်း၊ မတ် ၈ ရက်တွင် နွားအကြီးတန်းလှည်းယဉ်ဒုန်းမောင်း ပြိုင်ပွဲများကိုလည်းကောင်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**

# ရုံးပိတ်ရက်ရှည်ကုန်ဆုံးသဖြင့် လုပ်ငန်းခွင်အသီးသီးသို့ ပြန်လည်တာဝန်ထမ်းဆောင်

**ပဲခူး မတ် ၅**

နိုင်ငံတစ်ဝန်းရှိ ဌာနဆိုင်ရာဝန်ထမ်းများ သည် နိုင်ငံတော်အစိုးရမှ မတ် ၁ ရက်မှ ၄ ရက်အထိ ရုံးပိတ်ရက်ရှည် သတ်မှတ်ပေးခဲ့ပြီးဖြစ်သဖြင့် မတ် ၅ ရက်မှစတင်၍ တာဝန်ကိုယ်စီ ပြန်လည်ထမ်းဆောင်ကြပြီဖြစ်ကြောင်း သိရသည်။

မတ်၁ ရက်သည် တပေါင်းလပြည့်နေ့နှင့် တိုက်ဆိုင်သဖြင့် ရုံးပိတ်ရက်အဖြစ်လည်းကောင်း၊ မတ် ၂ ရက်သည် တောင်သူလယ်သမားနေ့ဖြစ်ပြီး မတ် ၃ ရက်နေ့နှင့် ၄ ရက်နေ့တို့သည် သာမန်ရုံးပိတ်ရက် စနေနှင့် တနင်္ဂနွေနေ့ ဖြစ်သောကြောင့်လည်းကောင်း ရုံးပိတ်ရက်အဖြစ် ဆက်တိုက်ခံစားခွင့်ရရှိသွားကြခြင်းဖြစ်သည်။

ရုံးပိတ်ရက် လေးရက်တာကာလအတွင်း ဌာနဆိုင်ရာများ၊ ဝန်ထမ်းများအနေဖြင့် အချို့မှာ မိဘရပ်ထံပြန်၍ အနားယူခြင်း၊ အချို့မှာ စုပေါင်း၍သော်လည်းကောင်း၊ မိသားစုအလိုက်သော်လည်းကောင်း ဘုရားဖူးထွက်ကုသိုလ်ယူကြ ခြင်း၊ အပန်းဖြေခရီးထွက်အနားယူခြင်း၊ ရက်တိုရိပ်သာဝင်ခြင်းများ ပြုလုပ်ကြကြောင်း သိရသည်။

ပဲခူးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ဒုလက်ထောက်ထိန်းသိမ်းရေးမှူး ဦးနန္ဒအောင်က "ပဲခူးမြို့မှာရှိတဲ့ ကမ္ဘောဇသာဒီနန်းတော်နဲ့ ဘုရားစုံကို တစ်နေ့တစ်မျိုး သွားရောက်ခဲ့ပါတယ်။ ရုံးပိတ်ရက်ပြီးရင်တော့ စိတ်ဖိစီးမှုမရှိဘဲ ပျော်ရွှင်စွာနဲ့ လုပ်ငန်းခွင် ဝင်ရောက်တော့မှာဖြစ်ပါတယ်" ဟု ပြောကြားသည်။

ပဲခူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းတစ်ဦးက "ကျွန်မ၏တို့ဌာနက ဝန်ထမ်းတွေစုပြီးတော့ ရုံးပိတ်ရက်မှာ မော်တင်စွန်းဘုရားကို သွားရောက်ဖူးမြော်ကုသိုလ်ယူခဲ့ကြပါတယ်၊ ပြီးတော့ ငွေဆောင်ကမ်းခြေနဲ့ ချောင်းသာကမ်းခြေတို့ကို သွားရောက်ကာ ရေကူးရင်း အပန်းဖြေ အနားယူခဲ့ကြပါတယ်။ ဌာနက ဝန်ထမ်းတွေ ယခုလိုစုပြီး ခရီးထွက်ရတော့ ပျော်ဖို့လည်းကောင်းတယ်၊ တစ်ဦးနဲ့တစ်ဦး စည်းလုံးချစ်ခင်မှုလည်း ပိုရှိလာတယ်။ ရုံးပိတ်ရက် အနားယူပြီးရင်တော့ စိတ်သစ်လူသစ်နဲ့ ပျော်ပျော်ရွှင်ရွှင် လန်းဆန်းစွာနဲ့ လုပ်ငန်းတာဝန်များကို ပြန်လည်ထမ်းဆောင်မှာပါ" ဟုလည်းကောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝေါမြို့နယ်ရုံးမှ ခတ်ပုံကျွမ်းကျင်(၂)ဦးအောင်မြတ်လင်းက လည်း "ကျွန်တော်ကတော့မိသားစုနှင့်အတူ ပျော်ပျော်ပါးပါးဘုရားဖူးထွက်ခဲ့ပါတယ်" ဟု ပြောကြားသည်။

**တင်စိုး (ပဲခူး)**

# ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကာကွယ်ရေးနှင့် စွမ်းရည်မြှင့်တင်ရေး ပညာပေးဆွေးနွေး

**တွံတေး မတ် ၅**

အမျိုးသမီးရှေ့နေများဦးဆောင်သော 'တွဲလိုကူ' ပရဟိတအဖွဲ့မှ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကာကွယ်ရေးနှင့် စွမ်းရည်မြှင့်တင်ရေး ပညာပေးဆွေးနွေးပွဲကို ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ကံဘဲ့ကျေးရွာ ပုဗ္ဗာရုံကျောင်းတိုက်၌ မတ် ၄ ရက် မွန်းလွဲ ၁ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါအသိပညာပေးဆွေးနွေးပွဲတွင် အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးနေနိုင်ဦး၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်ဦး၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်သန်းသန်းအေးတို့က အမှာစကားပြောကြားကြပြီး 'တွဲလိုကူ' ပရဟိတအဖွဲ့ တရားလွှတ်တော်ရှေ့နေ ဒေါ်နီနီသိမ်းက ကျား/မ ဖြစ်တည်မှုအပေါ်အခြေခံသည့် အကြမ်းဖက်မှုများကို ရှင်းလင်းခြင်း၊ 'တွဲလိုကူ' ပရဟိတအဖွဲ့ တရားလွှတ်တော်ရှေ့နေ ဒေါ်ခင်ခင်ကျော်နှင့်ဒေါ်မဥ္ဇူတို့က အမျိုးသမီးများအကြမ်းဖက်ခံရမှုနှင့် မှုခင်းကာကွယ်ရေးအတွက် အမျိုးသမီးများ သိသင့်သော ဥပဒေပုဒ်မများကို ရှင်းလင်းကြကာ 'တွဲလိုကူ' ပရဟိတအဖွဲ့မှ အထက်တန်းရှေ့နေ ဒေါ်ဆုရည်မွန်က သက်ငယ်မုဒိမ်းမှုကင်းစင်ရေး အားလုံးပူးပေါင်းပါဝင်ရေးကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် ကံဘဲ့၊ စမ်းရွာ၊ ပေါက်တော၊ ကျိုက်သလဲ၊ ဘုရားကြီး၊ ဘုရားငုတို(က)၊ ဘုရားငုတို(မ)၊ ရန်ကုန်ပေါက်၊ ပိတ်စွယ်၊ ပျော်ဘွယ်လေး ကျေးရွာအုပ်စု(၁၀)အုပ်စုမှတက်ရောက်လာသူ အမျိုးသမီး ၂၀၀ အား အဖွဲ့ငါးဖွဲ့ခွဲကာ ဆွေးနွေးခြင်း၊ ရှင်းလင်းခြင်းနှင့် အပြန်အလှန်မေးမြန်းခြင်းများ ပြုလုပ်ကြပြီး 'တွဲလိုကူ' ပရဟိတအဖွဲ့ တရားလွှတ်တော်ရှေ့နေ ဒေါ်နီနီသိမ်းက တက်ရောက်လာသူတို့၏ မေးမြန်းမှုကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**မျိုးလှိုင် (တွံတေး)**



# စံမညီဆေးဝါးများ၊ ဆေးဝါးတုများ ရောင်းဝယ်ဖြန့်ဖြူးမှုမရှိရေး ပူးပေါင်းအဖွဲ့များဖြင့် စစ်ဆေးဆောင်ရွက်

**ပဲခူး မတ် ၅**

ပဲခူးမြို့နယ်အတွင်း အင်တာပိုလ်မှ ဦးဆောင်ပြုလုပ်သည့် စံမညီဆေးဝါးများ၊ ဆေးဝါးတုများနှင့် စပ်လျဉ်း၍ ရောင်းဝယ်ဖြန့်ဖြူးမှုတိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်း Operation Rainfall ကို မတ် ၅ ရက် နံနက် ၉ နာရီက ပူးပေါင်းအဖွဲ့များဖြင့် စစ်ဆေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

အဆိုပါ ပူးပေါင်းအဖွဲ့အား ပဲခူးတိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာမြတ်မိုးကြည်နှင့် အဖွဲ့၊ ပဲခူးမြို့နယ် ရဲတပ်ဖွဲ့မှူးရဲမှူးတင်ထွေး ဦးဆောင်သောရဲတပ်ဖွဲ့ဝင်များ၊ ပဲခူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုဦးစီးမှူး ဦးကျော်ကိုကိုသိန်း၊ ဦးဘိုဘိုထွန်းနှင့်အဖွဲ့၊ ပဲခူးမြို့မှုခင်းရဲတပ်ဖွဲ့မှ ဒုရဲမှူးသန်းဦး ဦးဆောင်သောအဖွဲ့၊ ပဲခူးမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ဦးစီးမှူး ဒေါက်တာရန်နိုင်ရှိန်းနှင့်အဖွဲ့၊ ပဲခူးမြို့နယ် စည်ပင်သာယာရေး ကျန်းမာရေးဦးစီးဌာနမှ ဦးသက်လွင်နှင့်အဖွဲ့၊ ပဲခူးမြို့နယ်အတွင်းရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်အတူ ပူးပေါင်း၍ အဖွဲ့နှစ်ဖွဲ့ခွဲပြီး ပဲခူးမြို့နယ်အတွင်းရှိ မြို့ပေါ်နှင့် အင်းတကော်မြို့၊ ဘုရားကြီးမြို့တို့တွင် ဆေးဝါးများရောင်းချနေသော ဆေးဆိုင်များတွင် စံမညီဆေးဝါးများ၊ ဆေးဝါးတုများ၊ သက်တမ်းလွန်ဆေးဝါးများရောင်းချခြင်း ရှိ-မရှိ ရှောင်တစ်ခင် ဝင်ရောက်စစ်ဆေးဆောင်ရွက်ခဲ့ကြသည်။

**ဇော်ရှင်း(ဥသာ)**

# အိမ်မဲမြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များအား မီးဘေးကြိုတင်ကာကွယ်ရေးစစ်ဆေး

**အိမ်မဲ မတ် ၅**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များအားမီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် မတ် ၅ ရက် နံနက် ၈ နာရီခွဲက စစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါစစ်ဆေးမှုတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့၊ မီးသတ်ဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့မှ တာဝန်ရှိသူများသည် အိမ်မဲမြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များ၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် မီးသတ်ဆေးဘူးထားရှိမှု ရှိမရှိ မီးသတ်ဆေးဘူးသုံးစွဲတတ်မှု ရှိမရှိနှင့် ဆီသိုလှောင်သည့်ပတ်ဝန်းကျင်မှ အမှိုက်သရိုက်များရှင်းလင်းထားမှု ရှိ မရှိ အစရှိသည့် လုပ်ဆောင်သင့်သည်များ၊ စက်သုံးဆီသိုလှောင်ထားရှိမှုနှင့် မီးဘေးအန္တရာယ်ကင်းဝေးစေရေးအတွက် ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

"အိမ်မဲမြို့နယ်အတွင်းမှာရှိတဲ့ စက်သုံးဆီအရောင်းဆိုင်တွေ မီးဘေးအန္တရာယ်ကင်းဝေးစေရေး မီးလောင်မှုအန္တရာယ်ကြုံတွေ့လာရင် မီးသတ်ဆေးဘူးကိုသုံးစွဲတတ်စေရန်၊ ကြိုတင်ကာကွယ်မှုတွေ ဘယ်လိုဆောင်ရွက်သင့်တယ်ဆိုတာ အသိပညာပေးရင်းစစ်ဆေးတာပါဟု" မီးသတ်ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝေယံစိုးကပြောသည်။

**မြို့နယ် (ပြန်/ဆက်)**



# ကျေးလက်လုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

**ပန်းတောင်း မတ် ၅**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသော ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် ထိပ်ပေါက်အုပ်စု သဲဖြူကျေးရွာတွင် ဆောင်ရွက်လျက်ရှိသော မြေသားသောက်သုံးရေကန် ပြုပြင်မွမ်းမံခြင်းလုပ်ငန်း၊ ကျွန်းမီးအုပ်စု ရွှေတောင်စုကျေးရွာတွင် သောက်သုံးရေဖူလုံရေးအတွက် တိုင်းဒေသကြီး ရန်ပုံငွေဖြင့် ဆောင်ရွက်သော စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း၊ ကျွန်းကလေးရွာ (CDD)လုပ်ငန်းများနှင့် ရွှေတံငါချောင်းကူးတံတား တည်ဆောက်ပြီးစီးမှုနှင့် ရွှေဘုံသာအုပ်စု အောင်ချမ်းသာ(မကျီးစမ်း)ကျေးရွာတွင် မြေသားကန်တူးဖော်ခြင်းလုပ်ငန်းများအား ပန်းတောင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်နှင်းသစ်က မတ် ၄ ရက်တွင် ကွင်းဆင်းကြည့်ရှုရာ မြို့နယ်ကျေးလက်ဦးစီးမှူး ဦးဌေးဇော်နှင့် ဝန်ထမ်းများက လိုက်လံရှင်းလင်းပြသခဲ့သည်။

**သူရအောင် (ပြည်)**

# သက်ငယ်မုဒိမ်းမှုပပျောက်ရေး မှုခင်းအသိပညာပေး

**မြောက်ဥက္ကလာပ**

မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့သစ်အမှတ်(၁၂)ရပ်ကွက် ဓမ္မလင်္ကာရဓမ္မဗိမာန်တော်ဓမ္မာရုံ၌ ရွှေပေါက်ကံနယ်မြေရဲစခန်းမှူး ရဲအုပ်ချစ်ကိုကိုက သက်ငယ်မုဒိမ်းမှုပပျောက်ရေး မှုခင်းအသိပညာပေးဟောပြောပွဲကျင်းပရာ ရပ်ကွက်နေပြည်သူ ၁၅၀ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

**ခရမ်း**

ခရမ်းမြို့နယ် ကမာမတ်ရဲကင်းစခန်းမှူး ရဲအုပ်လှထွန်းသည် မတ် ၃ ရက် မွန်းလွဲပိုင်းတွင် ကမာမတ်ကျေးရွာအုပ်စု စက်စုကျေးရွာဓမ္မာရုံ၌ သက်ငယ်မုဒိမ်းမှုပပျောက်ရေး မှုခင်းအသိပညာပေးဆွေးနွေးပွဲပြုလုပ်ရာ ပြည်သူ ၆၀ ခန့် တက်ရောက်ခဲ့ကြသည်။

**ဇေဇေ**

# တိုင်းရင်းဆေးပညာရပ်ပိုင်းဆိုင်ရာ ခိုင်မာပြီးတော့ဆေးဝါးနဲ့ပတ်သက်ပြီး အကောင်းဆုံးစီစဉ်ဆောင်ရွက်မယ်



ဦးကျော်သိန်းဌေး
(ဒုတိယညွှန်ကြားရေးမှူးချုပ်)



ဦးမြင့်ဦး(ညွှန်ကြားရေးမှူးကုသရေး)

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန အနေဖြင့် ပြည်သူများအား တိုင်းရင်းဆေးဖြင့် ကျန်းမာရေး ကို အပြည့်အဝစောင့်ရှောက်မှုပေးနိုင်ရေး ဦးတည်လျက် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးတို့၌ တိုင်းရင်းဆေးပေးခန်း၊ ဆေးရုံများကို တိုးချဲ့ဖွင့်လှစ်ပေးနေပြီဖြစ်သလို မြန်မာ့တိုင်းရင်းဆေးလောကကြီး တစ်ခုလုံး ပိုမိုဖွံ့ဖြိုးတိုးတက်လာရေးအတွက် ဆောင်ရွက်နေမှုများအား ပြည်သူအများသိရှိနိုင်ရန် ပဲခူးမြို့ ခုတင် ၅၀ ဆံ့ ဆေးရုံသစ်ဖွင့်ပွဲတွင် တိုင်းရင်းဆေးပညာဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူး(ကုသရေး)တို့အား တွေ့ဆုံစဉ် မေးမြန်းခဲ့သည်များကို ဖော်ပြ လိုက်ပါသည်။

**အောင်တိုးတက်**

**ဦးကျော်သိန်းဌေး (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ တိုင်းရင်းဆေးပညာဦးစီးဌာန)**

တိုင်းရင်းဆေးနဲ့ပတ်သက်ပြီးတော့ တိုင်းရင်းဆေးဆရာရယ်၊ တိုင်းရင်းဆေးဝါးရယ်၊ တိုင်းရင်းဆေးပညာရယ်ဆိုပြီးတော့ အဓိက အကြောင်းအရာကြီးတွေရှိပါတယ်။ တိုင်းရင်းဆေးပညာနဲ့ပတ်သက်ပြီးတော့ ပညာသင်ကြားပေးတဲ့ ပညာရပ်တွေအနေနဲ့ တိုင်းရင်းဆေးတက္ကသိုလ်ရှိပါတယ်။ တိုင်းရင်းဆေးတက္ကသိုလ်က တိုင်းရင်းဆေးပညာရှင်တွေကို သင်ကြားမွေးထုတ်ပေးခဲ့ပါတယ်။ မကြာခင်က (၁၂)ကြိမ်မြောက် တိုင်းရင်းဆေး ဘွဲ့နှင်းသဘင်ကျင်းပပြီးတဲ့အခါမှာ မြန်မာ့တိုင်းရင်းဆေးပညာဘွဲ့ (B.M,T.M) ရတဲ့သူ ၁၅၀၅ ဦးနဲ့ မြန်မာ့တိုင်းရင်းဆေးမဟာဘွဲ့ (MMTM) ၅၁ ဦးကို မွေးထုတ်ခဲ့ပြီး ဖြစ်ပါတယ်။ တိုင်းရင်းဆေးတက္ကသိုလ်က အမှန်တကယ် တိုင်းရင်းဆေးတတ်ကျွမ်းတဲ့သူတွေကို လေ့ကျင့်သင်ကြားမွေးထုတ်တဲ့အခါမှာ တိုင်းရင်းဆေးပညာတိုးတက်နေတဲ့ နိုင်ငံက ဆေးပညာရပ်တွေကို ဆက်စပ်သင်ကြားလေ့ကျင့်ပေးရင်းနဲ့ တိုင်းရင်းဆေးဆိုင်ရာသုတေသနတွေကို အရှိန်အဟုန်မြှင့်ပြီး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ လာမယ့် မတ်လ ၂၁ ရက်မှာဆိုရင်လည်း ပုံမှန်ဆောင်ရွက်နေတဲ့ တိုင်းရင်းဆေးပညာသုတေသနစာတမ်းဖတ်ပွဲကိုလည်း ကျင်းပသွားဖို့ရှိပါတယ်။ (၈)ကြိမ်မြောက် တိုင်းရင်းဆေးပညာသုတေသနစာတမ်းဖတ်ပွဲကို တိုင်းရင်းဆေးတက္ကသိုလ်မှာ ကျင်းပသွားမှာ ဖြစ်ပါတယ်။ ဒီစာတမ်းဖတ်ပွဲမှာ တိုင်းရင်းဆေးပညာရှင်တွေသာမကဘဲ အနောက်တိုင်းက ဆေးပညာရှင်တွေ၊ ရုက္ခဗေဒ၊ ဓာတု ဗေဒ သိပ္ပံပညာရှင်တွေ၊ ဆေးသုတေသနပညာရှင်တွေ၊ ဝိဇ္ဇာသိပ္ပံပညာရှင်တွေရဲ့ စာတမ်းတွေကို ပိုစတာတွေနဲ့အတူ သုတေသနစာတမ်းဖတ်ပွဲကို ခမ်းခမ်းအနားနားကျင်းပသွားဖို့ စီစဉ်ထားပြီး ဖြစ်ပါတယ်။ တိုင်းရင်းဆေးပညာအနေနဲ့ လေ့ကျင့်ပြီးတော့ ဆောင်ရွက်နေသလို တိုင်းရင်းဆေးဝါး ထုတ်လုပ်မှုကျင့်စဉ်ကောင်းတွေ GMP အညီ အဖြစ်နိုင်ဆုံး အတတ်နိုင်ဆုံး အကိုက်ညီဆုံး အဆင်ပြေဆုံးဖြစ်အောင်လည်း တိုင်းရင်းဆေးဝါးမှတ်ပုံတင်ထုတ်ပေးတာတွေ၊ ဆေးဝါးလိုင်စင်ထုတ်ပေးတာတွေကို ဆောင်ရွက်နေပါတယ်။ အခုခေတ်ကာလနဲ့အညီ ဆောင်ရွက်တဲ့နေရာမှာ မှန်မှန်ကန်ကန် စနစ်တကျနဲ့ဖြစ်အောင် အဆင်ပြေဆုံး အသင့်တော်ဆုံးဖြစ်အောင် လုပ်ငန်းမှာလည်း ကြန့်ကြာမှုမရှိအောင် ကျွန်တော်တို့အားလုံးညှိနှိုင်းတိုင်ပင်ပြီးတော့ ဆောင်ရွက်ဖို့လည်း စီမံဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။ ဆေးဝါးတွေနဲ့ပတ်သက်ပြီး အတုတွေ၊ မမှန်မကန်တာတွေ၊ တိုင်းရင်းဆေးရဲ့ဂုဏ်သိက္ခာကို ထိခိုက်မယ့်အရာတွေကိုလည်း မဖြစ်လာအောင် ကြိုတင်ပြီး တားဆီးဆောင်ရွက်သွားမှာဖြစ်ပါတယ်။ တိုင်းရင်းဆေးဝါးနဲ့ပတ်သက်ပြီး အများကလက်ခံနိုင်တဲ့၊ အများက ယုံကြည်တဲ့ တိုင်းရင်းဆေးဝါးဖြစ်အောင် ဆောင်ရွက်သွားဖို့စီစဉ်လျက်ရှိပါတယ်။ တိုင်းရင်းဆေးဆရာနဲ့ပတ်သက်ပြီးတော့ တိုင်းရင်းဆေးပညာမှာ တိုင်းရင်းအလွှာတွေက မျိုးစုံရှိပါတယ်။ တိုင်းရင်းဆေးစာမေးပွဲတွေကို ဖြေပြီးတော့ ဆောင်ရွက်တဲ့ ဆေးဆရာတွေရှိပါတယ်။ တိုင်းရင်းဆေး မျိုးရိုးစဉ်ဆက်ကနေ တိုင်းရင်းဆေးဆရာတစ်နှစ်သင်တန်းကို တက်ရောက်ခဲ့တဲ့ဆရာတွေရှိပါတယ်။ တိုင်းရင်းဆေးသိပ္ပံကို တက်ခဲ့တဲ့ဆရာတွေရှိပါတယ်။ တိုင်းရင်းဆေးတက္ကသိုလ်က ဘွဲ့ရတဲ့ဆရာတွေ ရှိပါတယ်။ တိုင်းရင်းဆေးဆရာ အလွှာလေးမျိုးလောက်ရှိတဲ့အတွက် ဒီဆရာတွေရဲ့ တိုင်းရင်းဆေးဆရာ မှတ်ပုံတင်လက်မှတ်(တဆ)တွေကိုလည်း အတုတွေ ကင်းစင်အောင် ယခုအခါမှာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးရဲ့ တိုင်းရင်းဆေးကောင်စီမှာ ညွှန်ကြားချက်အရ အလျင်မြန်ဆုံးဆောင်ရွက်နေပြီ ဖြစ်ပါတယ်။ တိုင်းရင်းဆေးတက္ကသိုလ်မှာ မနက်ခင်းဘွဲ့ပေးပြီးတာနဲ့ တစ်ပြိုင်နက်တည်း ညနေပိုင်းမှာ တိုင်းရင်းဆေးကောင်စီကနေပြီးတော့ တိုင်းရင်းဆေးဆရာ အသိအမှတ်ပြုလက်မှတ်(တဆ)ကို အခမ်းအနားနဲ့ စနစ်တကျပေးအပ်နိုင်ခဲ့ပြီ ဖြစ်ပါတယ်။ ဒီလိုပေးအပ်ခဲ့တဲ့အတွက်ကြောင့် ဘွဲ့ရတဲ့လူတွေပါလာပြီ။ ရှေးတုန်းက တဆအတုပေါ်ပြီးဆောင်ရွက်တဲ့ဟာတွေလည်း စနစ်တကျစိစစ်ပြီးတော့ ခေတ်မီစမတ်ကတ် အဆင့်ရောက်အောင် ကြိုးစားနေပြီ ဖြစ်ပါတယ်။ တဆတွေအတွက်ကို အဆင့်ဆင့်ထောက်ခံချက်တွေ ယူရတယ်။ ရပ်ကွက်အုပ်ချုပ်ရေးမှူးဆီက ထောက်ခံချက်တွေ ယူရတယ်။ ရုံးလုပ်ငန်းတွေနဲ့ အဆင့်ဆင့် လုပ်ဆောင်ရတဲ့ အချိန်ကြန့်ကြာမှုကို ဖြေရှင်းနိုင်ဖို့အတွက် အခုအခါမှာ တိုင်းရင်းဆေးကောင်စီ အတွင်းရေးမှူးအနေနဲ့ ညွှန်ကြားရေးမှူး(ကုသရေး) ကိုယ်တိုင်ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။ အခုကာလဟာလည်း တဆတိုင်းရင်းဆေးလက်မှတ်တွေ ထုတ်ပေးနေတဲ့ကာလဖြစ်တဲ့အတွက် မှန်မှန်မြန်မြန်ဖြစ်ဖို့အတွက် ကြိုးစားဆောင်ရွက်နေပြီဖြစ်ပါတယ်။ ဆက်လက်ပြီးတော့လည်း တိုင်းရင်းဆေးပညာရပ်ပိုင်းဆိုင်ရာ ခိုင်မာပြီးတော့ ဆေးဝါးနဲ့ပတ်သက်ပြီး အကောင်းဆုံးစီစဉ်ဆောင်ရွက်မယ်။ ဆေးဆရာများနဲ့ ပတ်သက်ပြီးတော့လည်း ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒါ့အပြင် ဆေးဆရာတွေအတွက် မှန်မှန်ကန်ကန်ဆောင်ရွက်နိုင်ဖို့ အခုအခါမှာ တိုင်းရင်းဆေးကောင်စီဥပဒေကို ပြင်ဆင်ဖြည့်စွက်ရေးဆွဲလျက်ရှိပါတယ်။ တိုင်းရင်းဆေးကောင်စီဥပဒေဟာ ၂၀၀၀ ပြည့်နှစ်က ထုတ်ပြန်ခဲ့တာဖြစ်ပြီးတော့ ယခု ၁၈ နှစ်အကြာ ခေတ်နဲ့အညီ ပြင်ဆင်နိုင်ဖို့လိုအပ်တဲ့ အတွက်ကြောင့် တိုင်းရင်းဆေးကောင်စီဥပဒေကိုလည်း ပြည်သူ့လွှတ်တော်က ပြည်သူတွေကို ထုတ်ပြန်ခဲ့ပြီး ဖြစ်တာနဲ့အညီ နောက်ဆုံးအဆင့်အထိ ပြည်သူ့လွှတ်တော်ရဲ့ ကော်မတီအဆင့်ဆင့်ကို ဖြတ်သန်းပြီးတော့ အတည်ပြုထုတ်ပြန်နိုင်ဖို့အတွက် ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။ ဒီလိုတိုင်းရင်းဆေးကောင်စီဥပဒေပေါ်ပေါက်လာတာနဲ့တစ်ပြိုင်တည်း တိုင်းရင်းဆေး ဆရာတွေရဲ့ အနေအထားမှာ မှန်မှန်ကန်ကန်နဲ့ ဆေးဆရာအစစ်အမှန်တွေကို ပိုမိုစိစစ်ဆောင်ရွက်သွားနိုင်မယ်၊ အများယုံကြည်မှုကိုလည်း တဆရရှိတဲ့ တိုင်းရင်းဆေးဆရာအစစ်တစ်ဦး ဖြစ်တယ်ဆိုတာကို အတည်ပြုနိုင်တော့မှာ ဖြစ်ပါတယ်။

**ဦးမြင့်ဦး(တိုင်းရင်းဆေးပညာဦးစီးဌာန၊ ညွှန်ကြားရေးမှူး-ကုသရေး)**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး(ကုသရေး) ဆိုတော့ ဆေးရုံဆေးခန်းတွေရဲ့ ဆေးခန်းတွေဖွင့်ဖို့ ဆေးရုံဖွင့်ဖို့ စီမံချက်ရေးပြီး ဒေသဆိုင်ရာ အာဏာပိုင်တွေနဲ့ ညှိနှိုင်းပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။ ဖေဖော်ဝါရီ ၂၇ ရက်နေ့မှာဖွင့်တဲ့ ပဲခူးဆေးရုံအပါအဝင် တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ ခုတင် ၁၀၀ ဆံ့က သုံးရုံ၊ ခုတင် ၅၀ ဆံ့က ကိုးရုံ၊ ၂၅ ခုတင်ဆံ့က ခုနစ်ရုံနဲ့ ၁၆ ခုတင်ဆံ့ ၁၁ ရုံ အားလုံးစုစုပေါင်း ဆေးရုံ ၃၀ ဖွင့်ပြီးဖြစ်ပါတယ်။ မြို့နယ်တိုင်းရင်း ဆေးကုဌာနတွေကိုလည်း တိုးချဲ့ဖွင့်ဖို့ ရှိပါတယ်။ လောလောဆယ် မြို့နယ် ၂၁၀ မှာတော့ ဆေးကုဌာနများ ဖွင့်လှစ်ပြီး ဖြစ်ပါတယ်။ ခရိုင်ဦးစီးဌာနမှူးရုံးတွေလည်း ခရိုင်အလိုက် တိုးတက်ဖွင့်လှစ်သွားဖို့ အစီအစဉ်တွေရှိပါတယ်။ လောလောဆယ် ခရိုင် ၅၀ ဖွင့်လှစ်ပြီး ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီးမှာကိုက ဆေးရုံငါးရုံဖွင့်ဖို့ရှိပါတယ်။ အရှေ့ခြမ်းမှာ ရေတာရှည်၊ ညောင်လေးပင်၊ အနောက်ခြမ်းမှာ ကြို့ပင်ကောက်နဲ့ ပေါင်းတည်တို့မှာ ဖွင့်လှစ်သွားပါမယ်။ တစ်ပြည်လုံးဆိုရင် ဆေးရုံဖွဲ့စည်းပုံကျပြီးတော့ ဆက်စပ်အဆောက်အအုံတွေ ပြင်ဆင်တာတွေပြီးရင် ဖွင့်လှစ်ဖို့လျာထားတာ ၁၆ ခုတင်ဆံ့က ၁၂ ရုံနဲ့ ၂၅ ခုတင်ဆံ့က လေးရုံ အားလုံး ၁၆ ရုံ တိုးချဲ့ဖွင့်လှစ်သွားမှာ ဖြစ်ပါတယ်။ ဆောက်ပြီးတဲ့ မြို့နယ်တိုင်းရင်းဆေးကုဌာနတွေက ပြည်နယ်နဲ့တိုင်းဒေသကြီးမှာ အားလုံး ငါးခုရှိပါတယ်။ အဲငါးခုကို ဖွဲ့စည်းပုံကျလာလို့ရှိရင်တော့ ဖွဲ့စည်းပုံအင်အား ဆေးခန်းတွေလည်း တိုးချဲ့ဖွင့်လှစ်သွားမှာ ဖြစ်ပါတယ်။ ဆေးဝါးဖြန့်ဖြူးတာကတော့ လောလောဆယ်မှာ ပြည့်စုံပါတယ်။ ဆေးဆရာအင်အားအနေနဲ့ကတော့ ဆေးရုံဆေးခန်းတိုင်းမှာ ပြည့်ပြည့်စုံစုံတော့ ခန့်ထားမပေးနိုင်သေးပါဘူး။ လာမယ့် မေလလောက်မှစပြီးတော့ တိုင်းရင်းဆေးတက္ကသိုလ်ကျောင်းဆင်း ၂၂၀ ဦး ခန့်ထားဖို့ရှိပါတယ်။ တက္ကသိုလ်ကျောင်းဆင်းတွေကို ဘဏ္ဍာငွေ ရရှိမှုပေါ်မူတည်ပြီးတော့မှ တိုးချဲ့ခန့်သွားပါမယ်။



&efukbfrdU
r*vmawmifñefrdU,f
AdUfifa&mifvrfruD
wpfavmuf
a&p;D&vm
aumifrefap&eftwuf
a&ajrmifrm;jyVvkfcif
vrfcdUif
vkfefrm;
aqmifuufepOf
aumfpdUk(r*vmawmifñef)

## အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အထိမ်းအမှတ်အကြိုအခမ်းအနား မိုးကောင်းမြို့၌ကျင်းပ

**မိုးကောင်း မတ် ၅**

အမျိုးသမီးဘဝမြှင့်တင်ဖို့ ကျေးလက်နှင့်မြို့ပြ 'တက်ကြွလှုပ်ရှားသူများပူးပေါင်းလို့ ယခုပင်ကြိုးပမ်းကြပါစို့' ဟူသော ဆောင်ပုဒ်ဖြင့် ၂၀၁၈ ခုနှစ် မတ် ၈ ရက်တွင်ကျရောက်မည့် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အထိမ်းအမှတ် အကြိုအခမ်းအနားကို မတ် ၅ ရက် နံနက် ၉ နာရီခွဲက ကချင်ပြည်နယ် မိုးကောင်းမြို့နယ် မန်ရွက်ကျေးရွာအုပ်စု အခြေခံပညာ အထက်တန်းကျောင်းခွဲ၌ ကျင်းပသည်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်မြသွေးစံနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရန်နိုင်ထွန်းတို့က အမှာစကားပြောကြားပြီး ပြည်နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်မေညွန့်က အခမ်းအနားကျင်းပရခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်လီလီဆွေက အမျိုးသမီးရေးရာကိစ္စရပ်များကိုလည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ထို့နောက် မြို့နယ်လူထုဗဟိုပြုစီမံကိန်းရုံးမှ Team Leader ဒေါ်အေးအေးလင်းက စီမံကိန်းဆိုင်ရာ ကျား/မ ရေးရာလိုအပ်ချက် ခြောက်ချက်ကို ရှင်းလင်းတင်ပြပြီး အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုပပျောက်ရေးဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ် (CDAW)ပါ အမျိုးသမီးများ၏ အခွင့်အရေးဆိုင်ရာ ဗီဒီယိုမှတ်တမ်းများ ပြသသည်။

ဆက်လက်၍ အခမ်းအနားသို့ တက်ရောက်လာသည့် ကျေးရွာအုပ်စုအသီးသီးမှ လူထုဗဟိုပြုစီမံကိန်းအထောက်အကူပြုကော်မတီဝင် အမျိုးသမီးများက စီမံကိန်းတွင်မိမိတို့ပါဝင်ဆောင်ရွက်ခဲ့ပုံများနှင့်အတွေ့အကြုံများကို ရင်ဖွင့်ပြောကြားကြကြောင်း သိရသည်။

(၄၉၉)

# အော်စကာဆုပေးပွဲကြီး ကျင်းပပြီးစီး

ယခုနှစ်ရဲ့ အမေရိကန်ရုပ်ရှင် အကယ်ဒမီထူးချွန်ဆုပေးပွဲကြီးကိုတော့ ပြီးခဲ့တဲ့ မတ် ၄ ရက် တနင်္ဂနွေနေ့က ကယ်လ်လီဖိုးနီးယားပြည်နယ် ဟောလိဝုဒ်မှာရှိတဲ့ ဒေါ်ဘီသီရေတာမှာ ကျင်းပခဲ့ကြရာမှာတော့ ဟောလိဝုဒ်နာမည်ကျော်ကြယ်ပွင့်တွေ တက်ရောက်ခဲ့ကြတာကိုလည်း တွေ့ရပါတယ်။

ယခုနှစ်မှာ ကျင်းပခဲ့တဲ့ အော်စကာဆုပေးပွဲကြီးဟာ အကြိမ်(၉၀)မြောက် ဆုပေးပွဲကြီးဖြစ်ပြီး ယခင်က နှစ်ပေါင်းများစွာ ဆုပေးပွဲရဲ့ အစီအစဉ်တင်ဆက်သူ အခမ်းအနားမှူးအဖြစ် ဆောင်ရွက်လာခဲ့တဲ့ ဟာဗေးဝိန်းစတိန်းရဲ့နေရာမှာ အခြားသော ရုပ်သံအစီအစဉ်တင်ဆက်သူတစ်ဦးဖြစ်တဲ့ ဂျင်မီကမ်မယ်လ်က ပါဝင်တင်ဆက်ပေးခဲ့တာဖြစ်ပါတယ်။ ဟာဗေးဝိန်းစတိန်းကတော့ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတွေ အတိတ်မှာ ကျူးလွန်ခဲ့ဖူးကြောင်း စွပ်စွဲချက်တွေ ပေါ်ထွက်လာခဲ့ပြီးတဲ့နောက် အော်စကာကို တင်ဆက်ပေးခြင်း မရှိတော့တာလည်း ဖြစ်ပါတယ်။

၂၀၁၈ ခုနှစ်ရဲ့ အော်စကာဆုပေးပွဲကြီးမှာတော့ ဆန်ခါတင်စာရင်းမှာ ဆုအရေအတွက် အများဆုံးပါဝင်ခဲ့ကြတဲ့ ရုပ်ရှင်တွေကပဲ အော်စကာဆုအရေအတွက် အများဆုံးအဖြစ် ဦးဆောင်နေခဲ့တာလည်း တွေ့ရပါတယ်။ ဆုဆန်ခါတင်စာရင်းမှာ ဆုနေရာ ရှစ်နေရာအတွက် အမည်စာရင်းတင်သွင်းဖော်ပြခြင်း ခံထားရပြီး ဒုတိယအများဆုံး ဆန်ခါတင်စာရင်းဝင်ရုပ်ရှင်ဖြစ်ခဲ့တဲ့ "Dunkirk"ဟာ ဆုပေးပွဲညမှာတော့ အော်စကာဆု သုံးဆု ပိုင်ဆိုင်ခဲ့ပြီး ယင်းညမှာ ဆုအများဆုံးရရှိခဲ့တဲ့ ရုပ်ရှင်ဖြစ်ခဲ့ပါတယ်။ ဒုတိယကမ္ဘာစစ်အကြောင်းကို ပုံဖော်ထားတဲ့ ယင်းရုပ်ရှင်ဟာ နည်းပညာရပ်ပိုင်းဆိုင်ရာအော်စကာဆုတွေကို ရရှိခဲ့တာလည်း ဖြစ်ပါတယ်။ အကောင်းဆုံး တည်းဖြတ်ဆု၊ အကောင်းဆုံး အသံတည်းဖြတ်ဆု၊ အကောင်းဆုံး အသံဒီဇိုင်းဆုတို့ ဆွတ်ခူးနိုင်ခဲ့တဲ့ "Dunkirk"မှာတော့ ဗြိတိန်ပေါ့ပ်တေးဂီတအဖွဲ့ "One Direction"ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဟယ်ရီစတိုင်လည်း ပါဝင်သရုပ်ဆောင်ထားတာ ဖြစ်ပါတယ်။

ရုပ်သံဖန်တီးမှုရုပ်ရှင်တစ်ကားဖြစ်တဲ့ ပိုက်ဇာက ထုတ်လုပ်ခဲ့တဲ့ ရုပ်ရှင် "Coco"ကတော့ ယခုနှစ်ရဲ့ အကောင်းဆုံး ရုပ်သံဖန်တီးမှု ရုပ်ရှင်အဖြစ် ရွေးချယ်ခံခဲ့ရပါတယ်။ လိင်ပြောင်းအမျိုးသမီးတစ်ဦးဖြစ်တဲ့ ဒန်နီရယ်ဗီဂါ ခေါင်းဆောင်ပါဝင်ထားတဲ့ ရုပ်ရှင် "A Fantastic Woman"ကတော့ အကောင်းဆုံးနိုင်ငံခြားဘာသာစကားရုပ်ရှင်ဆုကို ဆွတ်ခူးခဲ့တယ်လို့လည်း သိရပါတယ်။

လတ်တလော ကျင်းပပြီးစီးသွားတဲ့ အော်စကာဆုပေးပွဲကြီးမှာတော့ နာမည်ကျော်ကြယ်ပွင့်အချို့ကသာ အနက်ရောင်ဝတ်စုံတွေ ဝတ်ဆင်တက်ရောက်ခဲ့တာကို တွေ့ရပါတယ်။ အမျိုးသမီးများအပေါ် လိင်ပိုင်းဆိုင်ရာ စော်ကားတာတွေ၊ တန်းတူအခွင့်အရေး မရတာတွေအတွက် လှုပ်ရှားမှုတစ်ခုဖြစ်တဲ့ "MeToo"ရဲ့ တစ်စိတ်တစ်ပိုင်းအဖြစ် ပြီးခဲ့တဲ့ အော်စကာဆုပေးပွဲကြီးနဲ့ ရွှေကမ္ဘာလုံး ဆုပေးပွဲတွေမှာ အနုပညာရှင်တွေဟာ အနက်ရောင်တွေ ဝတ်ဆင်တက်ရောက်ခဲ့တာကြောင့် ဒီနှစ် အော်စကာဆုပေးပွဲကြီးမှာလည်း အနက်ရောင်တွေသာ ဝတ်ဆင်မှာဖြစ်ကြောင်း သတင်းတွေ ပေါ်ထွက်ခဲ့ပါတယ်။ ဒါပေမယ့် ပြီးခဲ့တဲ့ တနင်္ဂနွေနေ့က အော်စကာဆုပေးပွဲကြီးမှာတော့ ထင်ထားသလို ဝတ်ဆင်ခဲ့ခြင်းမရှိဘဲ ဟောလိဝုဒ်ကြယ်ပွင့်တွေဟာ အရောင်အသွေးစုံလင်စွာနဲ့ လှပနေကြတာကို တွေ့ခဲ့ရတာလည်း ဖြစ်ပါတယ်။



# BIG BANG ရဲ့ ဒေဆန်း မတ်လအတွင်း စစ်မှုထမ်းမည်

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "BIG BANG"ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ ဒေဆန်းဟာ အခြားသောအဖွဲ့ဝင်တွေနဲ့အတူ တစ်ပြိုင်တည်း စစ်မှုထမ်းဆောင်သွားမှာဖြစ်ကြောင်း ပြီးခဲ့တဲ့နှစ်အတွင်း အဖွဲ့ဝင်တွေ စစ်မှုထမ်းဆောင်မယ့်သတင်း ပေါ်ထွက်လာချိန်မှာ မီဒီယာတွေက ရေးသားဖော်ပြခဲ့ကြပါတယ်။ နောက်ပိုင်းမှာ အေဂျင်စီက ထုတ်ဖော်ပြောကြားရာမှာတော့ G-Dragonနဲ့ တေးယန်တို့ စစ်မှုထမ်းဆောင်မယ့်သတင်းကိုသာ ဖော်ပြခဲ့ကြပြီး တေးယန် အကြောင်းကိုတော့ ချန်လှပ်ထားခဲ့တာပါ။ ဒါပေမယ့် လတ်တလောမှာတော့ တေးယန်ဟာလည်း ကျန်အဖွဲ့ဝင်နှစ်ဦးနဲ့အပြိုင် ယခုလအတွင်းမှာ စစ်မှုထမ်းဆောင်သွားမှာဖြစ်ကြောင်း တရားဝင်ထုတ်ဖော်ပြောကြားလာခဲ့တာဖြစ်တယ်လို့ အောလကေပေါ့ပ်ဒေါ့ကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ မတ် ၅ ရက်မှာတော့ ဒေဆန်းရဲ့ စစ်မှုထမ်းရမယ့်သတင်းနဲ့ပတ်သက်ပြီး ဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ ဝိုင်ဂျီအန်တာတိန်းမန့်က ပေါ့ပ်ကြယ်ပွင့်ဟာ လာမယ့် မတ် ၁၃ ရက်မှာ စစ်မှုစတင်ထမ်းဆောင်သွားမှာဖြစ်ကြောင်း တရားဝင်ထုတ်ဖော်အသိပေးခဲ့တာ ဖြစ်ပါတယ်။

"BIG BANG" ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ G-Dragon ဟာ ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၂၇ ရက်က စစ်မှုစတင်ထမ်းဆောင်ခဲ့တာ ဖြစ်ပါတယ်။ အခြားသောအဖွဲ့ဝင်တစ်ဦးဖြစ်ပြီး မကြာသေးမီကမှ မင်္ဂလာပွဲဆင်နွှဲခဲ့တဲ့ တေးယန်ကတော့ လာမယ့် မတ် ၁၂ ရက်မှာ စတင်စစ်မှုထမ်းဆောင်မှာဖြစ်ပါတယ်။ ဒေဆန်းကတော့ တေးယန်စတင်ထမ်းဆောင်ပြီး နောက်နေ့မှာပင် ထမ်းဆောင်တော့မှာ ဖြစ်ပါတယ်။

ဒေဆန်းပါ စစ်မှုထမ်းဆောင်သွားမှာဖြစ်တဲ့အတွက် အဖွဲ့ဝင် ငါးဦးပါဝင်တဲ့ "BIG BANG"မှာ အဖွဲ့ဝင်လေးဦးဟာ စစ်မှုထမ်းဆောင်နေကြတာဖြစ်ပါတယ်။ အဖွဲ့ဝင်တွေအနက် ပထမဆုံး စစ်မှုထမ်းဆောင်ခဲ့တာကတော့ T. O. P ဖြစ်ပြီး ပြီးခဲ့တဲ့နှစ်အတွင်း စစ်မှုထမ်းဆောင်ခဲ့ရာမှာတော့ ပေါ့ပ်ကြယ်ပွင့်ဟာ မူးယစ်ဆေးပြဿနာတွေနဲ့ ရင်ဆိုင်ခဲ့ရပြီးနောက် စစ်မှုထမ်းကာလကိုတော့ အစကနေ ပြန်လည်စတင်ခဲ့ရတာ ဖြစ်ပါတယ်။ G-Dragonဟာလည်း စစ်မှုစတင်ထမ်းဆောင်နေပြီဖြစ်ကာ မကြာမီမှာတော့ တေးယန်နဲ့ ဒေဆန်းတို့ ရှေ့ဆင့် နောက်ဆင့် တာဝန်ထမ်းဆောင်တော့မှာ ဖြစ်ပါတယ်။ ဒီနှစ်တွေအတွင်းမှာတော့ အဖွဲ့လိုက်လှုပ်ရှားမှုတွေ တွေ့မြင်ရဦးမှာ မဟုတ်ပါဘူး။

# 2NE1 ရဲ့ I Am The Best ကြည့်ရှုသူ သန်း ၂၀၀ ပြည့်ပြီ

တောင်ကိုရီးယား အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "2NE1"ရဲ့ ကျော်ကြားတဲ့ တေးသီချင်းတစ်ပုဒ်ဖြစ်တဲ့ "I Am The Best"ရဲ့ တေးဗီဒီယိုဟာ လတ်တလောမှာတော့ ကြည့်ရှုသူပရိသတ် သန်း ၂၀၀ ပြည့်ခဲ့ပြီဖြစ်ကြောင်း အောလကေပေါ့ပ်ဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။



အဖွဲ့ဖျက်သိမ်းကြောင်း ထုတ်ဖော်ကြေညာခဲ့ပြီးဖြစ်ပေမယ့် "2NE1"ကို ပရိသတ်တွေက အားပေးနေကြဆဲဖြစ်ပါတယ်။ အဖွဲ့ရဲ့ တေးသီချင်းတွေကိုလည်း အွန်လိုင်းပေါ်က နေတစ်ဆင့် နားဆင်နေကြဆဲဖြစ်တာကြောင့် ပြီးခဲ့တဲ့ ၂၀၁၁ ခုနှစ်အတွင်း စတင်ထုတ်လွှင့်ခဲ့တဲ့ "I Am The Best"ရဲ့ တေးဗီဒီယိုဟာ ကြည့်ရှုသူတိုးလာနေတာ ဖြစ်ပါတယ်။ လတ်တလောမှာတော့ ယင်းတေးဗီဒီယိုကို ကြည့်ရှုခဲ့တဲ့ အကြိမ်ပေါင်း သန်း ၂၀၀ ကျော်ခဲ့ပြီ ဖြစ်ပါတယ်။

# အော်စကာဆုပေးပွဲမှ ဟောလိဝုဒ်ကြယ်ပွင့်များ

ပြီးခဲ့တဲ့ မတ် ၄ ရက်က ကျင်းပခဲ့တဲ့ အနုပညာထူးချွန် ဆုပေးပွဲကြီးဖြစ်တဲ့ အော်စကာဆုပေးပွဲကို တက်ရောက်လာကြတဲ့ ကြယ်ပွင့်တွေရဲ့ ကော်ဇောနီပေါ် လျှောက်လှမ်းခဲ့ကြတဲ့ ပုံရိပ်တွေအနက် အလှပဆုံးသော ဝတ်စုံတွေကို ဝတ်ဆင်ခဲ့ကြတဲ့ ကြယ်ပွင့်တွေဖြစ်ကြောင်း ဟောလိဝုဒ်မီဒီယာတွေက ရွေးချယ်ဖော်ပြခဲ့ကြတဲ့ မင်းသမီးတွေကို ပြန်လည်ဖော်ပြလိုက်ပါတယ်။



ဂျနီဖာလောရန့်စ်



နီကိုးကစ်ဒ်မန်း



အမ်မာစတုန်း



ဆန်ဒရာဘူးလော့ခ်



ဂျနီဖာဂါနာ

အရေးပြည့် - စုစည်းသည်

## မြစ်ကြီးနားမြို့၌ ဆရာအတတ်ပညာဒီပလိုမာအပ်နှင်းပွဲ ကျင်းပ




**မြစ်ကြီးနား မတ် ၅**
ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ပညာရေးကောလိပ်၌ မတ် ၅ ရက် နံနက်ပိုင်းက အကြိမ် (၂၀) မြောက် ဆရာအတတ်ပညာဒီပလိုမာအပ်နှင်းပွဲ အခမ်းအနား ကျင်းပသည်။

"ယနေ့ ပညာရေးလောကသို့ ရောက်ရှိတော့မည့် ဆရာ၊ ဆရာမများအနေဖြင့် ပညာဖြင့် အသက်မွေးဝမ်းကျောင်းခြင်း အလုပ်သည် မွန်မြတ်သန့်ရှင်းသည့် သမ္မာအာဇီဝကျသော အလုပ်ဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် မိမိတို့ အကျိုးစီးပွားထက် တပည့်အပေါင်း၏ အကျိုးတရားကို ရှေးရှုရသည်ဖြစ်ရာ ပရဟိတစိတ်ရှိဖို့လိုအပ်ကြောင်း၊ စာသင်ပြရုံဖြင့် ဆရာကောင်းတစ်ယောက်ဖြစ်လာနိုင်မှာ မဟုတ်သကဲ့သို့ စိတ်ကိုပါ ပြုပြင်ပေးနိုင်မှသာ တပည့်များ၏ ယုံကြည်အားကိုးဖွယ်၊ အသိအမှတ်ပြု လေးစားခံထိုက်ဖွယ် ဖြစ်လာနိုင်မှာဖြစ်ကြောင်း၊ လူငယ်များအား အနာဂတ်ခေါင်းဆောင် (Role Model) ဖြစ်ရန်လိုအပ်ပါကြောင်း ဆရာအတတ်ပညာ ဒီပလိုမာအပ်နှင်းပွဲ အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က ဆရာအတတ်ပညာသင်တန်းဆင်း ဆရာ၊ ဆရာမများအား မှာကြားခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က ဆရာ၊ ဆရာမလောင်းများအနေဖြင့် မိမိတို့ ပြည်နယ်၏ အကျိုး၊ နိုင်ငံတော်၏အကျိုးအတွက် စေတနာထားပြီး ရောက်သည့်ဒေသတွင် ကျရာအခန်းကဏ္ဍမှ တာဝန်ကျေပွန်စွာဆောင်ရွက်ကြစေလိုကြောင်း၊ ထူးချွန်ထက်မြက်သော၊ အကျင့်သီလ ကောင်းမွန်သော နိုင်ငံ့သားကောင်းများကို မွေးထုတ်ပေးနိုင်သည့် အရည်အချင်း ပြည့်ဝသော ဆရာကောင်း၊ ဆရာတော်များအဖြစ် နိုင်ငံ့အကျိုးကို သယ်ပိုးထမ်းရွက်သွားကြရန်လိုအပ်ပါကြောင်းဖြင့် တိုက်တွန်းမှာကြားခဲ့သည်။

ယင်းနောက် ကျောင်းအုပ်ဆရာမကြီး ဒေါ်ကေ့ဘူက ဆရာအတတ်ပညာ ဒီပလိုမာအပ်နှင်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ဆရာအတတ်ပညာ ဒီပလိုမာသင်တန်းအောင်မြင်သည့် သင်တန်းသား၊ သင်တန်းသူများအား ဒီပလိုမာလက်မှတ်များချီးမြှင့်ပေးအပ်ခဲ့သည်။

ယနေ့ကျင်းပသည့် အကြိမ် (၂၀) မြောက် ဆရာအတတ်ပညာ ဒီပလိုမာအပ်နှင်းပွဲတွင် သင်တန်းသား ၂၇၈ ဦးတို့အား ဒီပလိုမာလက်မှတ်အပ်နှင်းပေးနိုင်ခဲ့ပြီး B.Ed တက်ရောက်ခွင့်ရှိသူ ၂၂ ဦး ရှိကြောင်း သိရသည်။

အဆိုပါ အခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးထွန်းတင်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းသား၊ သင်တန်းသူများ၊ ကျောင်းသားမိဘများ တက်ရောက်ခဲ့ကြသည်။

**ပြည်နယ်ပြန်/ဆက်**

## မင်းမြင်ရေလှောင်တမံမှ နွေစပါးစိုက်ခင်းများအတွက် ရေပေးဝေ

**ကန့်ဘလူ မတ် ၅**
မင်းမြင်ဆည်ရေသောက်စနစ်အတွင်းရှိ တူးမြောင်းများနှင့် တူးမြောင်းအဆောက်အအုံများ ဆောင်ရွက်ပြီးစီးခဲ့ခြင်းကြောင့် စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်အတွင်းရှိ တည်ပင်(ပင့်သာ)ကျေးရွာအုပ်စုနှင့် အင်းမကျေးရွာအုပ်စုတို့မှ တောင်သူဦးကြီးများအနေဖြင့် နွေစပါးကို ယခုနှစ်မှစတင်၍ ပိုမိုစိုက်ပျိုးနိုင်ကြတော့မည်ဖြစ်ကြောင်း သိရသည်။

၂၀၁၆-၂၀၁၇ ခုနှစ် နွေစပါးရာသီတွင် မင်းမြင်ဆည်ရေသောက်စနစ်လုပ်ငန်းများ ပြီးစီးအောင်ဆောင်ရွက်နေဆဲဖြစ်သဖြင့် ပြီးစီးပြီဖြစ်သည့် တူးမြောင်းများမှာသာ နွေစပါးဧက ၃၀၀ ခန့်သာ လျာထားစိုက်ပျိုးနိုင်ခဲ့ရာ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး(၄)က ၂၀၁၇ ခုနှစ် မတ်လတွင် ဆည်ရေသောက်စနစ်တစ်ခုလုံး ရာနှုန်းပြည့်ပြီးစီးအောင် အချိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ၂၀၁၇ ခုနှစ် မိုးစပါးရာသီတွင် လျာထားချက်ထက်ကျော်လွန်အောင် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး(၄)မှ ဦးစီးအရာရှိ ဦးဇော်မြတ်ကိုက "ဆည်ရေသောက်စနစ်တစ်ခုလုံး ဆောင်ရွက်ပြီးစီးပြီဖြစ်တဲ့အတွက် တည်ပင်(ပင့်သာ)ကျေးရွာအုပ်စုရှိ ဒေသခံတောင်သူများအနေနှင့် ယခင်က မိုးစပါးတစ်မျိုးတည်းသာ စိုက်ပျိုးနိုင်ခဲ့ရာမှ ယခုနှစ်မှစတင်ပြီး နွေစပါးစတင်စိုက်ပျိုးနိုင်မှာဖြစ်ပါတယ်။ ကျွန်တော်တို့ဌာနအနေနဲ့လည်း ရေလှောင်တမံနဲ့ရေသောက်စနစ် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းတွေကို အချိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပြီး မင်းမြင်ရေလှောင်တမံမှာလည်း ယခင်နှစ်ကထက် ရေပိုမိုသိုလှောင်နိုင်ခဲ့တဲ့အတွက် ယခုလို နွေစပါးတိုးတက်စိုက်ပျိုးလာနိုင်ခြင်း ဖြစ်ပါတယ်" ဟု ရှင်းပြသည်။

မင်းမြင်ရေလှောင်တမံမှ ယခုနှစ်နွေစပါး ရာသီအတွင်း ဧက ၉၀၀ လျာထားစိုက်ပျိုးနိုင်ရန်အတွက် ဖေဖော်ဝါရီ ၁၅ ရက်မှစတင်၍ စိုက်ပျိုးရေပေးဝေလျက်ရှိကြောင်းသိရသည်။ **အောင်ဝင်းငြိမ်း(ကန့်ဘလူ)**



## မြန်မာ့အဖိုးတန်ကျွန်းသစ်များ မီးဘေးကင်းဝေးစေရန် မီးငြိမ်းသတ်ရေးဇာတ်တိုက်လေ့ကျင့်

**စစ်ကိုင်း မတ် ၅**
မန္တလေးဖောင်ဖွဲ့ရေးဒေသ မန္တလေးဖောင်ဖွဲ့ရေးနယ် စစ်ကိုင်းသစ်ဆိပ် မီးဘေးကြိုတင်ကာကွယ်ရေးဇာတ်တိုက်လေ့ကျင့်ခြင်းနှင့် မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲ အခမ်းအနားကို မတ် ၄ ရက် နံနက် ၈ နာရီက စစ်ကိုင်းမြို့ တကောင်းရပ် သစ်ဆိပ် ရှင်းလင်းဆောင်၌ ကျင်းပသည်။

မန္တလေးတိုင်းဒေသကြီး မြန်မာ့သစ်လုပ်ငန်း ဒုတိယအထွေထွေမန်နေဂျာ (၂)က အဖွင့်အမှာစကားပြောကြားပြီး စစ်ကိုင်းခရိုင်မီးသတ်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက နိုင်ငံပိုင်အဖိုးတန်ကျွန်းသစ်များ မီးလောင်ဆုံးရှုံးမှုမရှိစေရေးအတွက် မီးဘေးကြိုတင်ကာကွယ်ရေး လိုက်နာဆောင်ရွက်ရမည့် အချက်အလက်များကို အသိပညာပေးဟောပြောကာ မီးလောင်ရာတွင် ဆီမီးဖြင့်ငြိမ်းသတ်ရေးကို လက်တွေ့ပြသပြီး ကျွန်းသစ်ပုံများအား မီးသတ်ယာဉ်နှစ်စီးဖြင့် ငြိမ်းသတ်နည်းကို ဇာတ်တိုက်လေ့ကျင့်ကြသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး မြန်မာ့သစ်လုပ်ငန်း ဒုတိယအထွေထွေမန်နေဂျာ ဦးအောင်မြင့်ဌေး(၂)၊ မန္တလေးဖောင်ဖွဲ့ရေးဒေသ လက်ထောက်အထွေထွေမန်နေဂျာ ဦးဇော်ဝင်းနိုင်၊ မန္တလေးဖောင်ဖွဲ့ရေးနယ်တာဝန်ခံ လက်ထောက်မန်နေဂျာ ဦးဟန်ဝင်းအောင်၊ စစ်ကိုင်းသစ်ဆိပ်တာဝန်ခံ ဦးစိုးနိုင် (သစ်အုပ်ကြီး)၊ စစ်ကိုင်းခရိုင်မီးသတ်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ကျော်နိုင်နှင့် သစ်ဆိပ်ဝန်ထမ်း ၅၀ ခန့် တက်ရောက်ကြသည်။

စစ်ကိုင်းမြို့ စစ်ကိုင်းသစ်ဆိပ်တွင် ကျွန်း၊ သစ်မာ စုစုပေါင်း ၃၆၀၁၀၊ ၂၃၄၀ တန်နှင့် မြရတနာသစ်ဆိပ်တွင် ကျွန်း၊ သစ်မာ ၃၅၀၅၅ လုံး ၂၀၉၁၅ တန်ထားရှိကြောင်းသိရပြီး မီးငြိမ်းသတ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းကို စစ်ကိုင်းသစ်ဆိပ်နှင့် မြရတနာသစ်ဆိပ်တို့တွင် တစ်ပြိုင်နက်လေ့ကျင့်ခဲ့ကြောင်း သိရသည်။

မြန်မာ့ကျွန်းသစ်များ မီးလောင်မဆုံးရှုံးစေရန် သစ်ဆိပ်တွင် ဖွဲ့စည်းထားသော သစ်ဆိပ်ဝန်ထမ်းမီးသတ်တပ်စုမှ နေ့ရောညပါစောင့်ရှောက်ပေးလျက်ရှိကြောင်း သိရသည်။ **(၂၂၅)**

## ထိုင်းနိုင်ငံ ချင်းမိုင်ခရိုင်မှ စက်ဘီးစီးအဖွဲ့ တာချီလိတ်မြို့နယ် မိုင်းဖုန်း(က)ကျေးရွာအုပ်စုရှိ အထင်ကရနေရာများသို့လေ့လာ

**တာချီလိတ် မတ် ၅**
ထိုင်းနိုင်ငံ ချင်းမိုင်ခရိုင်အတွင်းရှိ စက်ဘီးစီးသမား ၈၀ ကျော်ပါဝင်သည့် အဖွဲ့ ၁၀ ဖွဲ့သည် မတ် ၄ ရက် နံနက် ၇ နာရီ ၂၀ မိနစ်က တာချီလိတ်မြို့ ဆန်ဆိုင်း(ခ)ရပ်ကွက် ရှမ်းရိုးမကုန်တိုက်ရှေ့မှ စတင်၍ မိုင်းဖုန်း(က) ကျေးရွာအုပ်စုရှိ မိုင်းဖုန်းဆရာတော်ကျောင်းတိုက်၊ ဝမ်ပုံ ဆိပ်ကမ်းတို့တွင် ဘုရားဖူးနှင့် လေ့လာရေးခရီးအဖြစ် စက်ဘီးစီးနင်းသွားရောက်ကြောင်း သိရသည်။



"ကျွန်တော်တို့ တာချီလိတ်မြို့နယ် မိုင်းဖုန်း(က)ကျေးရွာအုပ်စုမှာရှိတဲ့ မိုင်းဖုန်းဆရာတော်ကျောင်းတိုက်မှာ ဘုရားဖူးမယ်၊ စက်ဘီးစီးသမားတွေစုပေါင်းပြီး အလှူငွေလှူဒါန်းမယ်၊ ပြီးရင် မဲခေါင်မြစ်ကမ်းမှာရှိတဲ့ ဝမ်ပုံဆိပ်ကမ်းရယ်၊ ဖွဲ့သာယာအပန်းဖြေနေရာတွေကို သွားရောက်လေ့လာမှာဖြစ်ပါတယ်၊ အခုလို လာရောက်တာကတော့ မြန်မာ-ထိုင်းနှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုခိုင်မြဲစေဖို့နဲ့ စက်ဘီးအားကစားသမားများ ကျန်းမာရေး ပိုမိုကောင်းမွန်စေဖို့အထောက်အကူဖြစ်စေတဲ့အတွက် လာရောက် စက်ဘီးစီးခြင်းဖြစ်ပါတယ်" ဟု ထိုင်းနိုင်ငံ DAG BIKE မှ အဖွဲ့ခေါင်းဆောင် Mr.Htaesakhon က ပြောကြားသည်။

"ကျွန်တော်တို့ တာချီလိတ်ကို ယခုလာရောက်စက်ဘီးစီးတဲ့အဖွဲ့ဟာ ၂၀၁၆ ခုနှစ် နိုဝင်ဘာလအတွင်း ကလည်း တစ်ကြိမ် ၂၀၁၇ ခုနှစ်အတွင်းမှာ ပြုလုပ်တဲ့ ဆေးလိပ်ငွေ့ကင်းစင်ရေး စုပေါင်းစက်ဘီးစီးနင်းမှု၊ ခရီးကြမ်း စက်ဘီးစီးပြိုင်ပွဲတို့မှာ လာရောက်စီးနင်းတဲ့အဖွဲ့လည်းဖြစ်တယ်" ဟု တာချီလိတ်မြို့မှ ကူညီဦးဆောင်ပေးသူ ဦးစိုင်းလုံးတစ်က ပြောကြားသည်။

အဆိုပါ စက်ဘီးစီးအားကစားအဖွဲ့သည် ထိုင်းနိုင်ငံ ချင်းမိုင်ခရိုင်အတွင်းရှိ ချင်းမိုင်၊ မယ်ကျန်၊ မယ်ဆိုင်မြို့များမှ စက်ဘီးစီးအားကစားသမား ၈၀ ကျော်၊ တာချီလိတ်မြို့မှ စက်ဘီးစီးအားကစားသမားများ ပူးပေါင်းပါဝင်၍ တပျော်တပါး စက်ဘီးစီးနင်းခြင်းဖြစ်ကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

## မိတ္ထီလာခရိုင် ဒေသန္တရဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းများ ရေးဆွဲတင်ပြနိုင်ရေးလုပ်ငန်းညှိနှိုင်းစည်းဝေး

**မိတ္ထီလာ မတ် ၅**
၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် မိတ္ထီလာခရိုင် ဒေသန္တရ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းများရေးဆွဲတင်ပြနိုင်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို မတ် ၅ ရက် နံနက် ၉ နာရီက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ကျင်းပကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ခရိုင်စီမံကိန်းရေးဆွဲရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်းက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်စီမံကိန်းဦးစီးဌာန ယာယီတာဝန်ခံအရာရှိက ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အောက်တိုဘာလမှ စက်တင်ဘာလအထိ ပြည်ထောင်စုအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့တို့မှ ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းစီမံကိန်း အဆိုပြုချက်များကို သက်ဆိုင်ရာဌာနများမှ ပေးပို့တင်ပြထားမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ခရိုင်အတွင်းရှိ ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ တက္ကသိုလ်များ၊ ကျောင်းများ၏ တာဝန်ရှိသူများက ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့တို့၏ ခွင့်ပြုရန်ပုံငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ဆက်လက်ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြထားသည့် လုပ်ငန်းစီမံကိန်း အဆိုပြုချက်များကို တင်ပြဆွေးနွေးကြသည်။ ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ တက္ကသိုလ်များ၊ ကျောင်းများမှ တာဝန်ရှိသူများ၏ တင်ပြဆွေးနွေးချက်များအပေါ် တက်ရောက်လာကြသည့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များက ဖြည့်စွက်ဆွေးနွေးကြောင်း သိရသည်။



မိတ္ထီလာခရိုင်အတွင်း မိတ္ထီလာ၊ မလှိုင်၊ ဝမ်းတွင်း၊ သာစည်မြို့နယ်လေးခုတွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၌ ပြည်ထောင်စုအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေကျပ် ၅၁ ဘီလီယံခန့်ဖြင့် ဒေသ တက္ကသိုလ်၊ ကောလိပ်များ၊ ကျောင်းများ၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့် ဌာနဆိုင်များ၏ စီမံကိန်းလုပ်ငန်းများ (ဒေသန္တရဖွံ့ဖြိုးရေးလုပ်ငန်းများ) ကို လုပ်ကိုင်ဆောင်ရွက်ခွင့်ရရှိခဲ့ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနကြေညာချက်

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အတွက် အခွန်အများဆုံးထမ်းဆောင်သည့် အခွန်ထမ်းများရွေးချယ်ရာတွင် အခွန်အမျိုးအစားအလိုက် အခွန်အများဆုံးပေးဆောင်ခဲ့ခြင်း၊ ၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အတွက် စည်းကြပ်တောင်းခံသည့် အခွန်ငွေများကို စည်းကြပ်နှစ်အတွင်း အပြေအကျေပေးဆောင်ခဲ့ခြင်း၊ အခွန်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များအညီ အခွန်အရပ်ရပ် ကြိုတင်ခွန်များကို သတ်မှတ်ထားသည့်ကာလအတွင်း မပျက်မကွက်ပေးဆောင်ခဲ့ခြင်း၊ အခွန်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များအညီ ဝင်ငွေကြေညာလွှာများကို သတ်မှတ်ထားသည့်အချိန်ကာလအတွင်း အချိန်မီတင်သွင်းခဲ့ခြင်း၊ ၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အပါအဝင် နှစ်အဆက်ဆက်စည်းကြပ်တောင်းခံသည့် အခွန်ငွေများ အားလုံးကို အခွန်ကြွေးကျန်မရှိ အပြေအကျေပေးဆောင်ခဲ့ခြင်း စသည့်အချက်များနှင့်စိစစ်ရွေးချယ်ခဲ့ရာ **“ရှမ်းပြည်နယ်အတွင်းရှိ အခွန်ထမ်းများအနက် ဝင်ငွေခွန် အများဆုံးထမ်းဆောင်သော မြန်မာကုမ္ပဏီ/လုပ်ငန်းရှင်(၅၀)ဦး၏စာရင်း”**အား ထုတ်ပြန်ကြေညာခြင်း ဖြစ်ပါသည်။ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဝင်ငွေခွန်အများဆုံးထမ်းဆောင်သူ မြန်မာကုမ္ပဏီ/နိုင်ငံခြားကုမ္ပဏီ/လုပ်ငန်းရှင်များစာရင်းကို ပြည်တွင်းအခွန်များဦးစီးဌာန Website ဖြစ်သည့် www.irdmyanmar.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး(၁)၊ (၂)၊ (၃)၊ တိုင်းဒေသကြီး/ပြည်နယ်အခွန်ဦးစီးဌာနမှူးရုံးများ၊ ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူးရုံးနှင့် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(ရန်ကုန်/မန္တလေး)များတွင် ကြေညာထားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

## ၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အတွက် ဝင်ငွေခွန်အများဆုံးထမ်းဆောင်သည့် လုပ်ငန်းရှင်(၅၀)ဦးစာရင်း

| စဉ် | အခွန်ထမ်းအမည် | နေရပ်လိပ်စာ | ရုံး/ဌာန တိုင်းဒေသကြီး/ပြည်နယ်/ပြည်ထောင်စုနယ်မြေ | လုပ်ငန်းအမျိုးအစား | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | Bhone Kyaw San Co.,Ltd | ရွာမ၊၁၀၅မိုင်၊မိုင်းယုရွာ၊ မူဆယ်မြို့နယ်၊ရှမ်းပြည်နယ် | ရှမ်းပြည်နယ် | ပို့ကုန်/သွင်းကုန် | |
| ၂ | Thu Gyi Min Co.,Ltd | အမှတ်(ဂ-၂၂)၊ စုစည်းရပ်၊ မိုင်းယု(၁၀၅)မိုင်၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ် | ရှမ်းပြည်နယ် | ပို့ကုန်/သွင်းကုန် | |
| ၃ | Billion Soe Kaung San Co.,Ltd | အမှတ်(၉၀)၊စောဖျင်နလမ်း၊ ရှမ်းရွာမရပ်ကွက်၊ ကွမ်းလုံမြို့နယ်၊ ရှမ်းပြည်နယ် | ရှမ်းပြည်နယ် | အိမ်ဆောက်ပစ္စည်းဆိုင် | |
| ၄ | Bhome Yaung Chi Co.,Ltd | အမှတ်(ခ/၉၉(C))၊ခရစ်ယာန်ရပ်ကွက်၊ မူဆယ်မြို့နယ်၊ရှမ်းပြည်နယ် | ရှမ်းပြည်နယ် | ပို့ကုန်/သွင်းကုန် | |
| ၅ | Fuxing Brother Co.,Ltd | အမှတ်(ဈ/၉)၊ဈေးရပ်ကွက်၊ မူဆယ်မြို့နယ်၊ရှမ်းပြည်နယ် | ရှမ်းပြည်နယ် | ပို့ကုန်/သွင်းကုန် | |
| ၆ | Moe Thu Kha Co.,Ltd | အမှတ်-B၊၁၀၅မိုင်၊မိုင်းယုကျေးရွာ၊ မူဆယ်မြို့နယ်၊ရှမ်းပြည်နယ် | ရှမ်းပြည်နယ် | ပို့ကုန်/သွင်းကုန် | |
| ၇ | North East Gate Fruit Co.,Ltd | အမှတ်(ဈ/၁၀၀)၊ဈေးရပ်ကွက်၊ မူဆယ်မြို့နယ်၊ရှမ်းပြည်နယ် | ရှမ်းပြည်နယ် | ပို့ကုန်/သွင်းကုန် | |
| ၈ | Phone Pyae Zaw Trading Co.,Ltd | အမှတ်(ရသမ/၁၀၂)၊ရွှေသမင်ကွက်သစ်၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ် | ရှမ်းပြည်နယ် | ပို့ကုန်/သွင်းကုန် | |
| ၉ | Khwar Nyo Trading Co.,Ltd | အမှတ်(AA-30)၊ ၁၀၅မိုင်၊ မိုင်းယုရွာ၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ် | ရှမ်းပြည်နယ် | ပို့ကုန်/သွင်းကုန် | |
| ၁၀ | Myanmar Padauk Trading Co.,Ltd | အမှတ်-၉၊(၁၀၅)မိုင်၊မိုင်းယုရွာ၊ မူဆယ်မြို့နယ်၊ရှမ်းပြည်နယ် | ရှမ်းပြည်နယ် | ဖုန်းကဒ် ဝန်ဆောင်မှု | |
| ၁၁ | Naing Tha Pyay Trading Co.,Ltd | အခန်းအမှတ်(၅၅၅)၊အမှတ်(၅)၊၁၀၅မိုင်၊ မိုင်းယုရွာ၊မူဆယ်မြို့နယ်၊ရှမ်းပြည်နယ် | ရှမ်းပြည်နယ် | ပို့ကုန်/သွင်းကုန် | |
| ၁၂ | Sabai Thinn Trading Co.,Ltd | အမှတ်(၁၁)၊နမ္မတူတိုက်တန်း၊ ၁၀၅မိုင်၊ မိုင်းယုရွာ၊မူဆယ်မြို့နယ်၊ရှမ်းပြည်နယ် | ရှမ်းပြည်နယ် | ပို့ကုန်/သွင်းကုန် | |
| ၁၃ | Nan Shwe Li Co.,Ltd | အမှတ်(ဟ-၁၀/၇၁)၊ဟိုမွန်ရပ်၊မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ် | ရှမ်းပြည်နယ် | ပို့ကုန်/သွင်းကုန် | |
| ၁၄ | Nine Nine Eight TradingCo.,Ltd | အမှတ်(AA-4)၊၁၀၅မိုင်၊မိုင်းယုကျေးရွာ၊ မူဆယ်မြို့နယ်၊ရှမ်းပြည်နယ် | ရှမ်းပြည်နယ် | ပို့ကုန်/သွင်းကုန် | |
| ၁၅ | ရွှေနန်းစံ ရောင်းဝယ်ရေးကုမ္ပဏီ | အမှတ်(၂၅)၊ရွှေတိဂုံဘုရားလမ်း၊ မကာဟိုခမ်းရပ်ကွက်၊တာချီလိတ်မြို့နယ်၊ ရှမ်းပြည်နယ် | ရှမ်းပြည်နယ် | ဓါတ်ဆီ၊ အိမ်ဆောက်ပစ္စည်း | |
| ၁၆ | ယွီ မိသားစု ပို့ကုန်သွင်းကုန်လုပ်ငန်း | အမှတ်(၁၂)၊မဟာဗျူဟာလမ်း၊ရပ်ကွက်(၈)၊ နယ်မြေ(၂)၊လားရှိုးမြို့နယ်၊ရှမ်းပြည်နယ် | ရှမ်းပြည်နယ် | ပို့ကုန်/သွင်းကုန် | |
| ၁၇ | Right Today Co.,Ltd | အမှတ်-၇၊ကုမ္ပဏီဝင်း၊၁၀၅မိုင်၊ မိုင်းယုရွာ၊ မူဆယ်မြို့နယ်၊ရှမ်းပြည်နယ် | ရှမ်းပြည်နယ် | ပို့ကုန်/သွင်းကုန် | |
| ၁၈ | Shwe Chan Thar Daung Min Co.,Ltd | အမှတ်(ဟ/၁၂၄)၊ဟိုမွန်ရပ်ကွက်၊ မူဆယ်မြို့နယ်၊ရှမ်းပြည်နယ် | ရှမ်းပြည်နယ် | ပို့ကုန်/သွင်းကုန် | |
| ၁၉ | Great Min Ahkar Co.,Ltd | အမှတ်(ဟ-၄/၅၆)၊ ကုံကော်လမ်းခွဲ၊ ဟိုမွန်ရပ်ကွက်၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ် | ရှမ်းပြည်နယ် | ပို့ကုန်/သွင်းကုန် | |
| ၂၀ | Phyo Wai Kyaw Co.,Ltd | အမှတ်(၂၈၃)၊ ကျောက်စိမ်းလမ်း၊ (၁၀၅)မိုင်၊ မိုင်းယုရွာ၊မူဆယ်မြို့နယ်၊ရှမ်းပြည်နယ် | ရှမ်းပြည်နယ် | ပို့ကုန်/သွင်းကုန် | |
| ၂၁ | Maung Sein Win & Brother Trading Co.,Ltd | ၁၈၃ & ၈၃လမ်း၊ (၂၆လမ်းနှင့်၂၇ လမ်းကြား)၊ မူဆယ်မြို့နယ်၊ရှမ်းပြည်နယ် | ရှမ်းပြည်နယ် | ပို့ကုန်/သွင်းကုန် | |
| ၂၂ | Three Tiger Co.,Ltd | အမှတ်(တ/၂၉)၊တောင်ရပ်ကွက်၊ မူဆယ်မြို့နယ်၊ရှမ်းပြည်နယ် | ရှမ်းပြည်နယ် | ပို့ကုန်/သွင်းကုန် | |
| ၂၃ | La Taw Tar Co.,Ltd | အမှတ်(ဟ-၁၇/၇၆၃)၊(၄၅)ကုန်း၊ မူဆယ်မြို့နယ်၊ရှမ်းပြည်နယ် | ရှမ်းပြည်နယ် | ပို့ကုန်/သွင်းကုန် | |
| ၂၄ | Rain Drop Co.,Ltd | အမှတ်(ခ/၉)၊ခရစ်ယာန်ရပ်ကွက်၊ မူဆယ်မြို့နယ်၊ရှမ်းပြည်နယ် | ရှမ်းပြည်နယ် | ပို့ကုန်/သွင်းကုန် | |
| ၂၅ | Khit Sann Sein Co.,Ltd | အမှတ်(ဟ/၁၂၄)၊ ဟိုမွန်ရပ်ကွက်၊ မူဆယ်မြို့နယ်၊ရှမ်းပြည်နယ် | ရှမ်းပြည်နယ် | ပို့ကုန်/သွင်းကုန် | |
| ၂၆ | Kaung Myat Hein Trading Co.,Ltd | အမှတ်(၆၂)၊ ခရေလမ်း၊ မြောက်ရပ်ကွက်၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ် | ရှမ်းပြည်နယ် | ပို့ကုန်/သွင်းကုန် | |
| ၂၇ | Myaing Mahar Trading Co.,Ltd | အမှတ်(ဟ/၄၄၂)၊ဟိုမွန်ရပ်ကွက်၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ် | ရှမ်းပြည်နယ် | ပို့ကုန်/သွင်းကုန် | |
| ၂၈ | Toyomax Trading Co.,Ltd | အမှတ်(ကမတ/၇၇)၊ကောင်းမှုတုံရပ်၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ် | ရှမ်းပြည်နယ် | ပို့ကုန်/ သွင်းကုန် | |
| ၂၉ | Phone Myint Toe Co.,Ltd | အမှတ်(၂၇)၊ ကြူကုတ်(ပန်ဆိုင်း)၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ် | ရှမ်းပြည်နယ် | ပို့ကုန်/ သွင်းကုန် | |
| ၃၀ | Sein Sabi Phyu Trading Co.,Ltd | အမှတ်(တ/၅၀)၊တောင်ရပ်ကွက်၊ မူဆယ်မြို့နယ်၊ရှမ်းပြည်နယ် | ရှမ်းပြည်နယ် | ပို့ကုန်/သွင်းကုန် | |
| ၃၁ | Golden Lake Import & Export Co.,Ltd | အမှတ်(၁၈၅)၊ဗိုလ်ချုပ်လမ်း၊ဆန်ဆိုင်း(က)ရပ်၊ တာချီလိတ်မြို့နယ်၊ရှမ်းပြည်နယ် | ရှမ်းပြည်နယ် | စားသုံးကုန်ပစ္စည်း | |
| ၃၂ | Shwe Siee Sein Htet Family Co.,Ltd | အမှတ်(၁၄၀/၁/၆)၊ဒေါနလမ်း၊ ရပ်ကွက်(၂)၊ လားရှိုးမြို့နယ်၊ရှမ်းပြည်နယ် | ရှမ်းပြည်နယ် | ရောင်းဝယ်ရေးလုပ်ငန်း | |
| ၃၃ | Htut Myat Kyaw Co.,Ltd | အမှတ်(၆)၊နမ့်ခမ်းလမ်း၊စွမ်စော်ရပ်ကွက်၊ မူဆယ်မြို့နယ်၊ရှမ်းပြည်နယ် | ရှမ်းပြည်နယ် | ပို့ကုန်/သွင်းကုန် | |
| ၃၄ | Myanmar Muse Kokang Co.,Ltd | အမှတ်(၂)၊စွမ်စော်(၄)လမ်း၊ စွမ်စော်ရပ်ကွက်၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ် | ရှမ်းပြည်နယ် | ပို့ကုန်/သွင်းကုန် | |
| ၃၅ | Su Paung Family Co.,Ltd | အမှတ်(မ/၆၁)၊မြောက်ရပ်ကွက်၊ မူဆယ်မြို့နယ်၊ရှမ်းပြည်နယ် | ရှမ်းပြည်နယ် | ပို့ကုန်/ သွင်းကုန် | |
| ၃၆ | Dana Bayint Trading Co.,Ltd | အမှတ်(က/၆၆)၊ကောင်းနောင်ရပ်ကွက်၊မူဆယ်မြို့နယ်၊ရှမ်းပြည်နယ် | ရှမ်းပြည်နယ် | ပို့ကုန်/သွင်းကုန် | |
| ၃၇ | Thet Htar Zin Co.,Ltd | အမှတ်-၄၊(၁၀၅)မိုင်၊မိုင်းယုရွာ၊ မူဆယ်မြို့နယ်၊ရှမ်းပြည်နယ် | ရှမ်းပြည်နယ် | ပို့ကုန်/သွင်းကုန် | |
| ၃၈ | Myanmar New Power Motors Co.,Ltd | အမှတ်(ကလ/၂)၊ကောင်းမှုလွယ် ရပ်ကွက်၊မူဆယ်မြို့နယ်၊ရှမ်းပြည်နယ် | ရှမ်းပြည်နယ် | ပို့ကုန်/သွင်းကုန် | |
| ၃၉ | ဦးအိုင်ထွန်း၊ကမ္ဘာလုံးစီးကရက် စက်ရုံ | အမှတ်(မဝ-၁၀၈)၊မန်ဝန်းနယ်မြေ၊ စွမ်စော်ရပ်ကွက်၊မူဆယ်မြို့နယ်၊ရှမ်းပြည်နယ် | ရှမ်းပြည်နယ် | စီးကရက် စက်ရုံ | |
| ၄၀ | Thiri Pyae Sone Co.,Ltd | အမှတ်(ဈ/၃၂၆)၊ဈေးရပ်ကွက်၊ မူဆယ်မြို့နယ်၊ရှမ်းပြည်နယ် | ရှမ်းပြည်နယ် | ပို့ကုန်/သွင်းကုန် | |
| ၄၁ | ထူးမြတ်ဟိန်းကုမ္ပဏီ | အမှတ်(၂၈၃)၊ကျောင်းရှေ့လမ်း၊ မြို့ကွက်သစ်(၃)၊ ၁၀၅ မိုင်၊ မိုင်းယုရွာ၊ မူဆယ်မြို့နယ်၊ရှမ်းပြည်နယ် | ရှမ်းပြည်နယ် | ပို့ကုန်/သွင်းကုန် | |
| ၄၂ | Fa Fu Trading Co.,Ltd | အမှတ်(တ/၃၆၅)၊တောင်ရပ်ကွက်၊ မူဆယ်မြို့နယ်၊ရှမ်းပြည်နယ် | ရှမ်းပြည်နယ် | ပို့ကုန်/သွင်းကုန် | |
| ၄၃ | Hnin Thiri Yadanar Family Co.,Ltd | အမှတ်(ဟ-၂/၆၉)၊ဟိုမွန်ရပ်ကွက်၊ မူဆယ်မြို့နယ်၊ရှမ်းပြည်နယ် | ရှမ်းပြည်နယ် | ပို့ကုန်/သွင်းကုန် | |
| ၄၄ | Top One One Co.,Ltd | အမှတ်(တ-၄၄၁)၊တောင်ရပ်ကွက်၊ မူဆယ်မြို့နယ်၊ရှမ်းပြည်နယ် | ရှမ်းပြည်နယ် | ပို့ကုန်/သွင်းကုန် | |
| ၄၅ | Lucky Friday Co.,Ltd | အမှတ်(ပခ-၇၅)၊မူဆယ်-နမ့်ခမ်းလမ်း၊ ပန်ခမ်းရွာ၊ မူဆယ်မြို့နယ်၊ရှမ်းပြည်နယ် | ရှမ်းပြည်နယ် | ပို့ကုန်/သွင်းကုန် | |
| ၄၆ | Kaung Pyae Thar International Co.,Ltd | အမှတ်(ကမတ-၅၈)၊ကောင်းမှုးတုံရပ်၊ မူဆယ်မြို့နယ်၊ရှမ်းပြည်နယ် | ရှမ်းပြည်နယ် | ပို့ကုန်/သွင်းကုန် | |
| ၄၇ | ဦးချိန်တဲ့ဖူ(ခ) ကျိန်ဆန်း | အမှတ်(င/၃၈၃)၊ ချာ့စ်ကျောင်းအနီး၊ အမှတ်(၅)ရပ်ကွက်၊ ကွတ်ခိုင်မြို့နယ်၊ ရှမ်းပြည်နယ် | ရှမ်းပြည်နယ် | အမဲလိုက်စင် | |
| ၄၈ | Sam Sein Khan Co.,Ltd | အမှတ်(မ/၁၆၉)၊အနောက်မြို့ပတ်လမ်း၊ ရတနာသီရိရပ်ကွက်၊တောင်ကြီးမြို့နယ်၊ ရှမ်းပြည်နယ် | ရှမ်းပြည်နယ် | ဝန်ဆောင်မှု လုပ်ငန်း | |
| ၄၉ | ဦးလှအေး+ဒေါ်ခင်ခင်ထွေး | အမှတ်(၄/၁၀၉)၊တွေ့ာလမ်း၊ဆန်ဆိုင်း(က)၊ တာချီလိတ်မြို့နယ်၊ ရှမ်းပြည်နယ် | ရှမ်းပြည်နယ် | မြေကွက် ရောင်းချခြင်း | |
| ၅၀ | Aung Win Naing Co.,Ltd. | အမှတ်(၄/၁၉/၄)၊အဝေယျာလမ်း၊ ရပ်ကွက်(၁၂)၊လားရှိုးမြို့နယ်၊ ရှမ်းပြည်နယ် | ရှမ်းပြည်နယ် | ပို့ကုန်/ သွင်းကုန် | |

# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနကြေညာချက်

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အတွက် အခွန်အများဆုံးထမ်းဆောင်သည့် အခွန်ထမ်းများရွေးချယ်ရာတွင် အခွန်အမျိုးအစားအလိုက် အခွန်အများဆုံးပေးဆောင်ခဲ့ခြင်း၊ ၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အတွက် စည်းကြပ်တောင်းခံသည့် အခွန်ငွေများကို စည်းကြပ်နှစ်အတွင်း အပြေအကျေပေးဆောင်ခဲ့ခြင်း၊ အခွန်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များအညီ အခွန်အရပ်ရပ်ကြိုတင်ခွန်များကို သတ်မှတ်ထားသည့်ကာလအတွင်း မပျက်မကွက်ပေးဆောင်ခဲ့ခြင်း၊ အခွန်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များအညီ ဝင်ငွေကြေညာလွှာများကို သတ်မှတ်ထားသည့် အချိန်ကာလအတွင်း အချိန်မီတင်သွင်းခဲ့ခြင်း၊ ၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အပါအဝင် နှစ်အဆက်ဆက်စည်းကြပ်တောင်းခံသည့် အခွန်ငွေများအားလုံးကို အခွန်ကြွေးကျန်မရှိ အပြေအကျေပေးဆောင်ခဲ့ခြင်းစသည့်အချက်များနှင့်စိစစ်ရွေးချယ်ခဲ့ရာ **"ရှမ်းပြည်နယ်အတွင်းရှိ အခွန်ထမ်းများအနက် ကုန်သွယ်လုပ်ငန်းခွန် အများဆုံးထမ်းဆောင်သော မြန်မာကုမ္ပဏီ/လုပ်ငန်းရှင်(၅၀)ဦး၏စာရင်း"**အား ထုတ်ပြန်ကြေညာခြင်းဖြစ်ပါသည်။ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကုန်သွယ်လုပ်ငန်းခွန်အများဆုံးထမ်းဆောင်သူ မြန်မာကုမ္ပဏီ/နိုင်ငံခြားကုမ္ပဏီ/လုပ်ငန်းရှင်များစာရင်းကို ပြည်တွင်းအခွန်များဦးစီးဌာန Website ဖြစ်သည့် www.irdmyanmar.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံး၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး(၁)၊ (၂)၊ (၃)၊ တိုင်းဒေသကြီး/ပြည်နယ်အခွန်ဦးစီးဌာနမှူးရုံးများ၊ ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူးရုံးနှင့် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (ရန်ကုန်/မန္တလေး)များတွင် ကြေညာထားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

## ၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အတွက် ကုန်သွယ်လုပ်ငန်းခွန်အများဆုံးထမ်းဆောင်သည့် လုပ်ငန်းရှင်(၅၀)ဦးစာရင်း

| စဉ် | အခွန်ထမ်းအမည် | လိပ်စာ | ရုံး/ဌာန တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ | လုပ်ငန်းအမျိုးအစား | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | Billion Soe Kaung San Co.,Ltd | အမှတ်-၉၀၊ စောဖျင်းနုလမ်း၊ ရှမ်းရွာမရပ်ကွက်၊ကွမ်းလုံမြို့၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | Trading | |
| ၂ | ဦးအိုင်ထွန်း | မဝ-၁၀၈၊မန်းဝိန်းနယ်မြေ၊ပန်လုံဟောင်းရပ်၊ စွမ်စော်ရပ်ကွက်၊မူဆယ်မြို့၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | စီးကရက် ထုတ်လုပ်မှု | |
| ၃ | Myanmar Muse Kokang Co.,Ltd | အမှတ်-၁၂၊ စွမ်စော်-၄လမ်း၊ စွမ်းစော်ရပ်ကွက်၊ မူဆယ်မြို့၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | စီးကရက် ထုတ်လုပ်မှု | |
| ၄ | ရွှေနန်းစံရောင်းဝယ်ရေး ကုမ္ပဏီလီမိတက် | အမှတ်-၂၅၊ ရွှေတိဂုံဘုရားလမ်း၊ မကာဟိုခမ်းရပ်ကွက်၊ တာချီလိတ်မြို့၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | ဓါတ်ဆီ၊ အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေး | |
| ၅ | ဦးတင်ရွှေ+ ဦးထွန်းအေး | တောင်လေးလုံးကျေးရွာ၊ ရွှေညောင်မြို့ ၊ တောင်ကြီးမြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | လိမ္မော်ဖြူ အရက် | |
| ၆ | Golden Lake Import & Export Co.,Ltd | အမှတ်-၁၈၅၊ ဗိုလ်ချုပ်လမ်း၊ ဆန်ဆိုင်း-က၊ တာချီလိတ်မြို့၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | Golden Lake Import & Export Co.,Ltd | |
| ၇ | ဟိန်းယွန်းဗာကျိုးနီးယား ကုမ္ပဏီ | အမှတ်-၃-၂၃၊ ငြိမ်းချမ်းရေးလမ်း ၊ ပန်ခမ်းမြို့၊ လားရှိုးမြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | စီးကရက် စက်ရုံ | |
| ၈ | Sam Sein Khan Co.,Ltd | အမှတ်-မ/၁၆၉၊ အနောက်မြို့ပတ်လမ်း၊ ရတနာသီရိရပ်ကွက်၊ တောင်ကြီးမြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | ဝန်ဆောင်မှု လုပ်ငန်း | |
| ၉ | Shan Htoo Aung Construction Co.,Ltd | အမှတ်၊မ-၁၁၄၊သစ်ခွလမ်း၊ ကျောင်းကြီးစုရပ်ကွက်၊တောင်ကြီးမြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | ဆောက်လုပ်ရေး | |
| ၁၀ | မြန်မာပီအိုနီ ကုမ္ပဏီလီမိတက် | ရေပူစမ်းလမ်း၊ ရပ်ကွက်-၁၂၊လားရှိုးမြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | စီးကရက် စက်ရုံ | |
| ၁၁ | Mai Brothers Co.,Ltd | ဟက/၁၂၉၊ ဟိုကပ်ရပ်၊ နမ့်ခမ်းမြို့၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | Services | |
| ၁၂ | Aung Brothers Co.,Ltd | မ/၁၈၃၊ စာရေးတန်းရပ်၊ နမ့်ခမ်းမြို့၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | Trading | |
| ၁၃ | ကျိုင်းတုံစွမ်းအင်ကုမ္ပဏီ | အမှတ်-၂ ၊ နောင်ကျောက်လမ်း ၊ ရပ်ကွက်-၂၊ ကျိုင်းတုံမြို့၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | လျှပ်စစ်စွမ်းအင်ထုတ် | |
| ၁၄ | ဝင်းမြတ်ဂုဏ်ဆောင် ကုမ္ပဏီလီမိတက် | အမှတ်-၃၇၇ ၊ဆေးရုံကြီးလမ်း၊ မြို့ဦးကွက်သစ်၊ ဟိုပုံးမြို့၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | ဆောက်လုပ်ရေး လုပ်ငန်း | |
| ၁၅ | ဦးဆန်ရီရောင်းဝယ်ရေးကုမ္ပဏီ | ဗိုလ်ချုပ်လမ်း၊ ဝမ်လီရွာ၊ ပါဆတ်ရပ်၊ တာချီလိတ်မြို့၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | ဦးဆန်ရီ ရောင်းဝယ်ရေးကုမ္ပဏီ | |
| ၁၆ | ဦးချိန်တဲ့ဖူ(ခ)ကျိန်ဆန်း | ချက်စ်ကျောင်းလမ်း၊ အမှတ်-၅ရပ်ကွက် ၊ ကွတ်ခိုင်မြို့၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | ပန်းခြံဈေးသစ် ဆောက်လုပ်ခြင်း | |
| ၁၇ | Myanmar Padauk Trading Co.,Ltd | အမှတ်-၉၊ ၁၀၅-မိုင်၊ မူဆယ်မြို့၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | ဖုန်းဝန်ဆောင်မှု | |
| ၁၈ | ဦးစိုးသိန်း+၁ | အမှတ်-၂/၁၀၅၊ စက်မှုဇုန်၊ အေးသာယာမြို့သစ် ၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | တိုးနယားအရက် | |
| ၁၉ | ဦးအောင်လင်း+၁ | အမှတ်-၂/၁၀၄၊ စက်မှုဇုန်၊ အေးသာယာမြို့သစ်၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | အောင်မြတ်အရက် + Good Day ကုန်စုံ | |
| ၂၀ | သူရိယနဂါးအားမာန်ကုမ္ပဏီ | အမှတ်-မ/၂၊စိန်ပန်းလမ်း၊အောင်သပြေရပ်၊ ဆီဆိုင်မြို့၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | ဆောက်လုပ်ရေး လုပ်ငန်း | |
| ၂၁ | Phu Thit Wai Si Co.,Ltd | ဟိုမွန်ရပ်ကွက်၊မူဆယ်မြို့၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | ပို့ကုန်/သွင်းကုန် | |
| ၂၂ | အင်းလေးမင်းသမီးကုမ္ပဏီ | မကျီးစင်ရွာ၊ ညောင်ရွှေမြို့၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | Inle Princess Resort | |
| ၂၃ | SHWE MAWPHA COMPANY LIMITED | ဆွတ်ပိုင်းကျေးရွာအုပ်စု၊ အောင်သံလွင်ကျေးရွာ၊ မက်မန်းခြံ၊ "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လားရှိုးမြို့၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | ဆောက်လုပ်ရေး လုပ်ငန်း | |
| ၂၄ | LASHIO STAR CONSTRUCTION COMPANY LIMITED | အမှတ်-၉၊ ပြည်တော်သာလမ်း၊ ရပ်ကွက်-၁၊ နယ်မြေ-၇။ လားရှိုးမြို့၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | ဆောက်လုပ်ရေး လုပ်ငန်း | |
| ၂၅ | ဦးမောင်ဝင်း | ဂေါက်ကွင်းလမ်း၊ ဟောင်လိတ်၊ တာချီလိတ်မြို့၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | Myanmar Richy Regina ဂေါက်ကလပ်/ဟိုတယ် | |
| ၂၆ | SHWE HTET AUNG COMPANY LIMITED | အမှတ်-၉၉၄၊ မြို့ပတ်လမ်း၊ ရပ်ကွက်-၁၊ နယ်မြေ-၇။ လားရှိုးမြို့၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | ဆောက်လုပ်ရေး လုပ်ငန်း | |
| ၂၇ | TT Light Power Co.,Ltd. | အမှတ်-၁၃၊ အောင်စေတနာလမ်း၊ နယ်မြေ-၇၊လားရှိုးမြို့၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | ဆောက်လုပ်ရေး လုပ်ငန်း | |
| ၂၈ | Da Nu Minn Thar Co.,Ltd | အမှတ်-၄၇+၈၀၊ နမ-၄၊ ရပ်ကွက်-၃၊ အေးသာယာမြို့သစ်၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | ဆောက်လုပ်ရေး | |
| ၂၉ | Yoone Poe ThanZin Mining Co.,Ltd | အမှတ်၊မ-၁၈၊ သုခလမ်း၊ ကျောင်းကြီးစုရပ်ကွက်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | သတ္တုတူးဖော်ရေး | |
| ၃၀ | ဦးခင်မောင်လွင် | ရပ်ကွက်-၃၊ ဖုန်ရင်းလမ်း၊ လောက်ကိုင်မြို့၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | စီးကရက်စက်ရုံ | |
| ၃၁ | Shwe Ya Kan Import & Export Co.,Ltd | ဗိုလ်ချုပ်လမ်း၊ဆန်ဆိုင်းရပ်ကွက်။ တာချီလိတ်မြို့၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | Shwe Ya Kan Import & Export Co.,Ltd | |
| ၃၂ | Billion Gain Manufacturing Co.,Ltd | အမှတ်-၁၄၀၊ ကုန်သည်လမ်း၊ ကန်ရှေ့ရပ်ကွက်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | ထုတ်လုပ်မှု လုပ်ငန်း | |
| ၃၃ | ဒေါ်ကြူကြူသင်း | အမှတ်-၈၊ လမ်းမတော်လမ်း၊ ကံသာရပ်၊ ညောင်ရွှေမြို့၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | ဟူပင် ဟိုတယ် | |
| ၃၄ | AUNG MAY THAN LWIN COMPANY LIMITED | အမှတ်-၁၃/၄၄၊ သိန်းနီလမ်း၊ ပြည်ထောင်စုလမ်းမကြီး၊ရပ်ကွက်-၁၂၊ လားရှိုးမြို့၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | ဆောက်လုပ်ရေး လုပ်ငန်း၊ | |
| ၃၅ | ဒေါ်ခင်စန္ဒာဝင်း | ခေါင်တိုင်ရွာ ၊ ညောင်ရွှေမြို့ ၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | Inle Lake View Hotel | |
| ၃၆ | ဦးလှအောင် | မြောင်းရိုးကြီး ၊ ညောင်ရွှေမြို့၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | Inle Resort Hotel | |
| ၃၇ | ဦးမြမောင် | ပြည်ထောင်စုလမ်းမကြီး၊ အလယ်ပိုင်း၊ဟဲဟိုးမြို့၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | အုတ်၊သဲ၊ကျောက် ရောင်း | |
| ၃၈ | ဦးစဝ်စီရီ(ခ)စဝ်အောဒ် | ဗိုလ်ချုပ်လမ်း၊ ဟောင်လိတ်၊ တာချီလိတ်မြို့၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | ချစ်ကြည်ရေး စက်သုံးဆီဆိုင် | |
| ၃၉ | Myint and Zaw Co.,Ltd | အမှတ်-၁၄၅၊ နမ-၂ ၊စဥ့်ဟယ်၊ အေးသာယာမြို့သစ်၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | ဆောက်လုပ်ရေး ကုမ္ပဏီ ၊ | |
| ၄၀ | မြန်မာ့ရတနာရွှေခေတ် ကုမ္ပဏီ | မေတ္တာလမ်း၊ ရပ်ကွက်-၁၊ လားရှိုးမြို့၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | ဆောက်လုပ်ရေး လုပ်ငန်း၊ | |
| ၄၁ | Homain Taung Co.,Ltd | ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ မင်္ဂလာရပ်ကွက် ၊ နမ့်ဆန်(မ)မြို့၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | ဆောက်လုပ်ရေး လုပ်ငန်း | |
| ၄၂ | ဦးစီမြင့်၊ Golden Eagle Brand | ပန်လုံ(၁)လမ်း ၊ ကောင်းမှုလွယ်ရပ်ကွက်၊ မူဆယ်မြို့၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | အိမ်ရိုက်သံ ထုတ်လုပ်မှု | |
| ၄၃ | ဦးစိုင်းခမ်း | ပြည်ထောင်စုလမ်း၊ပါဆတ်ရပ်။ တာချီလိတ်မြို့၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | SKMM International Co.,Ltd. | |
| ၄၄ | ဒေါ်အားမိန် | ဗိုလ်ချုပ်လမ်း၊ မယ်ခေါင်ရပ်ကွက်၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | မဲခေါင်မြစ်ဟိုတယ် | |
| ၄၅ | ဦးဝေလင်း | အိမ်အမှတ်-ဘ/၅၊မင်းလမ်း၊ ဘန့်ဖယ် ရပ်ကွက်၊ ပင်လောင်းမြို့၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | အရက်ဖြူ ထုတ်လုပ်ခြင်း | |
| ၄၆ | ဒေါ်မြမြလွင် (97 ဆပ်ပြာစက်ရုံ) | ဖန်လုံကွက်သစ်၊ စွမ်စော်ရပ် ၊ မူဆယ်မြို့၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | ဆပ်ပြာစက်ရုံ | |
| ၄၇ | ဒေါ်နန္ဒာအေး | လွယ်ငြိမ့်ရွာ၊ ညောင်ရွှေမြို့ ၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | Pristine Lotus Spa Resort | |
| ၄၈ | မြင့်မိုရ်လွင်တည်ကုမ္ပဏီ | အမှတ်-န/၁၆၅(ဂ)၊အောင်သပြေလမ်း၊ အနောက်ရပ်၊ ဟိုပုံးမြို့၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | ဆောက်လုပ်ရေး လုပ်ငန်း | |
| ၄၉ | ဦးရန်ရှီကျမ်း(ခ)ထွန်းမောင် | တုန်ခန်ရွာ၊မူဆယ်မြို့၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | စက္ကူစက်ရုံ | |
| ၅၀ | AUNG GYI SOE COMPANY LIMITED | အမှတ်-၁၃/၄၄၊ သိန်းနီလမ်း၊ ပြည်ထောင်စုလမ်းမကြီး၊ ရပ်ကွက်-၁၂၊ လားရှိုးမြို့၊ ရှမ်းပြည်နယ်။ | ရှမ်းပြည်နယ် | ဆောက်လုပ်ရေး လုပ်ငန်း၊ | |

PRIME-BOSS

Digital Multifunctional System

AR-6026N

30% Discount

* A3 Standard- Copy, Network Print & Color Scan
* Speed 26cpm, ppm
* Cost Efficient Toner Save Mode
* Password Protected User Accounts
* Build In Duplex Module
* မိတ္တူဆိုင်နှင့် High Volume သုံးသည့် Customer များအတွက် အထူး သင့်လျော်ပါသည်။
* A4 တစ်ရွက် ခန့်မှန်း Print Cost = ၄ ကျပ် ဝန်းကျင် (တိုနာမှုန့်)

Full Color Digital MFP နှင့် အခြားစက်ကြီးများလည်း ရရှိနိုင်ပါသည်။

Prime - Boss Company Limited Since 1996

» Yangon Office : G-7, MGW Tower, Bo Aung Kyaw Street, Botahtaung Township, Yangon.
Tel : 01 256644, 256508
Hot Line : 09 788888929 Fax -01 256158

» Naypyitaw : Tel: 067-421393
Email: sales@primeboss.com.mm

သုံးရာသီ (ဗမ္မဒါန)

မန္တလေး၊ အင်းတော်ကြီး၊ ဇလုံတောင်၊ ...
Mar-9,16,23,30
AirCom: Express ...
☎ 420144148, 421153797

ကိုကျော်နိုင်
CAR RENTAL
စိတ်ချမ်းမြေ့စွာ ခရီးသွားနိုင်ရန်
ALPHARD, HIACE (အံစာတုံး)
ကားအမျိုးမျိုးကို ငှားရမ်းနိုင်ပါသည်။
☎ 09 25 358 2510
09 515 8803
https://www.facebook.com/kyawpanda

နန်းဦးလှိုင် အင်းတော်ကြီး၊ ဇလုံတောင်

● အင်းတော်ကြီးရွှေမဥ္ဇူ၊ ဝန်းမောက် ဇလုံတောင်၊ ကျောက်မဏ္ဍပ်၊ မြစ်ကြီးနား၊ မနော၊ကွင်း၊ မြစ်ဆုံ (၆)ရက်။ မန္တလေး၊ ရွှေဘို၊ မိုးကုတ်ပါ(၁၀)ရက်။ Mar 9 နှင့် အပတ်စဉ်-သောကြာ ထွက်သည်။ ကြိုတင်လက်မှတ်ရောင်းပြီ
● ရွှေစက်တော် နှင့် စက္ကိန်းတဲ၊ နဂါးပွက်၊ ကျောင်းတော်ရာ၊ မကွေး (၃)ရက်။ ဆက်၍-ပုဂံ၊ ပုပ္ပါး၊ ပခုက္ကူပါ(၅)ရက်။ ဆက်၍-မန္တလေး၊ စစ်ကိုင်း၊ မုံရွာ၊ ပြင်ဦးလွင်၊ အလောင်းတော်၊ တောင်ကြီး၊ အင်းလေး၊ လွိုင်ကော်ပါ(၁၂)ရက်။
● ရွှေစက်တော် နှင့် ပုဂံ၊ ပုပ္ပါး၊ အလောင်းတော်ကဿပ၊ စစ်ကိုင်း၊ မုံရွာ (၆)ရက်။ မန္တလေး၊ ပြင်ဦးလွင် ပါ(၇)ရက်။
● ရွှေစက်တော် နှင့် ရခိုင်၊ မြောက်ဦးဘုရားစုံ၊ ကျောက်တော်မဟာမုနိ၊ စစ်တွေ၊ ငပလီ၊ ကမ်းသာယာ (၇)ရက်။
● ရွှေစက်တော် နှင့် အလောင်းတော်ကဿပ၊ စစ်ကိုင်း၊ မုံရွာ ဘုရားစုံ (၅)ရက်။ ● ကားစီးလုံးငှား အော်ဒါလက်ခံသည်။
● ထားဝယ် ရှင်ကိုးရှင်၊ မောင်းမကန်ကမ်းခြေ၊ မျှော်ရစ်၊ ကျိုက္ကမီ၊ စက်စဲ (၅)ရက်- မြိတ်(ဘိတ်)ပါ (၆)ရက်။
● တောင်ကြီး၊ အင်းလေးဖောင်တော်ဦး၊ မွေတော်ကက္ကူ၊ ထမ့်စမ်းဂူ၊ ပင်းတယ(၄)ရက်။ လွိုင်ကော်ပါ(၅)ရက်။
● အလောင်းတော်ကဿပ(သီးသန့်)၊ စစ်ကိုင်း၊ မုံရွာ(၃)ရက်။ ဆက်၍-မန္တလေးဘုရားစုံ၊ ပြင်ဦးလွင်ပါ(၅)ရက်။

ပန်းဆိုးတန်း 01-391577, သန်လျင် 056-21671, 09-5122961, တာမွေ 09-255811682

လိုနေသူကို ဖေးမကူဖို့ ဝ ဖြူစင်စေတနာ ပြည့်ဝစွာဖြင့်

ဆရာမိုး Follow Me Ph.D (USA)

SUMMER GRAMMAR တန်းခွဲသစ် လက်ခံပြီ။

အင်္ဂလိပ်စာကို ကျွမ်းကျင်ပိုင်နိုင်စွာ ရေးတတ် ပြောတတ်ချင်သူတိုင်း တက်ထားရမည့်

Universal Institute of ESL (USA) မှ Certificate ချီးမြှင့်သည့်

ENGLISH 4 SKILLS Level (1,2) ၄ လ နှင့်

ENGLISH 4 SKILLS Level (1) တစ်ပတ် (၅)ချိန်တက် (၂)လ အထူး လက်ခံသင်ကြားပြီ။

Essay, Letter ရေးနည်း။ အင်္ဂလိပ် ဝတ္ထုဆောင်းပါး ဖတ်နည်း။ ဘာသာပြန်နည်းနှင့် ပြောနည်းတို့ကို နိုင်ငံတကာ သင်ရိုးများနှင့် သင်ကြားပေးနေပြီ။ တတ်ချင်သူတိုင်း တက်၍ တက်သူတိုင်း တတ်ကုန်ကြပြီ။ တန်းခွဲသစ်များ Mar10 စမည်။

4 SKILLS Level(1,2,3) တက်ပြီးသူများကို Dip ESL (USA) ချီးမြှင့်မည်။

အင်္ဂလိပ်စာကို စာမေးပွဲ အောင်ရုံ ဂုဏ်ထူးထွက်ရုံမျှသာမက တစ်သက်တာအတွက် အခြေခံအုတ်မြစ် ခိုင်မာစွာ စနစ်တကျ တတ်ကျွမ်းချင်သူ

၉/၁၀ တန်း တက်မည့် ကျောင်းသား/ကျောင်းသူတိုင်းအတွက် Summer English Grammar အထူး တန်းခွဲသစ် လက်ခံပြီ။

နောက်ဆုံးပေါ် နိုင်ငံတကာ သင်ရိုးနှင့်အတူ မိမိကိုယ်တိုင် စနစ်တကျ အသံထွက် လေ့ကျင့်ရင်း အလျင်မြန်ဆုံး တိုးတက်လျှက်

သွက်လက်မှန်ကန်စွာ ပြောတတ်စေဖို့ SPEAKING သီးသန့် ၄ လ အတတ် လက်ခံပြီ။

4 Skills Band 7 နှင့်အထက် ရအောင် သင်ပေးမည့် IELTS ၄ လ အထူး လက်ခံပြီ။

ဆရာမ ဒေါက်တာ မြင့်သန္တာ Ph.D တွဲဖက် သင်ကြားသည်။

အင်း၀ စာအုပ်တိုက် (အပေါ်ထပ်)၊ ဦးထွန်းလင်းခြံလမ်း၊ လှည်းတန်း။ အမှတ် ၁၈၊ ၅-လွှာ၊ 0943125393
ဝိုင်းသီးသန့် ❖ ၄၃၆ (ပ)ထပ်၊ ကုန်သည်လမ်း (၄၄-လမ်းထိပ်)။ 01 8398118, 295798

ပညာတတ်ဘယ်လောက်ဖြစ်နေပါစေ မိဘမသိတတ်ယင် ကျွန်ုပ်တို့နှလုံးလှလှမိုက်တွေပဲ။

မိဘဂုဏ် ကိုထွေး အရောင်းခန်းမများမှ

အဆင့်မြင့် စတီးဘလိတ် ဓါးသွားဆုးကြိုးများကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချတပ်ဆင်ပေးနေပါသည်။

အမှတ်(၁၂)အခန်း(၄/၅)မင်းနန္ဒာလမ်းမကြီး၊ သာကေတမြို့နယ်။
အမှတ်(၁၂/၈၈၄)ပင်လုံလမ်းမကြီး၊ ၃၄/ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။
Ph : 09 - 5064145, 09-420060449
09-250058416, 09-420707316

ဝယ်တာထက် ပိုရမယ့် ဒေတာလိုက်ပွဲ

4G PLUS

*140# ကို အခုပဲ ခေါ်ဆိုပါ။

| ဈေးနှုန်း(ကျပ်) | ဒေတာ(MB) | + | အပိုလိုက်ပွဲ (MB) |
|---|---|---|---|
| ၆၉၉ | ၃၅၀ | + | ၅၀ |
| ၉၉၉ | ၆၀၀ | + | ၅၀ |
| ၁,၄၉၉ | ၈၇၀ | + | ၁၅၄ |
| ၂,၉၉၉ | ၁,၉၉၂ | + | ၂၅၆ |
| ၄,၉၉၉ | ၃,၀၇၂ | + | ၅၁၂ |
| ၉,၉၉၉ | ၆,၁၄၄ | + | ၁,၀၂၄ |
| ၁၉,၉၉၉ | ၁၂,၂၈၈ | + | ၂,၀၄၈ |
| ၃၉,၉၉၉ | ၂၅,၆၀၀ | + | ၅,၁၂၀ |

အပိုလိုက်ပွဲ သက်တမ်း ရက် ၃၀ ရှိပါသည်။



ooredoo
Enjoy the Internet



**Gold Point Collection Awarding Ceremony**

Royal Myanmar Teamix,Calsome ကွေကာ , Gold Roast Coffeemix များ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိသော Myanmar GR Co.,Ltd မှ စင်ကာပူ အခြေစိုက် ကုမ္ပဏီ တစ်ခုဖြစ်သော VIZ BRANZ LIMITED (SINGAPORE) နှင့် အကျိုးတူ လက်တွဲ ဆောင်ရွက်ပြီး MYANMAR VB COMPANY LIMITEDသို့ အမည်ပြောင်းလဲခြင်းနှင့် အဆိုပါကုန်ပစ္စည်းများကို ရောင်းချပေးကြသော ကုန်သည်တော်ကြီးများအား ဆုလက်ဆောင် ပစ္စည်းများ ချီးမြှင့်ခြင်းအခမ်းအနားကို (၂၈.၂.၂၀၁၈)တွင် ရန်ကုန်မြို့ရှိ Pan Pacific Hotel (Ballroom)တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါအခမ်းအနားတွင် ၂၀၁၇ ခုနှစ်၊ ဇူလိုင်လမှ ဒီဇင်ဘာလအထိ ပြုလုပ်ခဲ့သော Gold Point Collection Programတွင် ပါဝင်ခဲ့ကြသော ကုန်သည်တော်ကြီးများကို ကံစမ်းမဲများနှင့် ဆုလက်ဆောင်များအဖြစ် ကား၊ iPhoneX၊ iPhon8Plus၊ ရွှေသား (၃) ပိဿာကျော်နှင့် ငွေသားဆုများအပါအဝင် စုစုပေါင်း ကျပ်သိန်းပေါင်း(၅၀၀၀)ကျော်ဖိုး ပေးအပ်ချီးမြှင့်ခဲ့ပြီးဖြစ်ကြောင်းနှင့် Gold Point Collection Programသို့ တက်ရောက် ချီးမြှင့်ပေးခဲ့ကြသောအနယ်နယ်အရပ်ရပ်မှကုန်သည်တော်ကြီးများ၊ ဂုဏ်သရေရှိလူကြီးမင်းများ၊ ဧည့်သည်တော်ကြီးများနှင့် ကျေးဇူးတင်ထိုက်သူများ အားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

Calsome | Gold Roast COFFEE MIX | Royal Myanmar Teamix



**STRATEGY FIRST INSTITUTE** NCC education

## စီးပွားရေး ဘာသာရပ်များကို သာမက အိုင်တီဘာသာရပ်များကိုပါ လေ့လာလိုသော လူငယ်များအတွက်



စီးပွားရေး စီမံခန့်ခွဲမှု ဘာသာရပ်များ နှင့် အိုင်တီ ဘာသာရပ်များကို ပူးတွဲသင်ကြားပေးမည့် Diploma သင်တန်းများဖြစ်သည်။ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများ၊ IGCSE အောင်မြင်ပြီး သူများအနေဖြင့် NCC Level 4 Diploma in Business IT ကို ဦးစွာတက်ရောက်ရမည်ဖြစ်သည်။

Level 4 Diploma in Business IT သည် ယူကေနိုင်ငံတက္ကသိုလ်များ၏ ပထမနှစ်နှင့် ညီမျှသော သင်တန်းတစ်ခု ဖြစ်သည်။ Level 4 Diploma ပြီးဆုံးသွားသောအခါ ယူကေတက္ကသိုလ်များတွင် ဒုတိယနှစ်မှ စတင်တက်ရောက်နိုင်မည်။ ပထမနှစ်ပြီးဆုံးသောအခါတွင် Level 5 Diploma in Business IT ကို တက်ရောက်နိုင်မည်ဖြစ်သည်။ Level 5 သည်ယူကေတက္ကသိုလ်၏ ဒုတိယနှစ်နှင့် ညီမျှသည်။ Level 5 အပြီးတွင် ယူကေတက္ကသိုလ်များတွင် နောက်ဆုံးနှစ်မှတက်ရောက်နိုင်မည်ဖြစ်သည်။ ပြည်တွင်းတွင်လည်း ဘွဲ့ရသည်အထိ ကုန်ကျစရိတ်သက်သာစွာဖြင့် တက်ရောက်နိုင်မည့်အခွင့်အလမ်းများရှိသည်။

### ဝင်ခွင့်သတ်မှတ်ချက်များ

IGCSE နှင့် တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူဖြစ်ရမည်၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် အင်္ဂလိပ်စာ အမှတ် (၆၀) မပြည့်ပါက IELTS band (5.5) ကို ရရှိအောင် ဖြေဆိုရမည်၊ ဝင်ခွင့်စာမေးပွဲ အောင်မြင်သူများကိုသာ လက်ခံပေးသွားမည်ဖြစ်သည်။

### သင်တန်းကြေးနှင့် Scholarship များ

ဂုဏ်ထူးအလိုက် ချီးမြှင့်မည့် Scholarship အစီအစဉ် (ပထမနှစ်အတွက်) တက္ကသိုလ်ဝင်စာမေးပွဲနှင့် IGCSE စာမေးပွဲတွင် ဂုဏ်ထူးရသည့်ဘာသာရပ် အရေအတွက်အလိုက် Scholarship များပေးအပ်သွားမည်ဖြစ်သည်။ စာမေးပွဲကြေးမပါဝင်ပါ။

- ဂုဏ်ထူး ၁ ဘာသာ – ၂၀၀,၀၀၀ ကျပ်
- ဂုဏ်ထူး ၂ ဘာသာ – ၄၀၀,၀၀၀ ကျပ်
- ဂုဏ်ထူး ၃ ဘာသာ – ၆၀၀,၀၀၀ ကျပ်
- ဂုဏ်ထူး ၄ ဘာသာ – ၈၀၀,၀၀၀ ကျပ်
- ဂုဏ်ထူး ၅ ဘာသာ – ၁,၅၀၀,၀၀၀ ကျပ်
- ဂုဏ်ထူး ၆ ဘာသာ – ၂,၀၀၀,၀၀၀ ကျပ်
- အင်္ဂလိပ်စာအမှတ် ၆၀ နှင့်အထက် – ၂၀၀,၀၀၀ ကျပ်

စသည်ဖြင့် Scholarship discount များပေးအပ်သွားမည်ဖြစ်သည်။

ပထမနှစ်အတွက် သင်တန်းကြေး – ၃၂ သိန်း ၈ သောင်း  စာမေးပွဲကြေး – ပေါင် ၃၂၀ (မြန်မာငွေ ၆ သိန်းဝန်းကျင်)

သင်တန်းကြေးကို ၃ ရစ် ခွဲသွင်းနိုင်ပါသည်။ ဂုဏ်ထူးရဘာသာရပ် အရေအတွက်အလိုက် သိန်း ၂၀ အထိ သင်တန်းကြေး သက်သာခွင့်ရှိပါသည်။

မတ်လ (၁၂) ရက်နေ့ တန်းခွဲသစ်စတင်ဖွင့်လှစ်သွားပါမည်။

#8, Ground Floor, Panchan Tower, Myaynigone, Sanchaung Township, Yangon, Myanmar.
#239, Pyay Road (Near Myaynigone City Mart), San Chaung Township, Yangon, Myanmar.
#237, Corner of U Wizara Road and Dhamazedi Road, San Chaung Township, Yangon, Myanmar.

**Call Now : 09 450 1777 71**



# ရက်ရှည်ရုံးပိတ်ရက်များအတွင်း ပန်းတမော့ကျွန်းသို့ နိုင်ငံခြားသားခရီးသွားများ လာရောက်လည်ပတ်

**ရွှေသောင်ယံ မတ် ၅**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရွှေသောင်ယံမြို့နယ်ခွဲရှိ ပန်းတမော့ကျွန်းသို့ ရက်ရှည်ရုံးပိတ်ရက်များအတွင်း နိုင်ငံခြားသားခရီးသွားများပါ လာရောက်လည်ပတ်ကြကြောင်း သိရသည်။

မတ်လ၏ ရက်ရှည်ရုံးပိတ်ရက်များတွင် ပြည်တွင်းပြည်ပ ခရီးသွားများမှာ မြန်မာနိုင်ငံ၏ အဓိကအထင်ကရနေရာအသီးသီးသို့ သွားရောက်လည်ပတ်ကြရာ ရွှေသောင်ယံမြို့နယ်ခွဲ ဂျိတ်လက်ကျေးရွာအနီး ပန်းတမော့ကျွန်းသို့လည်း ခရီးသွားများ လာရောက်လည်ပတ်ကြသည်။

အဆိုပါကျွန်းသည် မကြာသေးမီက နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ဂုဏ်ပြုသည့်အနေဖြင့် The Lady Island ကျွန်းအဖြစ် သတ်မှတ်ရန် ဒေသခံများစီစဉ်နေသည်ဟုသတင်းများ ထွက်ပေါ်ခဲ့ပြီးနောက်ပိုင်း ခရီးသွားများ အထူးစိတ်ဝင်စားမှု များပြားလာသော ကျွန်းတစ်ကျွန်းဖြစ်သည်။

ကျွန်း၏အကျယ်အဝန်းမှာ ဧရိယာ ၄၆ ဒသမ ၅၄ ဧက ကျယ်ဝန်းပြီး **စာမျက်နှာ ၉ ကော်လံ ၅ သို့** ❖

# အာဆီယံအမျိုးသမီးပြိုင်ပွဲအတွက် မြန်မာအမျိုးသမီးအသင်း လေ့ကျင့်မှု စတင်ပြုလုပ်

**ရန်ကုန် မတ် ၅**

အင်ဒိုနီးရှားနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် ၂၀၁၈ အာဆီယံအမျိုးသမီးပြိုင်ပွဲအတွက် မြန်မာအမျိုးသမီးအသင်းသည် ယနေ့နံနက်ပိုင်းမှစ၍လေ့ကျင့်မှုပြုလုပ်နေပြီဖြစ်သည်။ နည်းပြချုပ်သစ် ဦးဝင်းသူမိုး လက်ထက်တွင် မြန်မာအမျိုးသမီးအသင်းသည် ပထမဆုံးလေ့ကျင့်မှု ပြုလုပ်ခြင်းဖြစ်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းတွင် နည်းပြချုပ် ဦးဝင်းသူမိုး၊ လက်ထောက်နည်းပြ ဦးခင်မောင်ထွေး၊ ဒေါ်ဇင်မာဝမ်း၊ ဂိုးနည်းပြ ဦးမြကိုမင်း၊ ကစားသမားများအဖြစ် ဂိုးသမား-ဇာဇာမြင့် (အားကစားနှင့် ကာယပညာဦးစီးဌာန)၊ သင်းသင်းစိုး (ဇွဲကပင်)၊ မေဇင်နွယ် (မြဝတီ)၊ မျိုးမြမြငြိမ်း (သစ္စာအားမာန်)၊ နောက်တန်း-ဝေဝေအောင်၊ ခင်ပြည့်လင်း၊ အိရတနာဖြိုး (အားကစားနှင့် ကာယပညာဦးစီးဌာန)၊ ခင်သန်းဝေ (မြဝတီ)၊ အေးအေးမိုး (မြဝတီ)၊ ဇင်မာဝင်း (သစ္စာအားမာန်)၊ ဖူးပွင့်ခိုင် (သစ္စာအားမာန်)၊ ငယ်ငယ်ထွေး (သစ္စာအားမာန်)၊ နန်းဇူဇူထက် (မြဝတီ)၊ ဇွန်ယုယဦး (YREO)၊ ခင်မျိုးဝင်း (အား/ကာသိပ္ပံ)၊ အလယ်တန်း-ခင်မာလာထွန်း၊ သင်းသင်းယု၊ နန့်မေသဇင် (အားကစားနှင့် ကာယပညာဦးစီးဌာန)၊ ရူပါခိုင်၊ လှယဉ်ဝင်း၊ ခိုင်သဇင် (မြဝတီ)၊ နီလာမြင့်၊ ခင်မိုမိုထွန်း၊ သန္တာမိုး၊ နော်အားလိုဝါးဖော (သစ္စာအားမာန်)၊ သန်းသန်းထွေး(ဇွဲကပင်)၊ ရှေ့တန်း-နုနု၊ ရီရီဦး(အားကစားနှင့် ကာယပညာဦးစီးဌာန)၊ ဝင်းသိင်္ဂီထွန်း (မြဝတီ)၊ ဂျူလိုင်ကျော်၊ ခင်မိုးဝေ၊ နီလာဝင်း (သစ္စာအားမာန်)တို့ ပါဝင်ကြသည်။

မြန်မာအမျိုးသမီးအသင်းသည် ယခုနှစ်ယှဉ်ပြိုင်ရမည့် ၂၀၁၈ အာဆီယံအမျိုးသမီးပြိုင်ပွဲအတွက် **စာမျက်နှာ ၉ ကော်လံ ၅ သို့** ❐



နွေရာသီ လူငယ်ဘောလုံးသင်တန်းတွင် ကလေးလူငယ်များ သင်ကြားနေစဉ်။

# နွေရာသီ လူငယ်ဘောလုံးသင်တန်းတွင် ကလေးလူငယ် ၆၅၀ ကျော် သင်ကြား

ရန်ကုန် မတ် ၅

**မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးဖွင့်လှစ်သည့် ၂၀၁၈ နွေရာသီ လူငယ်ဘောလုံးသင်တန်းကို ယနေ့နံနက်ပိုင်းမှစ၍ ဖွင့်လှစ်ခဲ့ပြီး ကလေးလူငယ် ၆၅၀ ကျော် တက်ရောက်သင်ကြားလျက်ရှိသည်။ ယင်းသင်တန်းကို ရန်ကုန်၊ မန္တလေးနှင့် ပုသိမ်မြို့၌ ဖွင့်လှစ်လျက်ရှိသည်။**

စာမျက်နှာ ၉ ကော်လံ ၁ သို့ ❍

